www.burmeseclassic.com

# မင်းတခေတ်

Min Ta Khit

# တားရော့

TAROT

လုံးချင်းဝတ္ထုသစ်



Strange Love Romance Story

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ
ဒေါ်ခင်မာချို
(ပန်းဝေဝေစာပေ)
အမှတ်(၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်။
အတွင်းနှင့်အဖုံးပုံနှိပ်သူ
Color King ပုံနှိပ်တိုက်
ထုတ်ဝေသည့်အကြိမ်
ပထမအကြိမ်၊ ၂၀၁၂၊ ဩဂုတ်လ
အုပ်ရေ – ၅၀၀ အုပ်
တန်ဖိုး – ၁၃၀၀ ကျပ်
ဖြန့်ချိရေး – **ရှုမဝအုပ်တိုက်**
အမှတ် ၈၇၊ စိန်ခြယ်လမ်း (၅) ရပ်ကွက်၊ ဒဂုံအရှေ့
ဖုန်း - ၀၉-၅၄၀၉၃၂၂၊ ၀၉-၄၉၂၂၀၉၅၉

၈၉၅.၈၃
မင်းတခေတ်
တားရော့ / မင်းတခေတ် ။ - ရန်ကုန်၊
ပန်းဝေဝေ ၊ ၂၀၁၂ ။
၂၅၅ - စာ ၊ ၁၃ × ၂၀ စင်တီ။
(၁) တားရော့

# မင်းတခေတ်

**M i n T a K h i t**

# TAROT

# တားရော့ (လုံး ချင်း ဝ တ္ထု သစ်)

**Strange Love Romance Story**

www.burmeseclassic.com

www.burmeseclassic.com

## မိတ်ဆွေ . . .

သင်သည် ကံကြမ္မာကို ကြိုတင်သိမြင်နိုင်သူတစ်ယောက်ဖြစ်ခဲ့ပါက
သင် ပျော်ရွှင်ကျေနပ်နိုင်မည်လား (သို့) စိတ်ဒုက္ခ ခံစားနေရမည်လား။
အကယ်၍ သင်ဟာ သင့်ရဲ့မကောင်းတဲ့ ကံကြမ္မာတစ်ခုကို
ကြိုတင်သိမြင်ထားခဲ့ရင် သင် ဘာလုပ် မည်နည်း။
ကံကြမ္မာကို ရှောင်လွှဲဖို့ ကြိုးစားမည်လား . . .။
ကံကြမ္မာကို ရင်ဆိုင်ဖို့ ကြိုးစားမည်လား . . .။

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

တက္ကသိုလ်၏ Canteen တစ်ခုတွင် အချစ်ရေးသီးသန့်ကို ငွေကျပ် (၁၅၀၀) သာယူပြီး Tarot card များဖြင့် ကံကြမ္မာကို ဖတ်ပေးသော ကျောင်း သားလေးတစ်ယောက်သည် စားပွဲပေါ်ရှိ အေးစက်တင်းမာနေသော ကော်ဖီ ခွက်ကို တစ်ငုံသောက်ရင်း တစ်စုံတစ်ယောက်အလာကို မျှော်လင့်နေလေ၏။

ညကမက်ခဲ့သော အိပ်မက်ကို သူ ယုံကြည်ပါသည်။ ထို့ကြောင့် [illegible] သူမျှော်နေမိခြင်းလည်း ဖြစ်၏။

ထိုစဉ် ချောမောလှပပြေပြစ်လှသော ကောင်မလေးတစ်ယောက် [illegible]ရှေ့ကို အိပ်မက်ဆန်ဆန်ဝင်ရောက်လာခဲ့သည်။ သူမမျက်ဝန်းတွေက [illegible]တောက်ပလွန်းနေသည်။ ခုံလွတ်တွင် ဝင်ထိုင်ရင်း သူမကပဲ စပြီး [illegible]သည်။

"ကျွန်မက Tarot ကို မယုံဘူး"

"..........."

သူ ... သူမကိုပဲ ကြည့်နေလိုက်သည်။

"ရှင်က ဒီတက္ကသိုလ်ထဲမှာ Tarot ဟောတာ သိပ်မှန်တယ်ဆိုပြီး နာမည်ကြီးနေလို့ ကျွန်မကိုယ်တိုင် လာစမ်းသပ်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



အပြောက ညက်သလို အသံလေးကလည်း ချိုရှနေသည်။ သာမန်အချိန်တွေမှာသာဆိုလျှင် အသားလွတ်လာစော်ကားနေသော သူမကို သူတစ်ခုခုတုံ့ပြန်မိမှာ သေချာနေပေမယ့်လည်း အိပ်မက်အရ သူ့ဘက်က ပြောစရာစကား သိပ်ရှိမနေခဲ့။

"ကောင်းပြီလေ"

သူက Tarot ထုပ်ကို သူမရှေ့သို့ချပေးပြီး ချိုးခိုင်းလိုက်၏။ သူမကလည်း သာသာယာယာပဲ ချိုးသည်။ ကျလာရာ နိမိတ်ပုံကဒ်ကလေးကို သူ လှပ်ကြည့်လိုက်ပြီး လျှို့ဝှက်စွာ ပြုံးနေ၏။ သူမကတော့ ...

"ကျွန်မအတွက် အချစ်ရေးက ဘာကဲ့"

"ဒီ (၇) ရက်အတွင်း ခင်ဗျား ချစ်သူတစ်ယောက်ရလိမ့်မယ်"

"ဘာ !"

သူမ အတော်အံ့အားသင့်သွားပုံရသည်။ တုန်လှုပ်မှုများလည်း မျက်နှာမှာ ထင်ဟပ်နေသည်။ သို့သော် ထိုအဖြေကိုတော့ သူမ ယုံကြည်လက်ခံပုံမပေါ်ပါ။

"ဟုတ်တယ် ... ခင်ဗျားတို့ချစ်သူနှစ်ယောက်ဟာ တစ်ယောက်ကို တစ်ယောက် သိပ်ချစ်ကြလိမ့်မယ်"

"ဘယ်လို ... အဟင်း ဟင်း ဟင်း ... မဖြစ်နိုင်တာဘဲရှင်"

သူမက သူ့စကားကို အကောင်းစားပြက်လုံးတစ်ခု ကြားလိုက်ရသလို ရယ်မောနေသည်ကြောင့် သူတို့ကို စိတ်ဝင်တစား ငေးကြည့်နေကြသည့် အခြားကျောင်းသူကျောင်းသားတွေပင် ကြောင်ငေးနေကြ၏။

"အချိန်က အဆုံးအဖြတ်ပေးသွားပါလိမ့်မယ်၊ နောက် (၇) ရက်ပြည့်တဲ့နေ့ ကျောင်းဆင်းချိန်မှာ ခင်ဗျားနဲ့ကျွန်တော် ဒီ canteen လေးမှာ ပြန်ဆုံကြတာပေါ့၊ အဲဒီနေ့ကျမှပဲ အခု Tarot ဟောခ (၁၅၀၀) ကို ခင်ဗျားပေးပါ၊ အခုတော့ နောက်လူတွေကို ကျွန်တော်ဟောရဦးမှာမို့လို့ ခင်ဗျား





ခဲ့နိုင်ပါပြီ"

"ကောင်းပြီလေ ... အဲဒီနေ့မှာပဲ ဆုံကြတာပေါ့"

ထ,ထွက်သွားသော သူမကျောပြင်လေးကို ငေးကြည့်ရင်း သူ အက်ပြင်းရှည်ကြီးတစ်ခုကို ချလိုက်ပြီး တစ်စုံတစ်ခုကို သူ တွေးနေမိတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com

# (0)

ခြံဝန်းလေးထဲသို့ သူ ခြေတစ်လှမ်း ချလိုက်မိသည်နှင့် အိမ်အဝမှာ ချိတ်ဆွဲထားသည့် ကျွန်းဆိုင်းဘုတ်လေးတစ်ခုကို လင်းလင်းထင်းထင်း တွေ့မြင်လိုက်ရ၏။

ကျွန်းသားကို ပေါလစ်နိုင်နိုင်သုတ်ထားပြီး အဝင်ဝမှာ သေသေသပ်သပ် ချိတ်ဆွဲထားပုံက ထိုအိမ်ကလေး၏အပြင်အဆင်နှင့် လိုက်ဖက်လွန်းလှသည်ဟု သူ့စိတ်ထဲမှာ မှတ်ချက်ပေးလိုက်မိသည်။

ထိုအိမ်ကလေး၏ထူးခြားမှုကတော့ လိုအပ်သည်ထက် ပိုမို တိတ်ဆိတ်လွန်းနေခြင်းပင် ဖြစ်သည်။ တစ်ထပ်ခွဲအိမ်ကလေးဆိုပေမယ့် အတန်အသင့်တော့ ကျယ်ဝန်းသည်ဟု ဆို၍ရပါသည်။ ကျွန်းသစ်သက်သက်ဖြင့် သီးသန့်ဆောက်လုပ်ထားပုံက ဒီခေတ်ကြီးထဲမှာ အတော်ရှားပါးနေပြီဖြစ်သော်လည်း ထိုအိမ်ကလေးကတော့ တကယ် Romance ဆန်လွန်းလှပါသည်။

ခြံဝန်းလေးထဲမှာလည်း မြက်ခင်းစိမ်းစိမ်းတို့အပြင် ပန်းပင်အမြောက်အမြားကိုပါ တွေ့ရ၏။ မြင်လိုက်သည်နှင့် ဂရုတစိုက် ပြုစုပျိုးထောင်ထားမှန်း သိသာလှသည်။ သူ အိမ်ကလေးထဲကို မဝင်ဖြစ်သေးဘဲ ခြံဝန်းထဲမှာ တဒင်္ဂ မတ်တတ်ရပ် ငေးမောရင်း အကဲခတ်ကြည့်နေမိ၏။ တိတ်ဆိတ်မှုထက် အေးချမ်းမှုတို့က သူ့ရင်ထဲကို တိုးဝင်လာခဲ့သည်။





သူ သက်ပြင်းတစ်ချက်ကို ခပ်ဖွဖွမှုတ်ထုတ်ရင်း အိမ်ကလေးအထဲဝင်ဖို့ ခြေလှမ်းစလိုက်သည်။ အဝင်ဝနားရောက်တော့ ထိုကျွန်းဆိုင်းဘုတ်ကလေးကို သူ နောက်တစ်ကြိမ် ထပ်ကြည့်လိုက်မိ၏။

# TAROT

■



www.burmeseclassic.com

www.burmeseclassic.com

သူ ဧည့်ခန်းထဲက ကျွန်းဆက်တီမှာထိုင်ရင်း အိမ်ကလေးထဲကို အကဲခတ်နေမိသည်။ ချိတ်ဆွဲထားသည့် ပန်းချီကားချပ်များ၊ အသက်ဝင် မတတ် ရုပ်လုံးကြွနေသော ပန်းပုရုပ်တုများနှင့် အတော်ကြီးမားသည့် စာအုပ် စင်ကြီးတစ်ခုကို သူ တွေ့ရသည်။

အိမ်ကလေးထဲက ခြံထဲကထက် ပိုမိုအေးချမ်းတိတ်ဆိတ်နေသည်။ အမျိုးအမည်ဖော်ရခက်တဲ့ အကြည့်မာတ်တစ်မျိုးက သူ့ကိုယ်ခန္ဓာကို ရစ် သိုင်းလွှမ်းမိုးထားသလိုလည်း ခံစားနေရသည်။

ငါးမိနစ်ခန့်ကြာမှ သူရှိရာ ဧည့်ခန်းထဲသို့ အသက် (၅၀) ဝန်းကျင် လူတစ်ယောက်က ချောင်းဟန့်သံတစ်ချက်နှင့်အတူ ဝင်ရောက်လာသည်။

အေးချမ်းတည်ငြိမ်လွန်းသော ဥပမိရုပ်ခံနှင့် ထိုပုဂ္ဂိုလ်သည် သူ စုံစမ်းသိထားရသလောက်တော့ ဒီအိမ်ကလေး၏ အရှင်သခင်ပင် ဖြစ်ရမည်။

ပြီးတော့ ဒီအိမ်ကလေးထဲမှာ သူတစ်ယောက်တည်း နေတယ်ဆို တာကို သူသိထားပြီးသား မဟုတ်လား။ နှုတ်ခမ်းမွေး၊ ပါးမြိုင်းမွေးရေးရေး မှအပ လင်းလက်ရှင်းလင်းနေသည့် ထိုပုဂ္ဂိုလ်ဥပမိရုပ်ရည်က မလွဲနိုင်ပါ။

ဒါ . . . သူ တွေ့ချင်နေသည့်လူပဲ ဖြစ်ရမည်။

သူနှင့် မျက်နှာချင်းဆိုင် ကျွန်းကုလားထိုင်မှာ ထိုပုဂ္ဂိုလ်ဝင်ထိုင်ပြီး





သည်အထိ တစ်ယောက်နှင့်တစ်ယောက် ဘာစကားမှ မစဖြစ်ကြသေး အကဲခတ်သလိုသာ စူးစမ်းကြည့်နေကြမိသည်။

ထိုပုဂ္ဂိုလ်၏မျက်ဝန်းတွေက အသက်အရွယ်နှင့် မလိုက်ဖက်လှ အောင် စူးရှတောက်ပလွန်းနေသည်။ ထိုအကြည့်ဒဏ်ကို သူ ရင်မဆိုင်နိုင် သည့်ကြောင့် မျက်လွှာချလိုက်ရသည်။

Mind Reader တစ်ယောက်၊ စိတ်ညို့ပညာရှင်တစ်ယောက်လို အကြည့်တွေက ဘာအပြစ်မှ လုပ်မထားသော်လည်း သူ့ကိုယ်သူ စိုးရွံ့သိမ် ငယ်ပြီး လိပ်ပြာမလုံသလို ခံစားနေရသည်။

အတော်ကလေးကြာမှ ထိုပုဂ္ဂိုလ်က ဩဇာသံအပြည့်ပါသည့် အသံ ထိုင်းတစ်ခုဖြင့် စကားစ၏။

"ဘာကိစ္စများ ရှိပါသလဲ မောင်ရင်လေး"

အသံက ကြည်လင်ပြတ်သားပြီး ဩဇာသံအပြည့် ပျော်ဝင်နေပေ သို့ပေမယ့် အမိန့်သံမဆန်ဘဲ နားထောင်လို့ပင် ကောင်းနေသေးသည်။

"ဟုတ်ကဲ့ . . . ကျွန်တော် ဦးဆီမှာ ပညာသင်ချင်လို့ပါ"

သူ့ရည်ရွယ်ချက်ကို ပြောပြလိုက်တော့ ပထမတော့ ထို ပုဂ္ဂိုလ်ကြီး မျက်မှောင်ကုတ်သွားသည်။ နောက် . . . သူ့ကို စေ့စေ့စပ်စပ် သေသေချာချာ ကြည့်ပြီး ပြုံးနေပြန်၏။

သူ နားမလည်ပေမယ့်လည်း ပြန်လည်စူးစိုက်ကြည့်မိပြီး ထိုပုဂ္ဂိုလ် ၏အဖြေကို ဆိုင်းငံ့နေမိသည်။

"မောင်ရင့်အသက် ငယ်ဦးမယ်ထင်တယ်"

အဆက်အစပ်သိပ်မရှိလှပေမယ့် သူ တရိုတသေ ပြန်ဖြေလိုက်မိ သည်။

"ဟုတ်ကဲ့၊ ကျွန်တော် ဆယ့်ရှစ်နှစ်ပြည့်တော့မှာပါ၊ နောက်လထဲ မှာ ကျွန်တော် တက္ကသိုလ် စတက်ရတော့မှာပါ ဦး၊ ကျွန်တော့်နာမည်က"



www.burmeseclassic.com

www.burmeseclassic.com

ပုဂ္ဂိုလ်ကြီးက လက်ကာပြနေသည်ကြောင့် သူ့စကားစ ပြတ်သွားသည်။ ခဏနေမှ သက်ပြင်းချသံသဲ့သဲ့နှင့်အတူ သူ့ကို မေးလာခဲ့သည်။

"ဦးအတွက် နာမည်တွေက အဓိကမကျလှပါဘူး၊ ဒါပေမဲ့ ဦး တစ်ခုတော့ မောင်ရင့်ကို မေးရလိမ့်မယ်"

သူ အသာနားစွင့်ထားလိုက်သည်။

"ဒီ Tarot ပညာကို မောင်ရင် ဘာကြောင့် သင်ယူချင်ရတာလဲ"

မေးခွန်းအဆုံးမှာ မျက်ဝန်းချင်း ထိပ်တိုက်ဆုံမိကြ၏။ သူ ဘာစကားကိုမှ မပြောဖြစ်သေး။

"ရဲရဲဖြေပါ မောင်ရင်၊ စိတ်ထဲမှာ ခံယူယုံကြည်ထားတဲ့ အမှန်တရားတော့ ဖြစ်ပါစေ၊ ဘာကြောင့်လဲဆိုတော့ မောင်ရင့်အဖြေပေါ်မှာ ဒီပညာသင်ပေး,မသင်ပေး ဆိုတဲ့အချက်က မူတည်နေလို့ပဲ"

သူ အားတင်းပြီး စိတ်ထဲက သူ့ခံယူချက်နှင့် ခံစားချက်အချို့ကို ပြောပြအဖြေပေးလိုက်မိသည်။

"ဟုတ်ကဲ့ပါ ဦး . . . ကျွန်တော်ဖြေပါ့မယ်၊ ပထမဆုံးအနေနဲ့ ကျွန်တော်ဝန်ခံရရင် ကျွန်တော် Tarot ကို မတောက်တခေါက်တော့ ဟောတတ်ပါတယ်၊ Tarot အကြောင်းကိုလည်း အကြမ်းဖျင်းတော့ သိထားပါတယ် ဦး။ ဒါပေမဲ့ ဘုရားတောင် အမှီရှိမှပွင့်တယ်လို့ ဆိုထားတော့ ဒီပညာကို ပေါက်ပေါက်မြောက်မြောက် နားလည်ဖို့အတွက် တကယ်တတ်သိနားလည်တဲ့လူဆီမှာ စနစ်တကျသင်ယူရမယ်လို့ ယုံကြည်လို့ ဦးဆီကို ရောက်လာခဲ့တာပါ"

ထိုပုဂ္ဂိုလ်ကြီးက ခေါင်းတညိတ်ညိတ်နှင့် ဂရုတစိုက် နားထောင်နေ၏။ ဘာတစ်ခွန်းမျှလည်း ဝင်မထောက်ပေ။

"Tarot ကို အဓိကသင်ယူချင်ရတဲ့ အကြောင်းရင်းကတော့ ကျွန်တော် ကံကြမ္မာကို စိတ်ဝင်စားလို့ပါ၊ ပြီးတော့ ဒီကတ်ပြားလေးတွေရယ်, ကံကြမ္မာရယ်, မိမိရဲ့စိတ်ဝိညာဉ်ရယ် ပေါင်းစပ်ပြီးမှ ရလာမယ့်အဖြေတွေနဲ့





ကျွန်တော်အပါအဝင် လူသားတွေကို ကယ်တင်ချင်လို့ပါ ဦး"

"ဒီပညာသင်ဖို့အတွက် မောင်ရင်က ဘာကြောင့် ဦးကို ရွေးချယ်ခဲ့ရတာလဲ၊ တခြား Tarot ဟောဆရာတွေ အများကြီးပဲလေ"

"ဦးနဲ့ Tarot ကတ်တွေက တစ်သားတည်းဖြစ်နေတယ်လို့ ကျွန်တော် ယုံကြည်လို့ပါ ဦး"

ထိုပုဂ္ဂိုလ်ကြီးရဲ့အပြုံးကို သူ ဘာသာမပြန်တတ်ပါ။ ထို့ကြောင့်လည်း ထိုပုဂ္ဂိုလ်ကြီးကို လူထူးဆန်းကြီးဟုဆိုကြတာ ဖြစ်မည်။

"မောင်ရင့်ကို ဦးက ဒီပညာသင်ဖို့အတွက် ငြင်းဆန်လိုက်တယ် ဆိုရင်ရော"

သွေးတိုးစမ်းသလို မေးလာသည့် ပုဂ္ဂိုလ်ကြီးရဲ့စကားကို သူ တည်ငြိမ်အေးဆေးစွာပင် ပြန်ဖြေလိုက်၏။

"ဦး ငြင်းဆန်မှာမဟုတ်ပါဘူး၊ ကျွန်တော့်ကိုသင်ပေးမှာ သေချာပါတယ်"

"ဘာကြောင့် ဒီလောက်သေချာနေရတာလဲ မောင်ရင်"

"ဦးက စိတ်နဲ့ပတ်သက်တဲ့ ပညာရပ်အတော်များများကို ထဲထဲဝင်ဝင် ထွေ့လာကျွင့်ကြံတတ်မြောက်ထားတယ်လို့ ကျွန်တော်သိထားပါတယ်၊ ဒါဆိုတော့ ကျွန်တော့်စိတ်ထဲမှာ ဒီ Tarot ကတ်လေးတွေကို ဘယ်လောက် ...ပ်ဝင်မြတ်နိုးတယ်, ဘယ်လောက် ချစ်ခင်တွယ်တာတယ်ဆိုတာကို ဦး သိပြီးသားဖြစ်မှာပါ"

"ဦးဆီကို မောင်ရင့်လိုပဲ Tarot ပညာသင်ဖို့အတွက် လူငယ်(၁၂)ယောက်တိတိ ရောက်လာခဲ့ဖူးတယ်၊ ဒါပေမဲ့ ဦး တစ်ယောက်မှ သင်မပေးခဲ့ဘူး အခု မောင်ရင်က (၁၃) ယောက်မြောက်ပဲ"

ပုဂ္ဂိုလ်ကြီး၏ စကားအဆုံးမှာ သူက . . .

"ကျွန်တော့်ကို ဦးရဲ့တူသားတစ်ယောက်လို ဆိုဆုံးမပြီး တပည့်



www.burmeseclassic.com

www.burmeseclassic.com



သားမြေးအဖြစ် လက်ခံပေးပါဦး''

ထိုပုဂ္ဂိုလ်ကြီးက သူ့ခြံဝန်းလေးထဲကို ဆွေးဆွေးရီရီ တစ်ချက် ကြည့်လိုက်ပြီး သက်ပြင်းရှည်ကြီးတစ်ခုကို ဖြည်းညင်းစွာ ချလိုက်သည်။

''ဟူး! . . . တကယ်တော့ Tarot ဆိုတာ သင်ယူရမယ့် ဘာသာ ရပ်မျိုး မဟုတ်ပါဘူး မောင်ရင်၊ ဒါပေမဲ့ Tarot က သိမ်မွေ့နူးညံ့တယ်၊ မာကျောတယ်၊ အနုပညာဆန်တယ်၊ ကြောက်စရာကောင်းတယ်၊ နောက် တော့လည်း မောင်ရင် ဒါတွေကို နားလည်လာမှာပါ''

''ဟုတ်ကဲ့''

စကားလုံးအဓိပ္ပာယ်တွေကို သူ တိတိပပ နားမလည်ပေမယ့် ပြန်ပြီး မေးခွန်းမထုတ်ဖြစ်ပါ။ ပုဂ္ဂိုလ်ကြီးရဲ့စကားတွေကိုပဲ ဂရုတစိုက် နားထောင်နေ လိုက်မိသည်။

''အင်းပေါ့လေ . . . လူတွေထဲမှာ နေနေတော့လည်း ထုံးစံအ သိပ်အရေးမပါလှတဲ့ စည်းစနစ်တွေကိုပဲ တကယ့်အရေးကြီးလေဟန်နဲ့ သင် ပြရဦးမှာပေါ့၊ ဒါပေမဲ့ မောင်ရင် မှတ်ထားပါ''

''ဟုတ်ကဲ့ . . . ပြောပါ ဦး''

''Tarot မှာ တကယ်အဓိကကျတာက မိမိရဲ့ အဖြူစင်ဆုံးနှလုံးသား ပဲ''

ပြောပြီး ထိုပုဂ္ဂိုလ်ကြီးက အိမ်ထဲကိုဝင်သွားပြီး ပစ္စည်းတစ်ခုနှ အတူ ပြန်ထွက်လာခဲ့သည်။ ထိုပစ္စည်းလေးကို စားပွဲပေါ်တင်လိုက်တော့ ယွန်းသေတ္တာငယ်လေးတစ်လုံးဖြစ်မှန်း သူ သိလိုက်ရ၏။

ရည်ရွယ်ချက်ကို သူ မသိပါ။ မေးလည်းမမေးဖြစ်ပါ။ သူ့အထ ကတော့ ထိုယွန်းသေတ္တာလေးထဲမှာ အလွန်အဖိုးထိုက်တန်သည့် ရတ ပစ္စည်းတစ်ခုခုဟု ယူဆပါသည်။

ထိုပုဂ္ဂိုလ်ကြီးက ယွန်းသေတ္တာလေးကို အသာဖွင့်လိုက်မှ သူ့အထ





မှားသွားကြောင်း သိလိုက်ရ၏။ ယွန်းသေတ္တာလေးကို ဖွင့်လိုက်သည်နှင့် အမည်မသိတဲ့ မွှေးရနံ့တစ်ခုက သူ့နှာခေါင်းထဲကို တိုးဝင်လာသည်။ သေတ္တာထဲမှာတော့ အစိမ်းရင့်ရောင် ကတ္တီပါသားနှင့် သပ်သပ်ရပ်ရပ်ထုပ်ပိုး ထားသည့် Tarot ကတ်များ။

''လူက ပိုက်ဆံကိုခင်တွယ်မှ ပိုက်ဆံကလည်း လူကို ခင်တွယ် တယ်ဆိုတဲ့ ဒဿနကို မောင်ရင်လက်ခံလား''

အဆက်အစပ်မရှိလှသည့် အမေးကြောင့် ရုတ်တရက် သူ ကြောင် သွားသည်။ ပြီးမှ သူ ခေါင်းညိတ်အဖြေပေးလိုက်၏။

''အဲသလိုပဲပေါ့၊ စည်းမျဉ်းတွေအရ မဟုတ်ပေမယ့် ဦးက ဒီကတ် လေးတွေကို တရိုတသေ အမြတ်တနိုးနဲ့ သပ်သပ်ရပ်ရပ်ပဲ ထားတယ်၊ ဒါလည်း သူနဲ့ တစ်သားတည်းဖြစ်မှာလေ''

''ဟုတ်ကဲ့''

''ဦး ဒီပညာတွေ မောင်ရင့်ကို သင်ပေးပါ့မယ်၊ မောင်ရင်ဟာ ဦးရဲ့ ပထမဦးဆုံး သားတပည့်ဖြစ်သလို နောက်ဆုံးသောသူလည်း ဖြစ်တယ်၊ နေ့တော့ မောင်ရင့်ကို နေ့စဉ် Tarot ကတ်တစ်ကတ်အကြောင်းကို သင်ကြား သွားမယ်၊ အဲ . . . ပြီးတော့ ပုံပြင်ရှည်ကြီးတစ်ပုဒ်ကိုလည်း နေ့စဉ်ပြောပြဦး မယ်၊ တိတိကျကျပြောရရင်တော့ Tarot ကပြောတဲ့ ကံကြမ္မာကို ဆန့်ကျင် ချင်သဲ့ဖို့ ကြိုးစားလို့ ကျိန်စာသင့်သွားတဲ့ ချစ်သူနှစ်ယောက်ရဲ့ ပုံပြင်လေး ပေါ့၊ ဦး ဘာကြောင့် မောင်ရင့်ကို ဒီပညာသင်ဖို့အတွက် လက်ခံလိုက်သလဲ သိလား''

သူ ခေါင်းပဲ ယမ်းပြမိသည်။ ထိုပုဂ္ဂိုလ်ကြီးရဲ့စကားတွေက စိတ်ဝင် စားဖို့ကောင်းပေမယ့် သူ ဘာကိုမှ သဘောမပေါက်နိုင် ဖြစ်နေရ၏။

''အေး . . . မောင်ရင့်ခံယူချက်တွေနဲ့ မောင်ရင်က ဦးငယ်ငယ်က အတိုင်း ဖြစ်နေလို့ပဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

သူ မေးခွန်းတစ်ခုခု မထုတ်လိုက်ရခင်မှာပင် ထိုပုဂ္ဂိုလ်ကြီးက ဆက်ပြောပြသည်။

"ဦးအသက်က အခု (၅၃) နှစ်၊ ဦးအသက် (၁၈) နှစ်အရွယ် မောင်ရင့်အရွယ်လောက်ကပေါ့ကွာ၊ ဦးလက်ထဲကို ဒီ Tarot ကတ်ပြား ကလေးတွေ America ကနေ ရောက်လာခဲ့တယ်၊ ဦးအဖေက နိုင်ငံခြား သင်္ဘောအရာရှိတစ်ယောက်ဆိုတော့ ဦးလိုချင်သမျှ၊ မှာသမျှကို ပို့ပေးခဲ့တယ် လေ၊ ဒီကတ်ကလေးတွေ ဦးနဲ့အတူ နေခဲ့တာ (၃၅) နှစ်ကျော်ပြီ၊ မောင်ရင် ယုံကြည့်လို့ရပါတယ်၊ ကြည့်ပါ"

ခွင့်ပြုချက်ရသည်နှင့် သူ အမြန်ကောက်ကိုင်လိုက်မိသည်။

"ဟင်!"

ဘာကြောင့်မှန်းမသိ။ ကတ်ကလေးကို ထိမိသည်နှင့် ဓာတ်လိုက် သလို ကျဉ်ခနဲ ခံစားလိုက်ရသည်။ သူ သေသေချာချာ အနီးကပ်ကြည့်ပြီး . .

"ဦး . . . ဒါ Tarot card အစစ်တွေပဲ၊ ဒီကတ်တွေက ခေါက်ရိုး မကျိုးဘူး၊ ရေစိုခံတယ်၊ အလင်းရောင်မရှိတဲ့နေရာတွေမှာပါ ကတ်တွေကို ကြည့်လို့ရတယ်၊ ဟုတ်တယ်မဟုတ်လား ဦး"

ဟု အလောတကော မေးလိုက်မိ၏။

"သိပ်ဟုတ်တာပေါ့ မောင်ရင်ရယ်"

"ကျွန်တော် လိုက်ရှာပေမယ့် ဘယ်မှာမှ မရခဲ့ဘူး။ ဒါကြောင့် Tarot card အတုတွေကိုပဲ ဝယ်ထားရတယ်"

သူ့စကားကို ထိုပုဂ္ဂိုလ်ကြီးက အပြုံးနှင့်ပင် တုံ့ပြန်နေ၏။

ပြီးမှ . . .

"တကယ်တော့ မောင်ရင်ရယ် . . . အတုတွေ အစစ်တွေက အဓိက မကျလှပါဘူး။ ကတ်အပေါ်မှာထားတဲ့ မိမိရဲ့ ယုံကြည်သက်ဝင်မှုနဲ့ စိတ်နှလုံး





သားတာသာ အဓိကပါ မောင်ရင်၊ ကဲ . . . မောင်ရင်နဲ့ ဦးရဲ့ ကံကြမ္မာကို ကြည့်ကြည့်လိုက်ရအောင်"

"ဗျာ!"

ရုတ်တရက်မို့ သူ နားမလည်ဖြစ်သွားသည်။ ပြီးမှ သဘောပေါက် သွားရ၏။

ပုဂ္ဂိုလ်ကြီးကတော့ Tarot ကတ်တွေကို အသာအယာ ကောက်ယူ ထိုက်ပြီး မျက်လုံးမှိတ်ကာ တစ်ခုခုကို အသံတိတ်ရွတ်ဆိုနေသည်။ နောက် . . . တတ်ကလေးတွေကို သေသပ်ကျွမ်းကျင်စွာ မွှေနှောက် ကုလားဖန်ထိုး ထိုက်ပြီး –

"ချိုးလိုက်ပါ မောင်ရင်"

သူ အလိုက်သင့်ချိုးပေးလိုက်၏။ ဘာကြောင့်မှန်းမသိ သူ့ ရင်တွေ ခုန်နေသည်။ သူနှင့်ထိုပုဂ္ဂိုလ်ကြီးတို့ရဲ့ ကံကြမ္မာက ဘယ်လိုများလဲ။

သူ တကယ်ပဲ စိတ်လှုပ်ရှားနေမိပါသည်။

ထိုပုဂ္ဂိုလ်ကြီးက Tarot ကတ်တစ်ခုကို သူ့ရှေ့မှာ မှောက်လျက် သား အသာချပေးထားသည်။ ကတ်ကိုမလှန်ဖြစ်သေးဘဲ ပုဂ္ဂိုလ်ကြီးက . .

"လူတစ်ယောက်က သူ့ကံကြမ္မာကို ကြိုတင်သိခွင့်ရနေတာကို ကံကောင်းတယ်လို့ သတ်မှတ်မလား, ကံဆိုးတယ်လို့ သဘောထားမလား မောင်ရင်"

"ဗျာ!"

သူ ဒုတိယအကြိမ် ဗျာမိပြန်သည်။

ဟုတ်တယ်လေ . . .။ မေးခွန်းတွေက အခြေအနေနဲ့ ကွာဟလွန်း နေတာကို။ ဒါပေမဲ့ သူ စိတ်ထဲရှိတဲ့အတိုင်း အဖြေပေးလိုက်ပါသည်။

"ကျွန်တော့်သဘောကတော့ ကိုယ့်ကံကြမ္မာကို ကိုယ်ကြိုသိနေ တာ မကောင်းဘူးလို့ ထင်ပါတယ် ဦး။ ဒါမှလည်း လူ့ဘွဲ့ထဲမှာ လူသား



www.burmeseclassic.com

www.burmeseclassic.com



ဆန်မှာပေါ့''

''မှန်တယ်၊ မောင်ရင့်အဖြေကို ဦး လက်ခံပါတယ်၊ လူတစ်ယောက်က မနက်ဖြန်မှာ ကိုယ် ဘာဖြစ်မယ်ဆိုတာကို ကြိုသိနေရင် ဘယ်ရင်ခုန်စရာကောင်းတော့မလဲ၊ ဒါပေမဲ့ လူအများစုကတော့ ဒီအဖြစ်ကို ကံကောင်းတယ်လို့ ယူဆကြလိမ့်မယ်၊ သူတို့က မနက်ဖြန်ကို ကြိုသိခွင့်ရနေကြတာကိုး။ ဒါပေမဲ့ အချိန်ကြာလာတာနဲ့အမျှ သူတို့ဟာ သူတို့ရဲ့မနက်ဖြန်တွေကို ကြိုမသိချင်ကြတော့ဘူး၊ သိရမှာကို ကြောက်ရွံ့လာကြတယ်''

ပုဂ္ဂိုလ်ကြီးရဲ့ အထူးအဆန်းစကားတွေကို သူ စိတ်ဝင်တစား နားထောင်နေ၏။

''ဘာကြောင့်လဲဆိုတော့ သူတို့ဟာ မနက်ဖြန်တွေကို ကြိုတင်သိခွင့်ရနေတာဟာ သူတို့အတွက် ကောင်းကျိုးထက် မကောင်းကျိုးတွေကပိုများတယ်ဆိုတာကို သဘောပေါက်လာကြလို့ပဲ မောင်ရင်''

ပြောပြီး ပုဂ္ဂိုလ်ကြီးက သက်ပြင်းဖွဖွ တစ်ချက်ချလိုက်ပြီး ဆက်ပြောပြ၏။

''ဒီ Tarot ကတ်တွေကလည်း လူတစ်ယောက် ဒါမှမဟုတ် မိမိရဲ့ ကံကြမ္မာတွေ, မနက်ဖြန်တွေကို ကြိုတင်သိခွင့်ရစေတဲ့ ပညာရပ်တစ်ခုပဲလေ၊ ဒီလို ကြိုတင်သိခွင့်ရတာဟာ မကောင်းဘူးလို့ မောင်ရင် လက်ခံထားရဲ့နဲ့ ဘာကြောင့် ဒီပညာကို သင်ချင်နေရတာလဲ''

တဒင်္ဂ မျက်လုံးချင်းဆုံမိသွားကြသည်။ ခဏနေမှ သူ ခပ်အေးအေးပင် ဖြေပေးလိုက်သည်။

''ကျွန်တော်က ဦးငယ်ငယ်ကနဲ့ တူလို့နေမှာပေါ့''

သူ့အဖြေကြောင့် ထိုပုဂ္ဂိုလ်ကြီး ပြုံးသွားသည်။ ပြီး ... ဘာမေးခွန်းမှ ထပ်မမေးတော့ဘဲ သူ့ရှေ့က Tarot ကတ်ကလေးကို လှန်ဖို့အတွက် မေးဆတ်၍ပင် ပြ၏။





သူ့ရှေ့က ကတ်ကလေးကို လှန်ဖို့အတွက် သူ အားမွေးလိုက်သည်။ ကတ်က သူနဲ့ ပုဂ္ဂိုလ်ကြီးတို့ရဲ့ ကံကြမ္မာပဲလေ။

ဒီကတ်ရဲ့အဖြေက ဘာဖြစ်မလဲ ... ?

ဒီကတ်က ဘာလဲ ... ဘယ်လိုများလဲ ... ?

သူ မျက်စိမှိတ်ပြီး ထိုကတ်ကလေးကို လှန်ကြည့်လိုက်၏။ ထိုကတ်ရုပ်ပုံလေးမှာကား ...

■



www.burmeseclassic.com

www.burmeseclassic.com




| | | |
|---|---|---|
| မြန်မာ | - | အရူး |
| ENGLISH | - | The Fool |
| ITALIAN | - | LL Matto |
| FRENCH | - | Le Mat |
| GERMAN | - | Der Narr |

# (A)

တစ်ခါတုန်းက တက္ကသိုလ်တစ်ခုတွင် Tarot ဟောသော ကောင်လေးတစ်ယောက် ရှိခဲ့ဖူးသည်။ ထိုကောင်လေးသည် Tarot ကတ်ကလေးတွေကို အသက်တမျှ ယုံကြည်ကိုးစားသူဖြစ်ပြီး Tarot အပေါ် သစ္စာရှိလွန်းသူတစ်ဦးလည်း ဖြစ်သည်။

Tarot သည် သူကိုယ်တိုင်ဖြစ်ပြီး သူကိုယ်တိုင်သည်ပင် Tarot ဖြစ်၏။

■



www.burmeseclassic.com

www.burmeseclassic.com

# (I)

"ပပ ... ဟို Canteen က စားပွဲဝိုင်းမှာ လူတွေအုံနေတယ်၊ ဘာတွေဖြစ်နေကြတာလဲ"

သူမရဲ့အမေးကို ပပက ပြုံးစစဖြင့် ...

"ဩော် ... ဟုတ်ပါရဲ့၊ ကေရီက ဒီနှစ်မှ ကျောင်းပြောင်းလာတာဆိုတော့ ဒါတွေကို ဘယ်သိဦးမလဲ"

"ဘာတွေလဲ ပပရယ် ... ပြောမှသာ ပြောစမ်းပါ"

သူမရဲ့ပင်ကိုစရိုက်အတိုင်း စိတ်မြန်လက်မြန်ပင် ပြန်မေးလိုက်၏။

"ဟုတ်ပါပြီ ကေရီရယ် ... ပြောပါ့မယ်၊ ဒီတက္ကသိုလ်ထဲမှာ သစ်ကိုဆိုရင် မသိတဲ့လူ မရှိဘူး"

"ဘာလဲ ... သစ်ကိုဆိုတာ"

"ကေရီရယ် ခက်လိုက်တာ၊ သစ်ကိုဆိုတာ လူပေါ့ဟဲ့"

"ဒါဆို လူနာမည်ကိုက သစ်ကိုပေါ့"

သူမရဲ့စစ်စစ်ပေါက်ပေါက်အမေးကို ပပ တကယ်ပဲ စိတ်ညစ်သွားမိသည်။

"ဟုတ်တယ်၊ သူ့နာမည်က သစ်ကို၊ ဆိုက်ကိုဖိုင်နယ်က"

"ပပ ... ငါမေးတာက ဟို Canteen က လူစုစုအကြောင်းနော်၊





ဘာလိုလို၊ညာလိုလို နာမည်ပိုင်ရှင်အကြောင်း မဟုတ်ဘူး"

"နင်နဲ့တော့ ရှုးချင်တာပဲ ကေရီရယ်၊ ငါလည်း အခု နင်မေးတဲ့အကြောင်း ပြောနေတာပဲလေ"

"နင်ပဲ ဆိုက်ကိုက သစ်ကိုဆို"

"အေးလေ ... အခု လူတွေအုံနေကြတာ သစ်ကိုပဲလေ"

"ဘယ်လို"

ဒီတစ်ခါတော့ ပပအဖြေကြောင့် သူမ တကယ်ပဲ စိတ်ဝင်စားသွားသည်။

"နေစမ်းပါဦး ... သူ့ကို ဘာလို့ လူတွေအုံနေကြရတာလဲ၊ ဘာလဲ သူက မျက်လှည့်ပြတတ်လို့လား"

သူမအပြောကို ပပက အရယ်တစ်ဝက်ဖြင့် ...

"ကေရီ ... နင်ဟာလေ အရင်ကအတိုင်းပဲ တစ်ခုခုဆို နင်ထင်ရာ ထုပ်စွတ်ပြောတော့တာပဲ၊ ဘယ်တော့မှ အကြောင်းရင်းကို မစုံစမ်းဘူး"

"ငါပြောတာ မဟုတ်လို့လား၊ ဒီလိုနေရာမျိုးမှာ ကျောင်းသူကျောင်း တွေအုံနေမှတော့ သူ မျက်လှည့်ပြနေတာ မဖြစ်နိုင်ဘူးလား"

"အေးပေါ့လေ ... နင်က ဒီနေ့မှ ကျောင်းပြောင်းပြီး စတက်ရ ဆိုတော့ ဒါကို အထူးအဆန်းဖြစ်နေမှာပေါ့၊ နောက်တော့လည်း ဒီမြင် ကို နင် ရိုးသွားမှာပါ ကေရီ"

"ပပ ... နင့်စကားက ဘာလဲဟ၊ နင်ပြောပုံအရ အဲဒီ သစ်ကို ဆိုတဲ့လူကို နေ့တိုင်း လူတွေက ဝိုင်းနေတယ်ဆိုတဲ့သဘောလား"

သူမအမေးကို ပပက ...

"အေး ... ဟုတ်တယ်၊ ဒါပေမဲ့ အချိန်ပြည့်တော့ မဟုတ်ပါဘူး၊ သို မနက်ခင်းတစ်ချိန်ရယ်၊ နေ့ခင်းတစ်ချိန်ရယ်ပဲ သူ့ကို လူတွေအုံကြ တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘာလဲ၊ ဘာကြောင့်လဲ၊ သူမ မတွေးတတ်တော့ပါ။ သို့နှင့် ထုံးစံအတိုင်း သူမ,ထင်ရာတွေကို ပြောလိုက်ပြန်၏။

"ဘာလဲ ... သစ်ကိုက ဒီလိုပဲ သူငယ်ချင်းတွေကိုစုပြီး အထူးအဆန်းပုံပြင်တွေ ပြောပြောပြနေလို့လား"

"နင်ပြောတာတွေ တစ်ခုမှမဟုတ်ဘူး ကေရီ၊ ဒီတော့ နှင့်ပါးစပ်ကို ပိတ်ပြီး ငါပြောတာကို ခဏလေးနားထောင် ... ဟုတ်ပြီလား"

ကိုယ့်အပြစ်နှင့်ကိုယ်မို့ သူမလည်း အသာငြိမ်နေပေးလိုက်သည်။ ပပက ...

"ဒီတက္ကသိုလ်ထဲမှာတော့ သစ်ကိုက နာမည်ကြီးပဲ၊ ပြီးတော့ နင်ပြောသလို သူ့မှာ သူငယ်ချင်းအများကြီးလည်း မရှိဘူး၊ ရှားရှားပါးပါး တစ်ယောက်ပဲရှိတယ်၊ အဲဒီလူနာမည်က အေးမင်းသူတဲ့၊ သူကတော့ လူအေးတစ်ယောက်ပါ"

"ငါမေးတာက"

သူမ အမေးစကားမဆုံးခင်မှာပင် ပပက ဖြတ်ပြောလိုက်၏။

"သစ်ကိုက အင်မတန် စကားနည်းပြီး အနေအေးတဲ့ လူထူးလူဆန်းတစ်ယောက်ပဲ ကေရီ၊ သူ့မှာ မိဘတွေ မရှိတော့ဘူး ... တစ်ကောင်ကြွက်ပေါ့၊ သူ့ကျောင်းစရိတ်ကို သူ့ဘာသာရှာပြီး ကျောင်းတက်နေရတယ်လေ၊ အခုလည်း သူ့အတွက် သူ အလုပ်လုပ်နေတာပါ"

"ဘယ်လို ပပ ... အခု သူ အလုပ်လုပ်နေတာ ... ဟုတ်လား"

သူမ မနေနိုင်၍ ဝင်မေးလိုက်သည်။ ပပက ...

"အင်း ... ဟုတ်တယ်၊ သူ အလုပ်လုပ်နေတာ"

"ဘာအလုပ်လဲ"

"Tarot ကတ်တွေနဲ့ ကံကြမ္မာဖတ်တဲ့အလုပ်"

စကားအဆုံးမှာတော့ သူမမျက်နှာလေး ရှုံ့တွသွားသည်။ ပြီးမှ





"အမယ်လေး ပပရယ် ... ငါ့မှာတော့ ဘာအထူးအဆန်းများ ပါလို့ စိတ်ဝင်စားလိုက်ရတာ၊ ဗေဒင်ဟောရင်လည်း ဟောတယ်ပြောရင် ပြီးတာပဲကို၊ ထင်တော့ ထင်ပါတယ်လေ ... ဆိုက်ကိုကဆိုတော့ ဂေါက်ဂေါက်တောက်ပဲနေမှာပေါ့၊ ငါကတော့ ဗေဒင်တွေ, ယတြာတွေ ဘာမှ ယုံကြည်မရှိဘူး ပပ၊ အဲလိုသူတွေကိုလည်း လုံးဝ အထင်မကြီးဘူး"

"နင်ထင်သလို သစ်ကိုက ဗေဒင်ဟောနေတာ မဟုတ်ဘူး၊ Tarot ကတ်တွေနဲ့ ကံကြမ္မာကိုပြောနေတာ"

"မကြောင်စမ်းပါနဲ့ ပပရာ ... အတူတူပါပဲ၊ အလကား လျှောက်ပြီး လျှောက်ရှီးနေတာကို အဟုတ်မှတ်နေကြတာ"

"ထင်ရာတွေကို လက်လွတ်စပယ် မပြောစမ်းပါနဲ့ ကေရီရာ၊ သစ်ကို နင်ထင်သလို လူလိမ်လူညာမဟုတ်ဘူး၊ နောက်ပြီး သူ့ဟောချက်တွေက လည်း လွဲတယ်ဆိုတာ မရှိခဲ့ဖူးသေးဘူး၊ ဒါကြောင့်လည်း ဒီလောက် လူစည်နေတာပေါ့၊ နောက်ပြီး သစ်ကိုက အခုမှ Tarot ဟောတာမဟုတ်ဘူး၊ First year ကတည်းက ဟောလာခဲ့တာ၊ ဒီနှစ်ရောဆို ဒီတက္ကသိုလ်မှာ သူဟောတာ (၃) နှစ်ရှိနေပြီ၊ တစ်နေ့ကိုလည်း လူ (၁၁) ယောက်ပဲ ဟောတယ်၊ မနက်ပိုင်း ကျောင်းမတက်ခင် (၅) ယောက်၊ နေ့ခင်းအတန်းအားချိန် (၆) ယောက်"

"ဟွန်း!"

ပပစကားတွေကို သူမက အရေးမစိုက်သလိုလုပ်ပြီး နားထောင် နေ၏။

"ဒါတောင် ကြိုတင်ဘိုကင်လုပ်ထားမှ ရတာနော်၊ သစ်ကိုက သူ့ပညာကို မယုံသလို ပညာစမ်းချင်သလိုလူတွေ အထူးသဖြင့် နင့်လိုလူတွေ ဆိုရင်တော့ ဟောမှာမဟုတ်ဘူး၊ ... အဲလိုလူတွေကို လုံးဝဟောတာ မဟုတ်ဘူး၊ ဟောရင်လည်း အလောင်းအစားကြီးကြီး တစ်ခုပါမှ"



www.burmeseclassic.com

www.burmeseclassic.com



သူမ သစ်ကိုပုံစံကို စိတ်ဝင်စားမိတာတော့ ဝန်ခံပါသည်။

သူက ဘယ်လိုလူမျိုးများလဲ။

"သစ်ကိုက အချစ်ရေးသီးသန့်ပဲ ပေါတယ်၊ ဉာဏ်ပူဇော်ခက တော့ (၁၅၀၀) ပေးရတယ်"

"အင်း ... တစ်နေ့ကို (၁၆၅၀၀) ပုံမှန်ဝင်တယ်ဆိုတော့ ဝင်ငွေက တော့ မဆိုးပါဘူး၊ တစ်လဆိုရင် ငွေလေးသိန်းခွဲလောက် ရနေတာပဲ ... နိုင်သားပဲ"

သူမရဲ့ပေါ့ပျက်ပျက် ခနဲ့တဲ့တဲ့ ပြောစကားကို ပပက ...

"နင်ဟာလေ တကယ်ပဲ၊ အေးပါ ... နောက်တော့ နင် သိလာ မှာပါ၊ သစ်ကိုရဲ့အကြောင်းကို"

"ဘာကိုပြောတာလဲ ပပ"

"တစ်ခါတုန်းက နင့်လိုပဲ မယုံလို့ဆိုပြီး သစ်ကို့ကို သွားရစ်တဲ့ ကျောင်းသားတစ်ယောက် ရှိခဲ့ဖူးတယ်ဟ"

"အလဲ့ ... ပြောစမ်းပါဦး ပပ၊ ငါ စိတ်ဝင်စားလာလို့"

သူမရဲ့ ကလိတိတိပြောစကားကို ပပက တုံ့ပြန်မနေတော့ဘဲ ထ ချိန်က အဖြစ်အပျက်တစ်ခုကို ပြောပြလိုက်လေတော့သည်။

■



# (B)

သစ်ကို ဒုတိယနှစ်တွင် ဖြစ်သည်။ ထုံးစံအတိုင်း Canteen မှာ ထိုင်နေရိုက် Maths Final မှ ဝေဖြိုးဆိုသည့် ကျောင်းသားတစ်ဦး ရောက် လာခဲ့သည်။

"ငါ့ညီနာမည်က သစ်ကိုနော်"

"..........."

"ဒီကျောင်းထဲမှာတော့ ငါ့ညီက Star ပဲ၊ ငါ့ညီရဲ့ ကတ်အဟော ဆွာ အရမ်းမှန်တယ်ဆိုပြီးတော့ပေါ့လေ"

"ဒါကတော့ မေးသူရဲ့ယုံကြည်မှုအလိုက် အကျိုးပေးတာပါပဲ"

"ပွင့်ပွင့်လင်းလင်းပြောရရင် ကိုယ်ကတော့ လက်တွေ့သမားကွ၊ ဒီဟာတွေကို အယုံအကြည်မရှိဘူး၊ အဓိပ္ပာယ်မရှိဘူးလို့လည်း ကိုယ်ထင် တယ်"

ကိုယ့်ရှေ့မှာ တည့်တည့်ထိုင်ပြီး ကိုယ့်ကို တိုက်ရိုက်စော်ကားနေ သည်ကို သူ မနည်းသည်းခံ ကြိတ်မှိတ်နေလိုက်ရသည်။

အပြုံးတစ်ခုကို သူ အမြန်ဆုံး ဖန်ဆင်းလိုက်ပြီး လေသံခပ်အေး အေးနှင့် ...

"ဟုတ်ကဲ့ ... လွတ်လပ်စွာ သဘောထားကွဲလွဲခွင့် ရှိပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကလည်း ကျွန်တော့်ပညာကို မယုံကြည်တဲ့လူတွေကို ကြည့်မပေးတတ်ပါဘူး။ အစ်ကို ပြန်နိုင်ပါပြီ၊ ကျွန်တော် နောက်လူတွေကို ကြည့်ပေးရဦးမှာမို့ပါ၊ ကျေးဇူးတင်ပါတယ်''

ပြောပြီး မျက်ဝန်းချင်း ဆုံမိကြ၏။

''ဒါဆိုရင် . . . ငါ့ညီ ဒီကျောင်းထဲမှာ တခြားလူတွေကို လိမ်ညာပြီး ဗေဒင်ဟောမနေနဲ့တော့ပေါ့''

စကားအဆုံးမှာ သူ ဝေဖြိုးကို စူးစူးရဲရဲတစ်ချက် စိုက်ကြည့်လိုက်ပြီး . . .

''ကျွန်တော် ဗေဒင်ဆရာမဟုတ်ပါဘူး။ Tarot card ကလေးတွေနဲ့ ကံကြမ္မာဖတ်ပြီး ကူညီနေတာပါ၊ ပြီးတော့ ဒီအလုပ်က ကျွန်တော့်ရဲ့ဘဝပါ အစ်ကို၊ ကျွန်တော် ဘယ်တော့မှ လိမ်ညာမပြောတတ်ပါဘူး''

ဝေဖြိုးက ခနဲ့သလို ဟက်ခနဲ ရယ်လိုက်သေးသည်။ အခြား ကျောင်းသူကျောင်းသားတွေကလည်း ဘာဆက်ဖြစ်မလဲဆိုတဲ့အတွေးနဲ့ စိတ်ဝင်တစား စောင့်ကြည့်နေကြသည်။

ဒီကျောင်းထဲမှာ ဝေဖြိုးဆိုသူကလည်း ''ရစ်ကြီး'' ဆိုပြီး သတင်းကြီးနေခဲ့သူ မဟုတ်လား။

''ငါ့ညီ လိမ်ညာမဟောဘူးဆိုတာကို ကိုယ် ဘယ်လိုယုံရမလဲ''

မေးခွန်းက သူ့ပညာကို မလေးစားမှုနှင့် သူ့ကို လူအများရှေ့မှာ စိန်ခေါ်မှုတို့ အထင်းသား ပေါ်လွင်လှ၏။ သူ ဒီလိုလူမျိုးများကို စကားနည်းရန်စဲလုပ်ဖို့ မရည်ရွယ်ပါ။

ထို့ကြောင့် . . .

''ချီးလိုက်ပါ အစ်ကို''

သူ့လုပ်ရပ်ကြောင့် ဝေဖြိုးပင် ကြောင်သွားသည်။ ပြီးမှ သဘောပေါက်သွားကာ –





''ဩော် . . . ကိုယ့်ညီက ကိုယ့်ကိုပါ ဗေဒင်ဟောပေးမလို့လား ဟား ဟား . . . ရပါတယ်လေ၊ အပျော်ပေါ့၊ ကိုယ်လည်း ပျင်းနေတာနဲ့ တော်ပဲ''

''ကျွန်တော့်ခံယူချက်မှာ အပျော်သဘောနဲ့ အပျင်းပြေဆိုတာ မရှိဘူး ဗျ၊ ဒါပါလေ . . အစ်ကိုက ကျွန်တော့်ပညာကို မယုံကြည်ဘူးမဟုတ်လား''

ဝေဖြိုးက နိုင်ငံခြားမင်းသားအချို့ လုပ်နေကျအတိုင်း လက်နှစ်ဖက် ပြီး မျက်ခုံးပင့်ပြ၏။

သူက မက်ကတ်ရှင်လိုက်ပြီး ကြည့်နေကြသည့် ကျောင်းသူ ကျောင်းသားတွေကို ပြောလိုက်သည်။

''ဟုတ်ကဲ့ခင်ဗျာ . . . ဒီက အစ်ကိုက ကျွန်တော်နဲ့ ဟောဒီ card ကလေးတွေကို မယုံကြည်ပါဘူး။ လိမ်ညာနေတယ်လို့ ထင်နေပါတယ်၊ ဒါကြောင့် ဒီအစ်ကိုအပါအဝင် တခြားသူတွေပါ အမြင်ရှင်းသွားအောင် ကျွန်တော် အလောင်းအစားပွဲလေးတစ်ခုကို ဒီလူတွေရှေ့မှာ လုပ်ချင်ပါတယ်''

စကားစကိုဖြတ်ပြီး အားလုံးကို သူ အကဲခတ်သလို တစ်ချက်ဝေ့ကြည့်လိုက်သည်။ အားလုံး သူ့အဆိုကို စိတ်ဝင်စားနေမှုကြောင့် ကျေနပ်သွားကာ ဆက်ပြောလိုက်၏။

''ဟုတ်ကဲ့ . . . ပွဲလေးက ဒီလိုပါ၊ ကျွန်တော်က ဒီအစ်ကို့ကို ဖဲတစ်ချပ်ယူစေပြီး ဒီနေ့မှာ ကြုံတွေ့ရမယ့်အဖြစ်အပျက်တစ်ခုကို ဟောပါ့မယ်၊ အကယ်၍ ကျွန်တော်ဟောတာ မှားတယ်ဆိုရင် ဒီနေ့ကစပြီး ကျွန်တော် Tarot card ကလေးတွေကို တစ်သက်လုံး မကိုင်တွယ်တော့ပါဘူး၊ ပြီးတော့ ကျွန်တော့်ကိုလည်း ဒီအစ်ကိုထင်သလို လူလိမ်လူညာတစ်ယောက်လို့ သတ်မှတ်လိုက်ပါ''

မထင်မှတ်ဘဲ ပွဲလေးက အတော်စိတ်ဝင်စားဖို့ ကောင်းလာသည်။ တခြားသူတွေအတွက် သာမန်အလောင်းအစားပွဲလေးတစ်ခု ဆိုပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



Tarot ကို အသက်တမျှ ချစ်မြတ်နိုးလွန်းတဲ့သူ့အတွက်ကတော့ အလျော်
အစား ကြီးမားလွန်းပါသည်။

ဒီပွဲထဲမှာ သူ့ဂုဏ်သိက္ခာ၊ သူ့မာနတွေကို လောင်းကြေးထပ်ထားခဲ့
ရသည် မဟုတ်ပါလား။

"အဲ ... ကျွန်တော့်အဖြေတွေ မှန်ခဲ့ရင်တော့"

ဝေဖြိုးအပါအဝင် အားလုံးစိတ်ဝင်စားနေကြ၏။

"ပြောပါ ... ကိုယ် ဘာလုပ်ပေးရမလဲ"

ဝေဖြိုးက ဝင်ထောက်တော့ သူက အပြုံးတစ်ဝက်နှင့် ...

"ကျောင်းဝမှာ "ကျွန်တော်သည် နောင်တစ်သက်လုံး ကိုယ်မတတ်
မြောက်သည့် မည်သည့်ပညာရှင်ကိုမှ မစော်ကားတော့ပါ။ ယခုလည်း ကျွန်
တော့်အမှားအတွက် သစ်ကိုနှင့်အတူ Tarot card ကလေးများကို အနူ
အညွှတ်တောင်းပန်ပါသည်" ဆိုတဲ့ စာတန်းကို ချိတ်ဆွဲပြီး တစ်နေကုန်
မတ် တတ်ရပ်နေရမယ်"

"မျှတပါတယ်"

"ကောင်းတယ်ဗျို့"

"..........."

စသည့် ထောပနာသံတို့အဆုံးမှာ သူက "ဘယ်လိုလဲ" ဟု မေး
လိုက်တော့ ဝေဖြိုးက အားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်၏။ ပြီးမှ ...

"Ok လေ ... ကိုယ်သဘောတူတယ်၊ အားလုံးရှေ့မှာဆိုတော့
သက်သေပိုခိုင်လုံတာပေါ့၊ လုပ်ပါ"

သူ့ မေးဆတ်ပြတော့ ဝေဖြိုးက Tarot card တွေကို စိတ်ကြိုက်
ချိုးလိုက်၏။ သူက အပေါ်ဆုံးကတ်တစ်ခုကို ဆွဲလှန်လိုက်၏။

အားလုံးကလည်း ရင်ခုန်စိတ်လှုပ်ရှားနေကြသည်။ ကတ်ကလေးရဲ့
နိမိတ်ပုံကတော့ ...






| | | |
|---|---|---|
| မြန်မာ | - | မှော်ပညာရှင် |
| ENGLISH | - | The Magician |
| ITALIAN | - | LL Bagato |
| FRENCH | - | Le Bateleur |
| GERMAN | - | Der Gaukler |

www.burmeseclassic.com

www.burmeseclassic.com

အားလုံးက သူ့စကားသံကို ငံ့လင့်နေသည်။ သစ်ကို ဘယ် ဟောမည်လဲ။ ဝေဖြိုးကတော့ အလေးမထားဟန်ဖြင့် လေပင်ချွန်နေလိုက် သေးသည်။

"နိမိတ်ပုံကတော့ မှော်ပညာရှင်ကို ပြနေတယ်၊ သူဟာ လော ဓာတ်ပညာရှင် 'မာကျီယန်' လို့ အမည်ရတဲ့ ဘုန်းတော်ကြီးရဲ့ပုံပါ၊ သူ့လ ထဲမှာ တုတ်, ခွပ်, ဓားနဲ့ ကြယ်တွေ ရှိတယ်၊ သူ့ညာလက်နဲ့ ကိုင်ထ ထားတဲ့ တုတ်ကို Magic Wand လို့ ခေါ်တယ်၊ မှော်တောင်ဝှေးဆိုပါတေ ခွပ်က အဂ္ဂိရတ်ပညာတွေကို ကိုယ်စားပြုတယ်၊ ဓားကတော့ ယဖ်ပူဇော်ခြ မကောင်းဆိုးဝါးတွေကို ဖယ်ရှားခြင်းအတွက် ဖော်ညွှန်းတယ်၊ ကြယ်ကတေ နက္ခတ်ဗေဒအတတ်ကို ကိုယ်စားပြုထားပါတယ်"

ဟောချက်ကို ပြောမပြသေးပေမယ့် ဝေဖြိုးအပါအဝင် အားလုံး သူ့အပြောကို စိတ်ဝင်တစား နားထောင်နေကြပါ၏။

"လက်တစ်ဖက်ကတော့ မြေကြီးကို ညွှန်ပြထားတယ်၊ ဆန့်တ ဘက်တို့ရဲ့ ပေါင်းစည်းမှုကို ဖော်ပြထားတာပါ၊ သူ့ဦးခေါင်းထက် က ( အမှတ်တံဆိပ်ကတော့ မြွေက သူ့အမြီးကို ပြန်မျိုထားတဲ့ ပုံပါ၊ သဘော တော့ အတိုင်းအဆကြီးမားလွန်းတဲ့ လောကီသဘာဝရဲ့ ရှုပ်ထွေးဆန်းကြ





သံသရာလည်ပတ်မှုကို ကိုယ်စားပြုထားတာပဲ၊ ယေဘုယျအားဖြင့် ဒီကတ် ရဲ့နိမိတ်ပုံက ကောင်းမွန်လွန်းပါတယ်"

"ဒါဆို ... ငါ့ညီဆိုလိုတာက အစ်ကို ကံကောင်းနေတယ်ပေါ့"

သူ ပြန်မဖြေဖြစ်ဘဲ ကြည့်၍ပင်နေလိုက်သည်။ ဝေဖြိုးကတော့ အရော်ပြုံးတစ်ခုဖြင့် ...

"ဒီလိုပဲ ပြောမယ်ဆိုတာကို သိပြီးသားပါ၊ ကိုယ့်စီးပွားရေး, ကိုယ့် အလိုင်းအဝိုင်း, ကိုယ့်ပုံစံကိုကြည့်ပြီး မှန်းပြောလိုက်တာမဟုတ်လား၊ ငါ့ညီက ဒီကတ်ကိုကဆိုတော့လည်း အင်း ... အထင်ကြီးစရာတော့ မရှိပါဘူး"

"ကျွန်တော် မဟောရသေးပါဘူး"

ဝေဖြိုးစကားမဆုံးခင် သူ ဖြတ်ပြောလိုက်သည်။

"ဟင် ... ဒါဆိုလည်း ဟောတော့လေကွာ"

အားလုံး ပိုမိုစိတ်ဝင်စားသွားကြသည်။ သစ်ကိုက လျှို့ဝှက်စွာ ပြုံးလိုက်ပြီး ...

"ကျွန်တော်ပြောနေတာက ကတ်အတည့်ရဲ့ရာဇဝင်တွေပါ၊ အခု ကတ်က ပြောင်းပြန်အဟောအတွက်ပါ၊ ကျွန်တော့်ဘက်မှာ အတည့်ဆိုပေ မယ့် အစ်ကို့အတွက်က ပြောင်းပြန်ပါ အစ်ကို"

"အဲဒီတော့"

"ဒီနေ့တော့ အစ်ကို ကံမကောင်းဘူး"

"ဘာ!"

သူ လေသံအေးအေးနှင့်ပင် ဆက်ပြောပြလိုက်၏။

"ဟုတ်တယ် အစ်ကို၊ ဒီနေ့ အစ်ကို ဂရုစိုက်နေပါ၊ အထူးသဖြင့် အစ်ကို့ရဲ့ညာလက်နဲ့ညာခြေကို ဂရုစိုက်ပါ"

"ဘာကြောင့်လဲ"

"အစ်ကို့ညာခြေ,ညာလက်မှာ သွေးထွက်သံယိုဖြစ်လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား"

ဝေဖြိုးက အပေါ်စားပြက်လုံးတစ်ခု ကြားလိုက်ရသလို ရယ်နေသေးသည်။ ပြီးမှ . . .

"ဟုတ်ပါပြီ . . . ဟုတ်ပါပြီ၊ အစ်ကို ဂရုစိုက်တဲ့အနေနဲ့ တစ်နေ့လုံး အတန်းမတက်တော့ဘူး။ ဒီ Canteen မှာပဲ ထိုင်နေတော့မယ်၊ ဟုတ်,မဟုတ် မှန်,မမှန်လည်း စောင့်ကြည့်ရတာပေါ့ . . . ဟား ဟား"

"ဒါကတော့ အစ်ကို့သဘောပါ၊ ခုတော့ ကျွန်တော် အတန်းဝင်လိုက်ပါဦးမယ်၊ အားလုံးပဲ ခွင့်ပြုကြပါဦး"

"အလကားပါကွာ၊ လူအထင်ကြီးအောင် လုပ်နေတာပါ"

ဝေဖြိုးအပြောကို သူ မကြားနိုင်တော့ပါ။ အကြောင်းက Canteen နှင့် အတော်လှမ်းလှမ်းသို့ သူ ရောက်ရှိနေပြီဖြစ်သောကြောင့်ပင်။

စိတ်ဝင်စားသည့် ကျောင်းသူကျောင်းသားများက ဝေဖြိုးကဲ့သို့ အတန်းမဝင်တော့ဘဲ Canteen မှာပင် ထိုင်ကာ သစ်ကိုအဖြေ မှန်,မမှန်ကို စောင့်ကြည့်ကျန်ခဲ့ကြ၏။

ဘာဆက်ဖြစ်မည် မသိကြပေမယ့် နောက်တစ်ချိန်ပြီးလျှင် ကျောင်းဆင်းတော့မည်ဆိုတာကိုတော့ အားလုံးသိနေကြပါသည်။

Canteen ထဲမှာတော့ အချိန်တွေကုန်လာသည်နှင့်အမျှ ဝေဖြိုး အသံက ပိုမိုကျယ်လောင်နေခဲ့ပြီဖြစ်၏။

"+ − × ÷ % @ − + × ÷"

■



# (C)

> **ကျွန်တော်သည် နောင်တစ်သက်လုံး ကိုယ်မတတ်မြောက်သည့် မည်သည့်ပညာရပ်ကိုမှ မစော်ကားတော့ပါ။ ယခုလည်း... ကျွန်တော့်အမှားအတွက် သစ်ကိုနှင့်အတူ Tarot card ကလေးများကို အနူးအညွတ်တောင်းပန်ပါသည်။**

နောက်တစ်နေ့နံနက်တွင် အဆိုပါတက္ကသိုလ်ကျောင်း၌ အထက်ပါ [illegible]န်ကို ချိတ်ဆွဲပြီး မတ်တတ်ရပ်နေသော ကျောင်းသားတစ်ယောက်ကို [illegible]ရလေ၏။

ထိုကျောင်းသား၏ ညာဘက်ခြေမကိုလည်း ပတ်တီးစည်းထား[illegible]ကို တွေ့မြင်ကြရမည် ဖြစ်သည်။

အကြောင်းက . . .

မနေ့က Canteen တွင် ကျောင်းဆင်းခါနီးအချိန်၌ စားပွဲထိုး[illegible]များက စားပွဲပေါ်ရှိပစ္စည်းများကို လိုက်လံသိမ်းဆည်းရာမှ ထိုင်ခုံတစ်[illegible] တိုးတိုက်မိသွားသည်။

ကံဆိုးချင်တော့ ထိုခုံက ဝေဖြိုးဆိုသူ၏ ညာဘက်ခြေထောက်ပေါ်[illegible] [illegible]သွားခဲ့ပြီး ၎င်း၏ခြေမ ကွဲသွားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

တိုက်ဆိုင်မှုဟု ဆိုကြပါစို့။

Canteen လေးမှာတော့ ထုံးစံအတိုင်း Tarot ဟောနေသည့် လူငယ်တစ်ယောက်ကို ကျောင်းသူကျောင်းသားများ ဝိုင်းနေကြလေ၏

အချစ်ရေးတစ်ခုတည်းကိုသာ ဟောသော၊ ဉာဏ်ပူဇော်ခအဖြ ငွေ (၁၅၀၀) ကျပ်သာယူတတ်သော၊ တစ်နေ့လျှင် လူ (၁၁) ယောက်ကိုသာ ဟောပေးတတ်သော ထိုလူငယ်လေး၏အမည်မှာ . . .

" သစ်တို "

■






| | | |
|---|---|---|
| မြန်မာ | - | သူတော်စင်မ |
| ITALIAN | - | La Papessa |
| ENGLISH | - | The High Priestess |
| FRENCH | - | La Papesse |
| GERMAN | - | Die Papstin |

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာမြေကြီးကို ထိန်းသိမ်းစောင့်ရှောက်သော နတ်သမီး "ဒီမီတာ" တွင် အလွန်ချောမောလှပသော သမီးတော်တစ်ပါးရှိသည်။ "ပါဆက်ဖုန်း" (Persephone) ဟု အမည်တွင်၏။ ဂရိဒဏ္ဍာရီအရ ဂျူနို (Juno) ဟုလည်း အမည်ရှိ၏။

တစ်နေ့သောအခါ ဂျူနို (Juno) အား တမလွန်တိုင်းပြည်ကိုအုပ်ချုပ်သော "ဟေးဒီး" မှ မြင်တော်မူပြီး မြေအောက်ကမ္ဘာသို့ ကြင်ယာတော်အဖြစ် သယ်ဆောင်တင်မြှောက်လိုက်၏။ ဂျူနို (Juno) ကို ဂျေရာအမည်ရှိ (J) တိုင်လုံးနှင့် ဘီးဆင်း (B) တံဆိပ်ရေးထိုးထားသော ကျောက်သလင်းတိုင် အဖြူအမည်းနှစ်ခုကြားမှ သလွန်တော်တွင်ထိုင်ပြီး သေဆုံးသူတို့ကို နေရာချထားခြင်းဖြင့် တမလွန်တိုင်းပြည်ကို ဦးစီးစေခဲ့သည်။

အလွန်လျှို့ဝှက်နက်နဲသော နည်းပညာ၊ အတတ်ပညာများ ရှိသော အဝင်မုခ်ဦးတံခါးတွင် ဒေါင်းမြီးကွက်ပန်းများနှင့် ဝေဆာနေပြီး နန်းတော်ကြီးကို အလှဆင်ထား၏။

စောင့်စည်းမှု၊ အမှားအမှန်ခွဲခြားသုံးသပ်မှုနှင့် အဆုံးအဖြတ်ပေးသော သဘာဝ၊ အလင်းနှင့်အမှောင်၊ ဓမ္မနှင့်အဓမ္မ၊ ကောင်းခြင်းနှင့် ဆိုးခြင်းတို့ သဘာဝကို ပြသထားသည်။





သူတော်စင်မ/ မယ်တော်/ ဂရိနတ်ဘုရားမ ဂျူနို (Juno) သည် [illegible]) ဟု ရေးထိုးထားသော စာရွက်လိပ်ကို ကိုင်ဆောင်ထားပြီး ရှေ့ခြစ် [illegible]ခြစ်ကို မြင်နိုင်သော မှော်ဖန်လုံးကို သရဖူပြုလုပ်ပြီး ဦးခေါင်းထက်တွင် [illegible]ထားသည်။ ထို့အပြင် မွေသတ်ဥပဒေစာအုပ်ကိုလည်း ကိုင်ထားသေး [illegible]

[ဟီဘရူး (HEBREW) ဘာသာစကားအရ TORA ၏အဓိပ္ပာယ် [illegible] ဥပဒေဖြစ်သည်။]

သူမ၏ရင်ညွှန့်တွင်လည်း (SOLAR CROSS) ကြက်ခြေခတ်ပုံ [illegible]ဆွဲတစ်ခုကို ဆွဲထားသေး၏။ ထိုနိမိတ်ပုံကတ်ပြားသည် အလွန်ထူးခြား [illegible] နိမိတ်ပုံဖြစ်၏။

"The World Belongs To The Silent Ones"

ငြိမ်သက်တိတ်ဆိတ်နိုင်ခြင်းသည် ကမ္ဘာကို ပိုင်ဆိုင်နိုင်ရန် တစ်ခု [illegible]သောနည်းလမ်း ဖြစ်သည်။

■



www.burmeseclassic.com

www.burmeseclassic.com

# (II)

"ကေရီရေ ... မိကျော့ကတော့ သစ်ကိုဟောလိုက်တဲ့အတိုင်း တစ်ပတ်အတွင်းမှာ ချစ်သူတစ်ယောက် ရသွားပြီ"

"အဲဒါ ... ငါက ဘာလုပ်ရမှာလဲ ပပရယ်"

သူမရဲ့ မထုံတက်တေးတုံ့ပြန်မှုကို ပပက အလိုမကျဟန်ဖြင့် ...

"ဟဲ့ ဘာရမလဲ ... သစ်ကိုဟောတာ မှန်တယ်လေဟာ"

"အဲဒီတော့"

"နင် သစ်ကိုရဲ့ Tarot ကို ယုံလိုက်တော့လေ"

ပပကို သူမက မျက်စောင်းတစ်ချက်ထိုးလိုက်ပြီး စုတ်တစ်ချက် သပ်လိုက်သည်။

"ကျစ် ... နင်တို့မိန်းကလေးတွေက အဲဒါပဲ"

"အမယ် ... နင်ကရော ဘာမို့လို့လဲ"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ငါကတော့ နင်တို့လောက် မိန်းမ,မဆန် ဘူး"

"အခုဟာက နင်လည်း လက်တွေ့ပဲလေ"

"တိုက်ဆိုင်မှုရော မဖြစ်နိုင်ဘူးလား"

သူမအဖြေကို ပပ တကယ်ပဲ စိတ်ပျက်နေမိ၏။ ကေရီက ငယ်စဉ်





ကတည်းက အဲလိုပါပဲ။ တစ်ခုခုဆို ခေါင်းမာတတ်သည်။ အပြောထက် အလုပ်တွေ့ကို မြတ်နိုးတတ်သူဖြစ်၏။

မူလတန်းမှနေ အလယ်တန်းအထိ သူမတို့သူငယ်ချင်းနှစ်ယောက် ကျောင်းအတူတူတက်ကာ ညီအစ်မတွေလို ချစ်ခင်ခဲ့ကြသည်။ တစ်ယောက်အကြောင်းကိုလည်း တစ်ယောက်သိကြပါသည်။

ပပအဖေက အစိုးရဝန်ထမ်းဖြစ်သည်။ ပပ အလယ်တန်းမှာ နယ်မြို့တစ်မြို့သို့ ပြောင်းရွှေ့သွားခဲ့ရာမှ သူငယ်ချင်းနှစ်ယောက် ဝေးကွာခဲ့ကြပြီး ယခု တက္ကသိုလ်နောက်ဆုံးနှစ်ရောက်မှ ပြန်လည်ဆုံတွေ့ခဲ့ကြခြင်း ဖြစ်သည်။

သူမအကျင့်က ငယ်စဉ်ကတည်းက တစ်ဖွတ်ထိုးဆန်လွန်းသည်။ မိဘတွေက ပြောဆိုဆုံးမပြီး သူငယ်ချင်းတွေက သတိပေးခဲ့ဖူးသော်လည်း သူမသဘောကို မလွှန်ဆန်နိုင်ခဲ့ပါ။

"နင် ယုံချင်ယုံ, မယုံချင်နေ၊ ငါကတော့ ဘာမှကို ဆက်မပြောချင်တော့ဘူး ကေရီရာ၊ ဒါပေမဲ့ ငါကတော့ ယုံတယ်၊ အခွင့်ကြုံလာရင်တော့ သစ်ကို့ကို သွားမေးရမှာပဲ"

"အေး ... ကောင်းတယ်၊ ဒါနဲ့ စကားမစပ် ပပ ... သစ်ကိုမှာ ရည်းစားရှိလား"

သူမ၏ မဆီမဆိုင်အမေးကြောင့် ပပ နှာခေါင်းရှုံ့သွားသည်။

"ဟွန်း! ... နင်က ဘာလုပ်မလို့လဲ၊ စိတ်ကူးတွေယဉ်မနေနဲ့ သစ်ကိုက အချစ်ရေးပဲ သီးသန့်ဟောပေမယ့် သူကိုယ်တိုင်က အချစ်ကို စိတ်ဝင်စားတာမဟုတ်ဘူးရယ်"

"အလဲ့ ... ဟုတ်လုချည်လား၊ ပြောစမ်းပါဦး"

"ဟုတ်တယ်လေ၊ သစ်ကိုအနားမှာ အုံနေတဲ့ မိန်းကလေးတွေထဲ တစ်ဝက်လောက်က သစ်ကို့ကို စိတ်ဝင်စားလို့ လာနေကြတဲ့သူတွေ ဒါပေမဲ့ သစ်ကိုကတော့ တစ်ယောက်ကိုမှ စိတ်ပါပုံမရဘူး၊ သူ့အလုပ်ပဲ



www.burmeseclassic.com

www.burmeseclassic.com



သူလုပ်နေတာ''

''ပပ ... နင်က- သူ့အကြောင်းတွေ သိလှချည်လား။ ဘာလဲ ... နင်လည်း အဲဒီ့ထဲက တစ်ယောက်ပဲလား''

''No ပါ၊ သစ်ကိုအကြောင်းသိနေတာ မဆန်းပါဘူး၊ သူက ဒီမှာ နာမည်ကြီးပဲလေ၊ ရုပ်ကလည်း ဖြူးတယ်မဟုတ်လား''

''ငါကတော့ သူ့ကို အနီးကပ်မမြင်ဖူးသေးတော့ ဖြူး၊မဖြူး မသိဘူး''

ပပက သူမကို ငါးရှုပြုံးပြုံးပြီး ပုလိပ်စစ်သလို မေးခွန်းအချို့ ထွက်လာခဲ့သည်။

''ကေရီ ... ကေနဲ့တော့ နင် သစ်ကို့ကို စိတ်ဝင်စားနေပြီ ... ဟုတ်တယ်မဟုတ်လား''

''အင်း''

သူမက ခေါင်းညိတ်ပြတော့ ပပက ''ငါထင်သားပဲ'' ဟု ပြောပြီး ပြုံးနေသည်။

''ဒါပေမဲ့ ... ငါ စိတ်ဝင်စားတာက သစ်ကိုရဲ့ (CC) စီစီကို''

''ဟမ်! ဘယ်လို''

သူမအပြောကြောင့် ပပ ခေါင်းရှုပ်သွား၏။ သူမက ...

''စီစီ (CC) လေ''

''ဘာလဲ စီစီ ... (CC) ... ''

ပပကို သူမက ဝေးလိုက်တာဆိုတဲ့ မျက်ဝန်းမျိုးနှင့် တစ်ချက်ကြည့်လိုက်ပြီးမှ ...

''မသေမချင်း မှတ်ထား ... စီစီ (CC) ဆိုတာ Current နဲ့ Colour ကို ပြောတာ၊ ငါ စိတ်ဝင်စားတယ်ဆိုတာကလည်း သစ်ကိုရဲ့ Current နဲ့ Colour ကိုပဲ ပပ၊ သူက အားလုံးထဲက ကွဲထွက်နေတယ်လေ''





သည့်တော့မှ ပပတစ်ယောက် သဘောပေါက်သွားပြီး ...

''ဪ ... အဲသလိုလား၊ အဲ ... ဒါကိုတော့ ငါလည်း သိပ်မသိဘူး၊ သစ်ကိုက တော်တော်လျှို့ဝှက်တယ်ဟ၊ လိုအပ်မှ စကားပြောတာ၊ ဒါပေမဲ့ စုံစမ်းရင်တော့ ရနိုင်မှာပါ ... ဘာဖြစ်လို့လဲ ကေရီရဲ့''

''..........''

အဖြေစကား ထွက်မလာဘဲ ပြုံးပြုံးကြီးလုပ်နေသည့် သူမကို သူတော့ နားမလည်နိုင်ဖြစ်နေလေတော့၏။

■



www.burmeseclassic.com

# (III)

တက္ကသိုလ်ဝန်းထဲတွင် ဝေဖြိုးနှင့်အဖြစ်အပျက်ပြီးနောက် သစ်ကို့ကို ပိုမိုနာမည်ကြီးလာစေမည့် အကြောင်းကိစ္စတစ်ခု ပေါ်ပေါက်လာခဲ့လေ၏။

ထိုအဖြစ်အပျက်အတွက် ကျောင်းသူကျောင်းသားများတင် မကသူကိုယ်တိုင်ပင် အံ့ဩစိတ်လှုပ်ရှားခဲ့ရပါ၏။

တစ်နေ့ ...

သစ်ကိုတစ်ယောက် Canteen မှာ Tarot ဟောနေခိုက် ဝိုင်းအုံနေသော ကျောင်းသူကျောင်းသားများသည် ရုတ်တရက် အလျိုလျို ပျောက်ကွယ်သွားလေ၏။

တစ်ကြိမ်တစ်ခါမှ မကြုံဖူးခဲ့သည်ကြောင့် သူပင် ကြောင်သွားရ၏။ အကြောင်းရင်းက သစ်ကိုရှိရာ စားပွဲဝိုင်းသို့ (ပါမောက္ခချုပ်) ဆရာဦးဆန်းဝင်းတစ်ယောက် တည့်တည့်ကြီးလျှောက်လာသောကြောင့်ပင် ဖြစ်သည်။

သစ်ကိုဆီကို ပါမောက္ခချုပ်က ဘာကြောင့် လာတွေ့ရပါသလဲ။

Canteen အတွင်းမှ ကျောင်းသူကျောင်းသားများအားလုံးကလည်း ဘာဆက်ဖြစ်မလဲဟူသည့်အတွေးနှင့် စိတ်ဝင်စားနေကြသည်။

အားလုံးတွေးထင်ထားသည့်အတိုင်းပါပင် ...။





စားပွဲရှေ့ရောက်လာသည့် ဆရာကြီးကို သူ မတ်တတ်ရပ် နှုတ်...လိုက်သည်။

"ဆရာကြီး ... ဘယ်လဲခင်ဗျား"

"ထိုင်ပါ မောင်သစ်ကို ... ဆရာကြီး မင်းဆီကိုပဲ လာခဲ့တာပါ"

"ဗျာ"

ဆရာကြီးစကားကြောင့် သူ အံ့အားသင့်သွားရ၏။

ဘာကြောင့်များလဲ။

"ဟုတ်တယ် မောင်သစ်ကို၊ Tarot ကိစ္စ ဆိုပါတော့ကွာ"

သွားပြီ။ ဒီတက္ကသိုလ်ဝန်းထဲမှာ Tarot ဟောဖို့ကို ပါမောက္ခချုပ် ...တိုင် လာတားပြီဟု သူတွေးထင်လိုက်မိသည်။

သို့သော် ဆရာကြီးရဲ့ နောက်ဆက်တွဲစကားကြောင့် သူ အသက်ရှူ...ချောင်သွား၏။

"ဒီလိုပါ မောင်သစ်ကို ... အခုဆိုရင် ဆရာကြီးအသက်က (၆၀) ...ထာပါပြီ၊ အဲ ... အိမ်ထောင်သက်ကတော့ (၂၀) ကျော်ပေါ့ကွာ"

အကြောင်းရင်းကို မသိရသေးပေမယ့် ဆရာကြီးစကားကို လေး...မှုနှင့် သူ စကားထောက်ပေးလိုက်၏။

"ဟုတ်ကဲ့"

အခြား စပ်စပ်စုစုကျောင်းသူကျောင်းသားများကလည်း သူတို့ပြော...များကို ကြားလိုသည်ကြောင့် မသိမသာ တိုးကပ်လာကြသည်။

"ဆရာကြီး ပွင့်ပွင့်လင်းလင်းပြောရရင် မောင်သစ်ကိုဆီကို Tarot ...ဖို့လာခဲ့တာပါ၊ မောင်သစ်ကိုသတင်းကို ဆရာကြီး ကြားပါတယ်၊ ... (၁၉၀၀) နဲ့ အချစ်ရေးသီးသန့်ပဲ ဟောတယ်ဆိုတာကို မှန်တယ်လို့ ... ဆရာကြီးကို ပြောကြပါတယ်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းဝန်းထဲမှာ ဟောတယ်ဆိုပေမယ့် မောင်သစ်ကိုရဲ့ ဘဝ အခြေအနေနဲ့ ကျောင်းစရိတ်အတွက်မို့၊ ပြီးတော့ ကျောင်းအတွက်လည်း ဘာထိခိုက်မှုမှမရှိလို့ သားသမီးချင်း ကိုယ်ချင်းစာပြီး ဆရာကြီးကျောင်းထဲ ထဲမှာ မောင်သစ်ကို Tarot ဟောတာကို မတားဖြစ်ခဲ့တာပါ"

"ကျေးဇူးတင်ပါတယ် ဆရာကြီး"

သူ ဆရာကြီးစိတ်ထားကို တကယ်ပဲ လေးစားကြည်ညိုမိပါသည်

"ဒါပေမဲ့ မောင်သစ်ကို့ကို ဆရာကြီးတစ်ခုတော့ တောင်းဆိုချ တယ်"

"ပြောပါ ဆရာကြီး ... ကျွန်တော် တတ်နိုင်သမျှ ကူညီပါ့မယ်"

"ဆရာကြီး Tarot ကြည့်ချင်တာက အချစ်ရေးမဟုတ်ဘူးလေ အဲဒီတော့ မောင်သစ်ကိုရဲ့စည်းကမ်းနဲ့ မကိုက်ညီတဲ့ တခြားကိစ္စတစ် ဖြစ်နေလို့ပါ"

သူ တစ်ချက်တော့ တွေဝေသွားသည်။ ပြီးတော့ သူ လေးစာ သည့် ဆရာကြီးဆိုပြန်တော့ ...။

"ဆရာကြီး ... ပြောကြည့်ပါ ခင်ဗျာ"

ဆရာကြီးက ဘေးဘီကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး ...

"ဆရာကြီး အမှန်အတိုင်းပဲ ပြောပါ့မယ်၊ ဒီကို လာမေးဖို့အဘွ လည်း ဆရာကြီး အကြိမ်ကြိမ်စဉ်းစားပြီးမှ လာခဲ့တာပါ"

"ဟုတ်ကဲ့"

"ဆရာကြီးရဲ့အိမ်ထောင်သက်က ခုဆိုရင် နှစ် (၂၀) ကျော်နေပြီ ပြဿနာက ရင်သွေးမရတဲ့ပြဿနာပဲ မောင်သစ်ကို"

သူ နည်းနည်းတော့ သဘောပေါက်လာခဲ့ပြီ ဖြစ်၏။

"တစ်ယောက်ယောက်ရဲ့ချို့ယွင်းချက်ကြောင့်များလားဆိုပြီး ဆေး ရုံမှာလည်း သွားစစ်ခဲ့ပြီးပါပြီ၊ ဒါပေမဲ့ ... နှစ်ယောက်လုံးမှာလည်း ဘ





ချို့ယွင်းမှုမရှိဘူးလို့ ဆေးစာက ထွက်နေတယ်၊ ဇနီးသည်ကတော့ မိန်းမပီပီ ဆောင်တွေ့ဘာတွေ လျှောက်လုပ်တာပေါ့ကွာ၊ မရှက်တမ်းပြောရရင် ဆရာကြီးလည်း ဆေးကောင်းဝါးကောင်းတွေနဲ့ အကြိမ်ကြိမ်ကြိုးစားခဲ့တာပဲ ခဲ့ မထူးခြားခဲ့ပါဘူး။ ဒါကြောင့် နောက်ဆုံးအနေနဲ့ ဆရာကြီးရဲ့ မွေ့ကိုကြည့်ပြီး စိတ်ဖုံးဖုံးချလိုက်ချင်လို့ပါ၊ ဒီတစ်သက် ဆရာကြီးမှာ သမီး မရနိုင်တော့ဘူးလား, ရနိုင်ဦးမလားဆိုတာကို ကျေးဇူးပြုပြီး သစ်ကိုရဲ့ပညာနဲ့ ကူညီ ဟောကြားပေးပါ"

"ဆရာကြီးရယ် ... ရုံးခန်းထဲ ခေါ်မေးလိုက်ရင် ရတာပဲကို ဒီကိစ္စ တ်နဲ့ လူကိုယ်တိုင် လာစရာမလိုပါဘူးဗျာ"

ထိုအခါ ဆရာကြီးမှ ...

"ဒါက ဒီလိုရှိတယ် မောင်သစ်ကို၊ ဆရာကြီးရဲ့အယူအဆ ဆိုပါ ကွာ၊ အခု မောင်သစ်ကိုက ဒီစကားကို ဆရာနဲ့တပည့်ဆိုတဲ့စိတ်ထားနဲ့ လိုက်တာကို ဆရာကြီး လက်ခံပါတယ်၊ ဒါပေမဲ့ ဒီ Tarot ပညာမှာတော့ ကြီးက ဘာမှမသိနားမလည်တဲ့ လူတစ်ယောက်လေ၊ မောင်သစ်ကို တော့ ပညာရှင်ပေါ့"

သူ ဆရာကြီးအဆိုကို သဘောပေါက်ပါသည်။ ပို၍လည်း လေးစား

"မောင်သစ်ကိုပြောသလို ရုံးခန်းထဲခေါ်ပြီး မေးလို့ရတာမှန်ပေမယ့် ကြီးခံယူချက်ကိုက ဘယ်ပညာရှင်ကိုမဆို လေးစား မြတ်နိုးတတ်တော့ လုံသလို ခံစားရတယ်၊ ဒါ ... ပညာရှင်ကို စော်ကားလိုက်တာနဲ့ လို့ ဆရာကြီး ထင်တယ်လေ၊ အဲဒါကြောင့် ကိုယ်အလိုရှိရာအတွက် ဆီကို ကိုယ်တိုင်ပဲ သွားသင့်တယ်မဟုတ်လား"

"ရပါတယ် ဆရာကြီးရယ်"

ဆရာကြီးက သူ့မျက်နှာကို စေ့စေ့ကြည့်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"မောင်သစ်ကို့ကို ဆရာကြီး ယုံပါတယ်၊ ကျေးဇူးပြုပြီး ဆရာကြီး
ကို ဟောပေးပါ"

သူ ခေါင်းညိတ်ပြလိုက်ပြီး Tarot card ကလေးတွေကို ကျင်လည်
သပ်ရပ်စွာ မွှေနှောက်လိုက်၏။ နောက် ...

"ဆရာကြီး ... ချိုးလိုက်ပါ ခင်ဗျာ"

သူက ကတ်တစ်ခုကို ဆရာကြီးရှေ့ ချပေးလိုက်ပြီး ...

"ဒါ ဆရာကြီးအတွက် နိမိတ်ပုံကတ်ပါပဲ"

ဟု ပြောပြီး ကတ်ကို အသာလှပ်လိုက်၏။ နိမိတ်ပုံကတ်ရဲ့အရှေ့
မှာ ...

**THE EMPRESS**

**(ဧကရီဘုရင်မပုံ)**

ကတ်၏နိမိတ်ပုံကိုကြည့်ပြီး သူ လှဲခနဲ ပြုံးလိုက်လေတော့သည်

■






| | | |
|---|---|---|
| မြန်မာ | - | ဧကရီဘုရင်မ |
| ENGLISH | - | The Empress |
| ITALIAN | - | L' Imperatrice |
| FRENCH | - | L' Imperatrice |
| GERMAN | - | Die Herrscherin |

www.burmeseclassic.com

www.burmeseclassic.com

‘စေတန်’ နှင့် ‘ရီရာ’ တို့မှမွေးဖွားသော သားသမီး (၆) ဦးတွင် ‘ဇု’ နတ်သားသည် အငယ်ဆုံးဖြစ်သည်။ သို့သော် အစ်ကို၊ အစ်မ (၅) ဦး တို့မှာ ‘စေတန်’ ၏ဝမ်းတွင်း၌ပင် ရှိနေရ၏။ ထိုကြောင့် အရွယ်ရောက်နေပြီ ဖြစ်သော ‘ဇု’ နတ်မင်းက ‘စေတန်’ ကို ဖယ်ရှားပြီး အစ်ကို၊ အစ်မတို့ကို အန်ထုတ်စေခဲ့၏။

အစ်ကိုတော် ဟေးဒီး (Hades)၊ ပိုဆိုက်ဒွန် (Poseidon)၊ အစ်မ တော် ဒီမီတာ (Demeter)၊ ဟီရာ (Hera) တို့ကို (ဇု) က ကယ်တင်ပြီး ရှင်သန်စေခဲ့သည်။ ‘ဇု’ နတ်မင်းသည် အစ်မတော် ဒီမီတာကို အလွန်ချစ် မြတ်နိုးပါသည်။

ဒီမီတာသည် ကမ္ဘာမြေကိုစောင့်ရှောက်သော နတ်မိမယ် ဖြစ်၏။ ကြယ် (၁၂) လုံးသရဖူကိုဆောင်းကာ ကမ္ဘာမြေကို အထူးစောင့်ရှောက်နေ ခဲ့သည်။ ဒီမီတာအား (Goddess of Agriculture)/ (Fertility) မြေဆီ မြေနှစ်ကို ရှင်သန်စေသော နတ်မိမယ်ဟု သတ်မှတ်ထား၏။

“ဇု”နတ်မင်းသည် သူပိုင်ဆိုင်သော “လိုတရဆိတ်ချို” (ကော်နူ ကိုပီယာ) အား အစ်မတော်ဒီမီတာကို ပေးအပ်ခဲ့ပါသည်။ ဒီမီတာသည် လိုတရဆိတ်ချိုအစွမ်းဖြင့် ကမ္ဘာမြေကို သစ်သီးဝလံ ပန်းမန်များ၊ သောက်သုံး





ရေချိုများဖြင့် ပြည့်စုံကုံလုံစေခဲ့သည်။

အထက်ပါကတ်ပါ နိမိတ်ပုံတွင် လောကမိခင် ကေရီဘုရင်မတော် ပေါ်ထိုက်သော ဒီမီတာနတ်သမီးသည် အသည်းပုံပလ္လင်ထက်တွင် အမိန့် အာဏာကိုကိုယ်စားပြုသည့် ကျိုင်းတံကို ဘယ်လက်နှင့်ကိုင်ဆောင်ပြီး ကိုယ် ကိုနွဲ့ယှက်ထားပုံ ဖြစ်သည်။

ထိုင်နေသောပလ္လင်တွင် ဖော်ညွှန်းထားသော (♀) သင်္ကေတသည် သောကြာဂြိုဟ်၏ နိမိတ်ပုံဖြစ်၏။ အေးချမ်းခြင်း၊ မေတ္တာတရား၊ နားလည် သဘောပေါက်မှု၊ မျိုးဆက်သစ်မွေးထုတ်နိုင်ခြင်းတို့ကို ဆိုလိုပါသည်။

ဘုရင်မ၏နောက်ခံရှုခင်းသည် စိမ်းလန်းရှင်သန်နေသော သဘာဝ တောတောင်တို့ကို ဖော်ညွှန်းထားသည်ကြောင့် ရှင်သန်၊ သန်စွမ်း၊ အထ မြောက်မှုတို့၏နိမိတ်ပုံဖြစ်ပြီး အထူးကောင်းမွန်ပြည့်စုံမှုတို့ကို ရည်ညွှန်းထား သည်။

■



www.burmeseclassic.com

www.burmeseclassic.com

# (D)

သစ်ကိုက ပါမောက္ခချုပ်ဆရာကြီးဦးဆန်းဝင်းအား တစ်ပ[illegible] အတွင်း ရင်သွေးရလိမ့်မည်ဟုဟောရာ ဆရာကြီး အတော်အံ့အားသင့်သ[illegible] ခဲ့သည်။

(၃) ရက်မြောက်နေ့မှာပင် ဆရာကြီးအား ဇနီးသည်မှ မိမိ[illegible] ကိုယ်ဝန်တစ်လခွဲခန့် ရှိနေပြီဖြစ်ကြောင်း အသိပေးလိုက်ရာ ...။

တိုက်ဆိုင်မှုဟုပင် ဆိုကြပါဦးစို့ ...။

သစ်ကိုကတော့ ဂုဏ်သတင်း ပိုမိုကြီးထွားလာခဲ့ပြန်ပြီ ဖြစ်[illegible]

"မဟုတ်တာဆရာကြီးရယ် မပေးခဲ့ပါနဲ့ မလိုပါဘူး ဆရာကြီးရ[illegible]

"ပညာဟာ ပညာပါပဲ၊ မောင်သစ်ကို ယူထားလိုက်ပါ"

ထိုနေ့က ဆရာကြီး အတင်းထားသွားခဲ့သော ငွေ (၁၅၀၀)ကို[illegible] သူ ဘုရားမှာ ရွှေသက်နန်းကပ်လှူဖြစ်ခဲ့ပါသည်။

နောက်တော့ လျှို့ဝှက်သောအပြုံးနှင့် အလားသဏ္ဌာန်တူသ[illegible] အပြုံးတစ်ပွင့်ကို နှစ်လိုစွာပြုံးလိုက်ပြီး အောက်ပါအတိုင်း တီးတိုးရွတ်ဆို[illegible] လေတော့၏။

**"Tarot သည် ငါ ဖြစ်ရမည်၊ ငါကိုယ်တိုင်သည်လည်း Tarot ဖြစ်စေရ[illegible]**

■



# (IV)

"ဟုတ်တယ် ကေရီ ... သစ်ကိုက Tarot ကို ငယ်ငယ်လေးတတည်းက Crazy ဖြစ်ခဲ့တာတဲ့ဟ၊ ကစားတာတောင် Tarot ဟောတမ်းမှ ကစားတာတဲ့"

ပပအဖြေကို သူမက ...

"နေစမ်းပါဦး ... သစ်ကိုအကြောင်းတွေကို နင် ဘယ်က မေးလာခဲ့တာလဲ"

ပပက ပြုံးစစလုပ်နေပြီးမှ ...

"ဟဲ ဟဲ ... ငါ့အစ်ကိုဝမ်းကွဲကတစ်ဆင့် သိရတာ"

"နင့်အစ်ကိုနဲ့ သစ်ကိုနဲ့က သိလို့လား"

သူမ အမေးကို ပပက ခေါင်းခါပြ၏။

"ဟင် ... ဘယ်လိုကြီးလဲ"

"ဒီလိုဟ ... သစ်ကိုမှာ သူငယ်ချင်းတစ်ယောက်ပဲရှိတယ်လို့ ငါ ပြောဖူးတယ်မဟုတ်လား"

သူမ ခေါင်းညိတ်ပြသည်။

"အေး ... သစ်ကိုသူငယ်ချင်း အေးမင်းသူနဲ့ ငါ့အစ်ကိုနဲ့တ[illegible] သော်ဒါတွေ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်"

"ဘယ်လိုလဲ ကေရီ ...ငါ တော်တယ်မဟုတ်လား ...ဟဲ ဟဲ"

ကိုယ့်ဂုဏ်ကိုယ်ဖော် မသူတော်လုပ်နေသည့် ပပကို သူမက မျက်စောင်းခဲလိုက်ပြီး ...

"ကဲပါ ...ပြောမှသာ ဆက်ပြောစမ်းပါ"

သူမ တကယ်ပဲ စိတ်ဝင်စားမိပါသည်။ သစ်ကိုဘဝအကြောင်းနဲ့ လက်ရှိပုံစံကလည်း သူမအတွက် အထူးအဆန်းတစ်ခုလို ဖြစ်နေခဲ့သည်ကိုး။

ပပက သူမကို ...သစ်ကိုဟာ နိုင်ငံခြားသဘော်သားအရာရှိတစ်ဦးနှင့် ကျောင်းဆရာမတစ်ဦးတို့၏ တစ်ဦးတည်းသောသားလေး တစ်ယောက်ဖြစ်ကြောင်း၊ ငယ်စဉ်က မပူမပင် မကြောင့်မကြ နေလာခဲ့ရကြောင်း။ သစ်ကိုအဖေက သစ်ကိုစကားကို နားမထောင်ခဲ့၍ သေဆုံးသွားခဲ့ကြောင်းနှင့် သစ်ကိုအမေမှာလည်း ယောကျ်ားစိတ်နှင့် အိပ်ရာထဲလဲကာ တစ်လအတွင်း ဆုံးပါးသွားခဲ့ကြောင်းတို့ကို စီကာပတ်ကုံး ပြောပြလိုက်၏။

"ဒါနဲ့ ...သစ်ကိုက သူ့အဖေကို ဘာပြောလို့ သူ့အဖေက နားမထောင်ရတာလဲ၊ ဘယ်လိုကြောင့် သစ်ကိုအဖေကရော သေသွားခဲ့ရတာလဲ"

"ဒါတော့ ငါလည်း ဂဃနဏမသိဘူး ကေရီရယ်၊ သေချာတာကတော့ သစ်ကိုအဖေက ပင်လယ်ပြင်မှာ မုန်တိုင်းမိပြီး သဘော်မှောက်သေသွားခဲ့တာပဲ၊ အဲဒီအချိန်တုန်းက သစ်ကို ဆယ်တန်းဖြေပြီးချိန်လို့တော့ ငါ့အစ်ကိုက ပြောတယ်"

"ဒါနဲ့ပဲ သစ်ကိုက ကျောင်းစရိတ်ကို သူ့ပညာနဲ့သူရှာပြီး ခုထိ ဆက်တက်နေတယ်ဆိုပါတော့"

"အင်း"





ပပ အဖြေအဆုံးမှာ သူမ တဒင်္ဂငြိမ်သက်သွားသည်။ ခဏနေမှ ပေက ...

"သူ့အဖေ သေဆုံးသွားတာဟာ သူ့ဘဝရဲ့ ဝမ်းအနည်းဆုံးနေ့ဖြစ်ခဲ့သလို အပျော်ဆုံးနေ့လည်း ဖြစ်ခဲ့တယ်တဲ့"

"ဘယ်နေ့တဲ့လဲ"

"၁၃ ရက်နေ့ သောကြာနေ့"

သူမက နားမလည်တာတစ်ခုကို ထပ်မေးလိုက်ပြန်၏။

"သူ့အဖေသေလို့ ဝမ်းနည်းတာကို ငါ နားလည်လို့ရတယ်၊ ဒါပေမဲ့ ဘာလို့ သူက ပျော်ရတာလဲ"

ပပ စကားအဆုံးမှာတော့ သူမ နှုတ်ဆိတ်နေလေတော့၏။ ပပ အဖြေကတော့ ...

"သူနဲ့ Tarot Card တွေ တစ်သားတည်းကျတဲ့နေ့ ဖြစ်နေလို့ပဲ တဲ့လေ"

■



www.burmeseclassic.com

www.burmeseclassic.com




| | | |
|---|---|---|
| မြန်မာ | - | ကောရင်ဘုရင် |
| **ENGLISH** | - | The Emperor |
| **ITALIAN** | - | L' Imperatore |
| **FRENCH** | - | L' Empereur |
| **GERMAN** | - | Der Herischer |

မီးတောက်မီးလျှံတွေနှင့် ကျောက်ဆောင်များကို နောက်ခံထားပြီး အပလ္လင်ထက်မှာထိုင်နေသော ကောရာဇ်မင်းသည် အခက်အခဲကြားမှ အထွဋ်အထိပ်ရောက်လာမှုနှင့် အောင်နိုင်မှုနိမိတ်ပုံတို့ကို ကိုယ်စားပြုသည့် တောင်ဆိတ်ဦးခေါင်းပုံသရဖူကို ဆောင်ထားပြီး (Truth) အမှန်တရားနှင့် သစ္စာတို့ကိုဖော်ညွှန်းသည့် ကမ္ဘာလုံးပုံကို ဘယ်လက်တွင် ကိုင်ဆောင်ထား၏။

ဘယ်လက်သည် လက်ခံစောင့်ရှောက်မှုကို ဖော်ညွှန်းထားပြီး တိုက်ခိုက်ကာကွယ်မှုတို့ကို ကိုယ်စားပြုသည် ညာဘက်လက်တွင်မူ (Sceptre of the Magic) ဘဝရှင်သန်မှုနှင့် (Justice) တရားမျှတမှုတို့ကိုပြသည့် ဘူးကျက်ကို ကိုင်ဆောင်ထားသည်။

သစ္စာတရားနှင့် အမှန်တရားတို့ကို ဦးထိပ်ထားပြီး တန်ခိုးအာဏာ တို့ကို တည်ငြိမ်ထိန်းသိမ်းတတ်သည့် ကောရာဇ်ဘုရင်မင်းမြတ်၏ ထူးခြားမှု နိမိတ်ပုံပင် ဖြစ်၏။

■



www.burmeseclassic.com

ကျောင်းပိတ်ရက်တစ်ရက်ဖြစ်သောကြောင့် သစ်ကို အားလပ်နေ ပါသည်။ သူ တစ်ယောက်တည်းနေထိုင်ခဲ့သည့် သည်အိမ်ကြီးထဲမှာ သူ့ အတွက် အထီးကျန်မှုတို့ ရစ်သိုင်းနေတာ မှန်ပေမယ့်လည်း မိဘတို့ တစ်ခုတည်းသောအမွေမို့ ကျေနပ်ပါသည်။

မိဘတွေ၏အငွေ့အသက်များကိုလည်း သူ ကောင်းကောင်းခံစား ပါ၏။

ထို့ကြောင့်လည်း ယနေ့အချိန်အထိ အသုံးအဆောင်ပစ္စည်းများကို ဟိုယခင်အတိုင်း ခြေရာလက်ရာမပျက် သူ ထားရှိခဲ့တာဖြစ်သည်။

ဧည့်ခန်းရှိ ရှိုးကေ့ပေါ်က ဓာတ်ပုံမှန်ဘောင်လေးကို သူ ယူကြည့် လိုက်၏။ ဓာတ်ပုံထဲတွင် သင်္ဘောသားအရာရှိတစ်ဦးနှင့် ကျောင်းဆရာ လေးတစ်ဦးတို့ ပွေ့ဖက်ထားကြပြီး သူ့ကို ပြုံးကြည့်နေကြသည်။

သူ ရီရီဝေဝေတစ်ချက်ပြုံးလိုက်ပြီး မှန်ပေါ်မှာ ကပ်တွယ်နေသည့် ဖုန်အလွှာပါးလေးများကို လက်နှင့်ပွတ်သပ်သန့်ရှင်းစေလိုက်၏။

"သစ်ကိုရေ . . . သစ်ကို"

အိမ်ရှေ့မှခေါ်သံကြောင့် ဓာတ်ပုံလေးကို သူ နေရာတကျ ပြန်ထား ခဲ့ပြီး တံခါးဖွင့်ရန် ထွက်လာခဲ့သည်။ တံခါးဖွင့်လိုက်တော့ သူငယ်ချင်းဖြစ်သူ





အေးမင်းသူကို တွေ့လိုက်ရသည်။

"ဟာ အေးမင်းသူ . . . ဘယ်က လှည့်လာခဲ့တာလဲ ဝင်လေကွာ"

"ဒီလိုပါပဲကွာ . . . ငါလည်း ပျင်းနေတာနဲ့ မင်းဆီ ထွက်လာခဲ့တာ"

ပြောပြောဆိုဆိုဖြင့် အေးမင်းသူက ဧည့်ခန်းက ခုံတစ်လုံးပေါ် ဝင်ထိုင်လိုက်သည်။

"ငါ့ဆီမှာတော့ မင်းသိတဲ့အတိုင်းပဲ ဘာပျော်စရာမှ ရှိတာမဟုတ် ဘူး"

"သိပါတယ်ကွာ၊ ပြီးတော့ ငါ မင်းကို တိုင်ပင်အသိပေးစရာလေး ရှိလို့"

အေးမင်းသူစကားကြောင့် သူ ပြုံးလိုက်မိပြီး ခုံတစ်လုံးမှာပင် ဝင်ထိုင်လိုက်သေး၏။

"အမယ် . . . ထူးထူးဆန်းဆန်းပါလား၊ ဒါများ ကျောင်းမှာပြော လည်း ရတာပဲကို"

"မင်းက ကျောင်းမှာဆို ငါနဲ့စကားပြောဖို့အချိန်ရော ရလို့လား။ တစ်ချိန်လုံး လူတွေအုံနေတဲ့ဟာကို ငါက ဘယ်လိုပြောရမလဲ"

ဟုတ်ပါရဲ့။ အေးမင်းသူနှင့်က မေဂျာချင်းလည်း မတူတော့ ရှားရှား ပါးပါး သူငယ်ချင်းလေးတစ်ယောက်ဆိုပေမယ့်လည်း အခြားသူငယ်ချင်း အတွဲတွေလို ပလူးပလဲ မနေဖြစ်။

သို့ပေမယ့်လည်း အေးမင်းသူက သူ့အပေါ်မှာ နားလည်မှုအပြည့် ရှိသော သူငယ်ချင်းတစ်ယောက်ဆိုတာကိုတော့ သူသိပါသည်။

"ဟုတ်ပါပြီ . . . မင်းက ငါ့ကို ဘာတွေတိုင်ပင်ချင်တာလဲ"

သူ့မေးခွန်းထဲမှာ သဘောကျစရာတစ်စုံတစ်ရာ မပါပါဘဲနှင့် အေး မင်းသူက ပြုံးဖြီးဖြီးကြီးလုပ်နေ၏။ ပြီးမှ . . .

"ငါ မတိုင်ပင်ခင် မင်းကို အရင်ဝန်ခံဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင် ဒီနေ့ ဘာဖြစ်လာတယ်မသိ ... မျက်နှာက မချိုမချဉ်နဲ့။ ပြောလိုက်တဲ့စကားတွေကလည်း အဆက်အစပ်မရှိတဲ့ အထူးအဆန်းစကားတွေ။

သို့ပေမယ့် သူ စိတ်ဝင်စားမိပါသည်။ ဘာအမှားတွေလုပ်ခဲ့လို့ ဝန်ခံချင်တာလဲ။

"ဒီလိုကွ ... ဟိုတစ်နေ့က ငါ့ငယ်သူငယ်ချင်းတစ်ယောက်နဲ့ ကော်ဖီဆိုင်တစ်ဆိုင်မှာ တွေ့တယ်၊ ဇာတ်လမ်းက အဲဒီမှာ စတော့တာပဲ၊ ငါ့သူငယ်ချင်းနဲ့အတူ နတ်သမီးလေးတစ်ပါး ပါလာတယ်၊ ငါ့သူငယ်ချင်းရဲ့ ညီမဝမ်းကွဲလို့ ပြောတယ်၊ ငါတို့ကျောင်းထဲကပဲကွ၊ နာမည်က ပပတဲ့၊ ရေရေလည်လည် လန်းတယ်ကွာ"

"အဲဒါနဲ့ ငါနဲ့က ဘယ်လိုပတ်သက်နေလို့လဲ"

"လာမယ်လေကွာ ... ပွင့်ပွင့်လင်းလင်းပြောရင် ငါ ပပကို စိတ်ဝင်စားမိသွားတယ်"

"ဟွန်း!"

သူ သိသိသာသာပဲ နှာခေါင်းရှုံ့ပြလိုက်သည်။ အေးမင်းသူကတော့ သူ့ကို ဂရုစိုက်မနေပါ။ မျက်နှာပြုံးဖြီးဖြီးကြီးနှင့်ပင် ဆက်ပြောနေ၏။

"အဟဲ ... ငါ့ကံလေးက ကောင်းချင်တော့ သူက ငါ့ကို သိနေတယ်ကွ၊ အဲ ... ပြီးတော့ မင်းကိုလည်း သိနေတယ် သစ်ကို"

"ဒါများ အဆန်းလုပ်လို့ ကျောင်းမှာ ငါ့ကိုမသိတဲ့လူ ဘယ်သူများရှိလို့လဲ"

သူ တမင်ပဲ ရွဲ့ပြောပစ်လိုက်၏။

"ဒါတော့ ဒါပေါ့ကွာ၊ အဲ ... ဆန်းတာက ငါ့ကောင်မလေးက မင်းအကြောင်းတွေ လွှတ်မေးတော့တာပဲ သစ်ကို"

ကြည့်စမ်း ... ကြောက်ဖို့ကောင်းလိုက်တာ။ မနေ့တစ်နေ့ကမှ





တွေ့တဲ့ ကောင်မလေးတစ်ယောက်ကို ချက်ချင်းပဲ ဒင်းပါးစပ်ဖျားမှာ "ငါ့ ာင်မလေး" ဖြစ်သွားရရှာတယ်။

သူ မသိဟန်ဆောင်ပြီး အသာပဲ နှုတ်ဆိတ်နေလိုက်ပါသည်။

"ဒါပေမဲ့ မင်းအကြောင်းတွေကို ငါ့ကောင်မလေးက သိပ်စိတ်ဝင် ှုန်းလို့တော့ မဟုတ်ဘူးကွ"

စိတ်အချဉ်ပေါက်လာတာနှင့် သူ ဘုဘောက်ပစ်လိုက်၏။

"ဒါဆိုလည်း ဘာလို့မေးနေသေးလဲကွာ"

"ဒါက ဒီလိုရှိတယ်လေ ... ငါ့ကောင်မလေးရဲ့ သူငယ်ချင်းတစ် ာက်က မင်းအကြောင်းတွေကို စိတ်ဝင်စားနေတာ၊ အဲဒီမှာ မင်းသူငယ် ဖြစ်တဲ့ ငါနဲ့ဆုံပြီး ငါ့သူငယ်ချင်းဖြစ်တဲ့ မင်းအကြောင်းတွေကို စိတ် ဘထားကောင်းမွန်စွာနဲ့ ကူညီစုံစမ်းပေးနေတာ၊ ငါလည်း ပါရမီဖြည့် ..."

"ဒါနဲ့ ... မင်းကလည်း ဘူးထပြီး ကောင်မလေးကို မျက်နှာလို ရနဲ့ ငါ့အကြောင်းတွေကို ခရေစေ့တွင်းကျ ပြောလိုက်တယ် ဆိုပါ

စကားမဆုံးခင် ရုပ်တည်ကြီးနဲ့ သူက ဖြတ်ပြောလိုက်တော့ အေး စပ်ဖြဲဖြဲနဲ့ ခေါင်းညိတ်ပြသည်။

"ဟွန်း! ... တော်တော်အားကိုးရတဲ့ သူငယ်ချင်းပဲ"

"စိတ်မရှိပါနဲ့ သစ်ကိုရာ၊ မင်းအကြောင်းတွေကို ဒီတစ်ခါတည်းပဲ တာပါ။ ဒါကလည်း ငါ့နှလုံးသားဆန္ဒပါ၊ ငါ ပပကို တကယ်ကြွေသွား အဲဒါကြောင့် ခု မင်းဆီကို အဲဒီကိစ္စကို ဝန်ခံရင်း တိုင်ပင်ကြည့်တာပါ၊ ပြီးတော့ ငါ့ရဲ့အချစ်ရေးလေးကိုလည်း မင်းရဲ့ Tarot card ကလေး ကြည့်ရအောင်လို့၊ ကျောင်းမှာက လူတွေရှုပ်တယ်လေ၊ လာပါ ောက်ဖီတိုက်ပါ့မယ်ကွ ... ဟဲ ဟဲ"



www.burmeseclassic.com

www.burmeseclassic.com



တတွတ်တွတ်ထိုင်ပြောနေသည့် အေးမင်းသူကိုကြည့်ပြီး
မရယ်မြစ်အောင် စိတ်ထိန်းထားရသည်။

ဒီကောင့်ကို သူ နည်းနည်းတော့ ညှဉ်းရပါဦးမည်။ ဟုတ်တယ်
...။ ဒီကောင်က သူ့အကြောင်းတွေကို လျှောက်ပြောထားတာ မဟု
လား။

"ကော်ဖီတစ်ခွက်လောက်ကတော့ သွားစမ်းပါကွာ"

"သစ်ကို ... မင်း မညစ်နဲ့နော်"

"ဒါဆိုလည်း သဘောပဲ"

"လုပ်ပါကွာ ... မနက်ဖြန်ကျ ငါ ထမင်းပါကျွေးပါ့မယ်၊ လု
... ငါ့ကိုကြည့်ပေးစမ်းပါ၊ သယ်ရင်းကလည်း လိမ္မာပါတယ်"

"သေချာတယ်နော်"

သူက ညည့်ကျယ်ကျယ်ပြုံးပြီး ပြောတော့ အေးမင်းသူက
ကြိမ်လောက် ခေါင်းညိတ်ပြရ၏။

"Love Creates Everything" ဆိုတဲ့ ဂရိစကားပုံလေးက
မှန်နေပါလားဟုလည်း သူတွေးနေမိသည်။

"ဒါနဲ့ သစ်ကို ... မင်းလည်း နောက်ဆုံးနှစ်ရောက်နေပြီ

"အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမလဲ ... ရည်းစားလေးတစ်ယောက်လောက်တေ
အောင်ရှာထားဦးလေ"

"ခုမှ ရည်းစားရဖို့ စ,လုံးရေ စရမယ့်ကောင်ကများ ကြီးကြီး
ကျယ်နဲ့၊ မှတ်ထား ... အချစ်ဆိုတာက တမင်တကာလိုက် ရှာနေ
အရာမျိုးမဟုတ်ဘူးကွ၊ သူ့အလိုလို မွေးဖွားလာတတ်တာမျိုးကွ"

"အဲဒီတော့လည်း မင်းရဲ့အချစ်ရေးအတွက် ကြိုတွက်လို့ရ
ကိုယ့်ကံကြမ္မာကိုလည်း ကိုယ်ကြည့်ထားဦး"





အေးမင်းသူစကားကို သူ ပြန်မဖြေဖြစ်သေးဘဲ သက်ပြင်းတစ်ချကို
ချလိုက်၏။ ပြီးမှ ...

"ငါ့ကံကြမ္မာကို ငါ မကြည့်ချင်ဘူး၊ ကြိုမကြည့်ဖို့အတွက်လည်း
ငါ ဆုံးဖြတ်ထားတယ်"

"ဘာဖြစ်လို့လဲ"

"ငါ့မိဘတွေ ဆုံးပါးသွားပြီးကတည်းက ငါ့ကံကြမ္မာကို ငါ မဖတ်
တော့တာဘဲ သူငယ်ချင်း၊ လူတွေကတော့ ကိုယ့်မနက်ဖြန်တွေကို ကြိုသိ
ချင်ကြတယ်၊ ငါကတော့ ကြိုသိရမယ့်အဖြစ်ကို ကြောက်တယ်"

"ငါ မင်းပြောတာကို နားမရှင်းဘူး သစ်ကို၊ ကြိုသိနေတော့ ပို
ကောင်းဘူးလား"

သူ ဆွေးဆွေးမြည့်မြည့် တစ်ချက်ပြုံးလိုက်ပြီး ...

"မင်း ထင်လို့ပါကွာ၊ ငါပြောပြမယ် ... လူတစ်ယောက်က မနက်
ဖြန်မှာ ပိုက်ဆံကောက်ရမယ်လို့ ကြိုသိထားတယ်ဆိုပါစို့ကွာ"

"အင်း"

"သူကောက်ရလိုက်တဲ့အချိန်မှာ ကြိုသိပြီးသားကိစ္စတစ်ခုအတွက်
...မထူးဆန်းသလို ခံစားရမယ်၊ ပြီးတော့ အပြည့်အဝ အံ့သြပျော်ရွှင်မနေရ
တော့ဘူးလေ၊ ဘာကြောင့်လဲဆိုတော့ ပိုက်ဆံကောက်ရမှာကို သူက ကြို
...နေပြီးသားကိုး"

"အေးဟ"

"နောက်ဥပမာတစ်ခု ထပ်ပြောပြမယ်၊ လူတစ်ယောက်က နောက်
...စ်လကြာတဲ့အချိန်မှာ သူသေရမယ်လို့ ကံကြမ္မာကို ကြိုသိထားတယ်
ဆိုပါစို့"

"အင်း"

"ဘာမှကြိုမသိထားတဲ့လူနဲ့ အဲလိုကြိုသိနေတဲ့လူ ဘယ်သူက ပို



www.burmeseclassic.com

www.burmeseclassic.com

ကောင်းမယ်လို့ ထင်လဲ''

အေးမင်းသူက သေချာစဉ်းစားပြီးမှ ဖြေလိုက်သည်။

''ဘာမှမသိတဲ့လူက ပိုကောင်းမယ်''

''အေး . . . အဖြေက အဲဒါပဲ၊ သူသေရမယ်ဆိုတာကို ကြိုသိထ
နေတော့ ကျန်ရှိနေတဲ့အချိန်တွေမှာ သာမန်လူတွေလို သူ မပျော်နိုင်တော့
အချိန်ရှိတိုင်း ဒီအတွေးကြီးက သူ့ကိုနှိပ်စက်ပြီး ရှင်လျက်နဲ့ အကြိမ်ကြ
သေနေစေတယ်၊ သူ့စိတ်နဲ့သူ တစ်လမပြည့်ခင်မှာတောင် သေသွားနိုင်သေ
တယ်မဟုတ်လား''

''အေးနော်''

''ဘာမှကြိုသိမထားတဲ့ လူတစ်ယောက်ကတော့ သူ မနက်ဖြန်
သေရမယ်ဆိုရင်တောင်မှ လက်ရှိအချိန်အထိ ဘာအပူအပင်မှမရှိဘဲ ပျော်
နိုင်သေးတယ်၊ သေခါမှသာ သေရောလေ၊ ဘာကြောင့်လဲဆိုတော့ သူ
သူ့ကံကြမ္မာကို သူ ဘာမှသိမထားဘူးလေ၊ တကယ်တော့ ကံကြမ္မာ
ကြိုသိနေတာဟာ ကိုယ့်ကောင်းကျိုးထက် မကောင်းကျိုးတွေ များတယ်
အဲဒါ ငါ့ကိုယ်တွေ့ပဲ''

''အေးကွ . . . မင်းပြောပြတော့လည်း ကြိုသိနေတာဟာ ကြော
စရာတောင် ကောင်းနေသေးတယ်နော်''

သူ ပြန်မဖြေဖြစ်ပါ။

''ဒါဆိုရင် . . . မင်းက ဘာကြောင့် သူများကံကြမ္မာတွေကို ကြည့်
ပေးနေရတာလဲ''

''ဒါ . . . သိပ်ကောင်းတဲ့မေးခွန်းပဲ၊ ဒါပေမဲ့ မင်းတစ်ချက် မေ့သွား
ပုံရတယ်''

''ဘာလဲ''

''ငါက . . . အချစ်ရေးတစ်ခုတည်းကိုပဲ ကြည့်ပေးနေတာလေ''





နောက်တော့ ဘာစကားမှ ထပ်မပြောဖြစ်တော့ဘဲ အတွေးကိုယ်စီ
နှင့် ငြိမ်သက်သွားကြသည်။ ထိုနေ့သည် ဇူလိုင်လ၏နောက်ဆုံးသီတင်းပတ်
အနက်နေ့နေ့လည်း ဖြစ်ခဲ့လေ၏။

■



www.burmeseclassic.com

www.burmeseclassic.com

# (V)

"ကျွန်မကို Tarot ကြည့်ပေးပါ ကိုသစ်ကို"

မေးလာသူ ကျောင်းသူမိန်းကလေးတစ်ယောက်ကို သူ တစ်ချက် ပင့်ကြည့်လိုက်ပြီး ထိုင်ရန် မေးဆတ်ပြလိုက်သည်။

"ပြောပါ . . . ဘယ်လိုကိစ္စမျိုးလဲ၊ အချစ်ရေးသီးသန့်ပဲ ဟောတာ ကိုတော့ သိပါတယ်နော်"

"ဟုတ်ကဲ့၊ သိပါတယ် ကိုသစ်ကို၊ အချစ်ရေးကိုပဲ မေးမှာပါ"

"ကောင်းပြီ . . . မေးပါ"

ကျောင်းသူမိန်းကလေးက ရှက်ရွံ့ဟန်ဖြင့် ဘေးဘီကို တစ်ချက် ကြည့်လိုက်သေးသည်။ ထုံးစံအတိုင်း သစ်ကိုနံဘေးမှာ ကျောင်းသူကျောင်းသားတွေက ဝိုင်းနေကြသည်။

အချို့က မေးရန်၊ အချို့က အပျင်းပြေသာ ကြည့်ကြသည်။ အချို့ကတော့ စိတ်ဝင်တစား၊ အချို့ကတော့ စပ်စပ်စုစု လာကြည့်နေခြင်း ဖြစ်၏။

ဘာပဲဖြစ်ဖြစ် သစ်ကိုနံဘေးမှာတော့ လူစည်နေပါသည်။

မိန်းကလေးက လူအများကြားမှာ မိမိကိုယ်ရေးကိုယ်တာကိစ္စကို မေးရမှာ မလုံမလဲဖြစ်နေဟန် တူပါသည်။ ဒါကိုတော့ သစ်ကိုလည်း မတတ်





နောက်ဆုံးတော့ မိန်းကလေးက အားတင်းပြီး ပြောလိုက်ပုံရပါသည်။

"အဖြစ်အပျက်က ဒီလိုလေးပါ ကိုသစ်ကို၊ ကျွန်မမှာ လွန်ခဲ့တဲ့ ...လောက်ကတည်းက ချစ်သူတစ်ယောက် ရှိပါတယ်၊ ဒီကျောင်းထဲက ...တော့ တတ်ပါဘူး . . . အပြင်ကပါ၊ ကျွန်မနဲ့သူနဲ့ သိပ်ချစ်ခဲ့ပါတယ် ကိုသစ်

သူ ငြိမ်ငြိမ်သက်သက် ဂရုတစိုက်နားထောင်နေပါ၏။ အခြား ...သူကျောင်းသားတွေကလည်း ငြိမ်သက်နားစွင့်နေကြသည်။

"ဒါပေမဲ့ ကျွန်မကွယ်ရာမှာ . . ."

မိန်းကလေးက ပြောရင်းနှင့် ဝမ်းနည်းလာပုံရသည်။ ပြီးမှ အား ...ပြီး ဆက်ပြော၏။

"သူ နောက်တစ်ယောက်နဲ့ တွဲနေတယ်"

"ဟုတ်ကဲ့ . . . မိန်းကလေးမေးချင်တဲ့ မေးခွန်းက"

သူ စကားထောက်ပေးလိုက်၏။ သို့ပေမယ့် အဖြေက ခြားနားလွန်း ...သည်။

"ကျွန်မ သူ့ကို အရမ်းချစ်တယ် ကိုသစ်ကို၊ အဆုံးအရှုံးလည်း ...ဘူး၊ အဲဒါ . . ."

"မေးပါ"

Tarot card ကလေးတွေကို သူ ကျင်လည်စွာ ကုလားဖန်ထိုးရင်း ...ခဲ့သည်။

"ပွင့်ပွင့်လင်းလင်းပြောရရင် သူ့ကို ကျွန်မရင်ခွင်ထဲ ပြန်လာအောင် ...ပေးပါ၊ ဘာအစီအစဉ်ယတြာတွေ လိုအပ်သလဲ ပြောပါ၊ ပိုက်ဆံလည်း ...လောက်ကုန်ကုန်ပါ၊ သူ ပြန်လာဖို့ပဲ အဓိကပါ၊ ကျွန်မကို ကူညီပေးပါ ...စ်ကို"

မိန်းကလေး တကယ်ခံစားနေရတာကို သူ ခံစားမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် လက်ထဲက Tarotတွေကို စားပွဲပေါ် အသာချလိုက်ပြီး

"မိန်းကလေး . . . မင်းမေးခွန်းတွေ များနေပြီ"

"ကျွန်မကို ကျေးဇူးပြုပြီး ကူညီပါ ကိုသစ်ကိုရယ်"

"ကျွန်တော်က ဗေဒင်ဆရာ,မဟုတ်လို့ ယတြာတွေလည်း
တတ်ပါဘူး၊ လူတစ်ယောက် ပြန်လာအောင်လည်း လုပ်မပေးတတ်ပါ
ကျွန်တော်က မိန်းကလေးရဲ့ အချစ်ရေးမေးခွန်း/ ကံကြမ္မာကိုပဲ ဖတ်
တာပါ၊ ဆိုးခြင်း, ကောင်းခြင်းကတော့ ဒီကတ်ပြားလေးတွေအပေါ်
မူတည်ပါတယ်၊ ကျွန်တော်က မိန်းကလေးနဲ့ ကတ်ပြားလေးတွေကြား
ဘာသာပြန်ပေးရုံပါပဲ"

ထိုမိန်းကလေးက သူ့ကို ဆွေးဆွေးလေး တစ်ချက်ကြည့်ပြီး

"ကျွန်မ ဘာဆက်လုပ်ရမလဲဟင်"

"မိန်းကလေးအတွက် ကံကြမ္မာကိုပဲ ကျွန်တော် ကြည့်ပေးနိုင်မှာ
မဟုတ်ရင်တော့ မိန်းကလေး ပြန်လိုက်တာ အကောင်းဆုံးပဲ၊ နောက်
လူတွေကြည့်ပေးရဦးမယ်"

သူက အဲသလိုပါပဲ။ စကားကို ပွင့်ပွင့်လင်းလင်းပဲ ပြောလေ့ရှိ
သေချာတာကတော့ အခြားဗေဒင်ဆရာ၊ အကြားအမြင်ဆရာ၊ ရှေ့ဖြစ်
ပုဂ္ဂိုလ်တွေလို အပိုစကားတွေကို နားဝင်ပီယံဖြစ်အောင် မပြောတတ်
မလိုအပ်တဲ့စကားကိုလည်း မပြောတတ်ပေ။

"ဒါဆိုရင် . . . ကျွန်မ သူနဲ့ ဆုံနိုင်,မဆုံနိုင်၊ ပေါင်းနိုင်,မပေါင်း
နိုင်ပေါ့နော်၊ ကံကြမ္မာကို ကြည့်ပေးလို့ရမလား ကိုသစ်ကို"

"အင်း . . . ဒါဆိုရင်တော့ ရပါတယ်"

သူ Tarot ကတ်ကလေးတွေကို သူ့ရှေ့ကို ချပေးလိုက်ပြီး
လိုက်၏။ ကျောင်းသားကျောင်းသူတွေကတော့ စိတ်ဝင်တစား စောင့်ကြည့်
နေကြ၏။





ထိုအထဲတွင် ကေရီနှင့်ပပတို့လည်း ပါဝင်ခဲ့လေသည်။

"ဒီကတ်ကလေးက မိန်းကလေးရဲ့ ကံကြမ္မာနိမိတ်ပုံပါ"

သူ ပြောပြောဆိုဆို လှန်ကြည့်လိုက်သည်။ နိမိတ်ပုံက ကတ်နံပါတ်
(၅) ပြောင်းပြန်ဖြစ်၏။ ထိုမိန်းကလေးနှင့်အတူ သူ မျက်ဝန်းချင်း ဆုံသွားကြ
သည်။

"စိတ်မကောင်းပါဘူး မိန်းကလေး။ မင်း သူနဲ့ပေါင်းဖက်ခွင့် မရှိပါ
ဘူး။ ဒါပေမဲ့ . . . အဲဒါဟာ မင်းအတွက် ကောင်းတဲ့ကံကြမ္မာပါပဲ၊ မင်းအိမ်
ထောင်ဖက်က မင်းအပေါ်မှာ အရမ်းကောင်းတယ်၊ အခုချိန်မှာ အချစ်
အတွက် မင်းခံစားနာကျင်နေရတယ်ဆိုပေမယ့်လည်း မင်း အချစ်အတွက်နဲ့
တစ်သက်လုံး စိတ်ချမ်းသာမှာပါ မိန်းကလေး"

သူ့အဖြေအတွက် ထိုမိန်းကလေးက အားယူပြုံးပြလိုက်ပြီး

"ကျေးဇူးတင်ပါတယ် ကိုသစ်ကို . . . ဒီမှာပါ"

ဆိုပြီး ငွေ (၁၅၀၀) ကို စားပွဲပေါ်တင်ခဲ့ပြီး ထွက်သွားလေတော့၏။

■



www.burmeseclassic.com

www.burmeseclassic.com




| | | |
|---|---|---|
| မြန်မာ | - | သူတော်စင် |
| ENGLISH | - | The Hieroprant |
| ITALIAN | - | IL Papa |
| FRENCH | - | LE Pape |
| GERMAN | - | Der Papst |

Tarot Card နံပါတ် (၅) တွင် သူတော်စင်ရဟန်းချုပ်ကြီးက အဆင့် (၃) ဆင့်ပါဝင်သော သရဖူတစ်ခုကို ဆောင်းထားသည်။

ထိုသရဖူ (၃) ဆင့်သည် ရုပ်ခန္ဓာကို ရင်းနှီးရသော ကာယစွမ်းရည်၊ ဉာဏအတတ်တို့ဖြင့် ဘဝရပ်တည်ရသော လောကုတ္တရာပညာရှင်၏ ထူးခြားသောနိမိတ်ပုံကို ရည်ညွှန်းထားခြင်းဖြစ်သည်။

ဝဲယာတစ်ဖက်တစ်ချက်တွင်ရှိသော ကျောက်တိုင်ကြီး (၂) ခုသည် လွတ်မြောက်ခြင်း (Freedom) နှင့် ဥပဒေ (Law) တို့ကိုကိုယ်စားပြုပြီး ညာဘက်လက်မှ လက်နှစ်ချောင်းထောင်ပြထားခြင်းသည် ကောင်းခြင်း (Good) နှင့် ဆိုးခြင်း (Evil) တို့ကြား မိမိရဲ့သမာဓိစွမ်းအား (Will Power) ကို အသုံးချရန် ဖော်ညွှန်းပြထား၏။

ဘယ်ဘက်လက်တွင် အဆင့် (၃) ဆင့်ပါသော မှော်နှင်တံသည် ကိုယ်ခန္ဓာ (Body)၊ အသိစိတ် (Mind) နှင့် နာမ်ဝိညာဉ် (Soul) တို့ကို ခြားနားသိမြင်စေပြီး ပေါင်းစည်းအသုံးချတတ်စေရန် ဖြစ်သည်။ သော့နှစ်ချောင်းမှာမူ အသိပညာနှင့် အတတ်ပညာတို့ ဖွင့်လှစ်နိုင်စေရန် ရည်ရွယ်သားခဲ့၏။

သီလစင်ကြယ်သော ပုဂ္ဂိုလ်အကြီးအကဲတို့၏ ထူးခြားသော

www.burmeseclassic.com



အထောက်အကူများဖြင့် လူအပေါင်းကို စေခိုင်းအုပ်ချုပ်နိုင်မည်ဟု ခြေရင်းတွင် ခံစားနေသော လူနှစ်ဦး၏နိမိတ်ပုံဖြင့် ဖော်ပြထားသည်။ အချုပ်ဆိုရသော် ဤနိမိတ်ပုံသည် ကောင်းမွန်မှုကို ဖော်ဆောင်ထားသောပုံ ဖြစ်လေသည်။

■



# (E)

ထိုနေ့က သစ်ကို Tarot ဟောနေသည်ကို ကေရီဆိုသော ကောင်းက သူငယ်ချင်းဖြစ်သူ ပပနှင့်အတူ အကဲခတ်ကြည့်ရှုခဲ့သည်။

အပြန်တွင် သူမက သူငယ်ချင်းဖြစ်သူကို မနက်ဖြန်တွင် သစ်ကို ရှာ သူမကိုယ်တိုင် Tarot သွားမေးမည်ဟုဆိုရာ ပပက မယုံကြည်ဘဲနှင့် မေးရန် သူမကို တားမြစ်ပြောဆိုနေခဲ့၏။

(မလိုလားအပ်သော အခြားပြဿနာများ မဖြစ်ပေါ်စေရန်အတွက် ဖြစ်နေပုံရ၏)

သူမတို့နှစ်ဦး ပြောဆိုနေကြသော စကားအကျဉ်းချုပ်မှာ အောက်ပါ း ဖြစ်သည်။

။ ။ မလုပ်စမ်းပါနဲ့ ကေရီရယ် . . . ပြဿနာကို မီးခွက်ထွန်း မရှာချင်စမ်းပါနဲ့၊ ဝေဖြိုးအဖြစ်ကို နင်မေ့သွားပြီလား။

။ ။ အေးဆေးပါဟာ . . . ငါက ဝေဖြိုးလို ပညာသွားစမ်းမှာလည်း မဟုတ်ပါဘူး . . . ရပါတယ်။

။ ။ နင့်ပုံစံနဲ့ မဖြစ်ပါဘူး။

။ ။ ဘာကိစ္စ မဖြစ်ရမှာလဲ၊ ငါက သူ ဘယ်လောက်ဟောသလဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကို စမ်းသပ်ကြည့်ရုံပါပဲ။

ပပ ။ ။ ဘာအကျိုးရှိမှာမို့လို့လဲဟာ။

ကေရီ။ ။ လောလောဆယ် ငါ အကဲခတ်ရသလောက်ကတော့ သစ်ကို

စကားနည်းတယ်၊ တည်ကြည်တယ်၊ သူ့ကိုယ်သူ ယုံကြ

တယ်၊ ဟုတ်တယ်နော်။

ပပ ။ ။ ......။

ကေရီ။ ။ ဒါပေမဲ့ ... ဘာမဟုတ်တဲ့ ကတ်ပြားလေးတွေကို ယုံကြည်

လွန်ကဲလွန်းနေတယ်လို့ ငါထင်တယ်၊ သူ ယုံကြည်သလို ဘ

တွေက အသေမဆန်ဘူးလေ၊ အလှည့်အပြောင်း၊ အချ

အကွေ့တွေ အများကြီးရှိတယ်၊ သူ ကျစ်ကျစ်ပါအောင် ကိုင်

ထားတဲ့ သက်မဲ့ကတ်ပြားလေးတွေက ထင်သလောက် အစွ

မရှိဘူးဆိုတာကို ငါ သူ့ကို သိစေချင်တယ် ပပ။

ပပ ။ ။ နင်နဲ့တော့ ခက်တာပဲဟာ။

ကေရီ။ ။ ရတယ်လေ ... မနက်ဖြန် နင်မလိုက်ချင်ရင် နေခဲ့လေ၊ ငါ

တော့ မနက်ဖြန်မှာ သစ်ကိုဆီကို ရောက်အောင်သွားမေးမှာ

ပပ ။ ။ ......။

■



# (VI)

"Tarot မေးလို့ရမလား"

သူ ဖျတ်ခနဲ မော့ကြည့်လိုက်မိသည်။ သာမန်ထက် အနည်းငယ် ချောမောပြေပြစ်လှပြီး ထက်ထက်မြက်မြက်ရှိမည့် မိန်းကလေးတစ်ယောက်ဟုလည်း သူ မှတ်ချက်ချလိုက်မိပါ၏။

"သတ်မှတ်ချိန်တော့ မရောက်သေးပါဘူး၊ ဒါပေမဲ့ ကျွန်တော်လည်း Breakfast စားပြီးပြီဆိုတော့ ရပါတယ် ... ထိုင်ပါ"

သူက လက်မှနာရီကို တစ်ချက်ငုံ့ကြည့်ရင်း ပြောလိုက်၏။

"ထိုင်လေ သူငယ်ချင်း"

သူမက ပပကို ဝင်ထိုင်ရန် သတိပေးသလိုပြောလိုက်မှ သူမမှာ အဖော်တစ်ယောက်ပါမှန်း သူ သတိထားမိသွားသည်။

ထိုစဉ် ...

"သစ်ကို လုပ်ငန်းစတော့မှာလား"

အေးမင်းသူ ရောက်လာ၏။ ပြီးမှ ပပကို မြင်သွားပုံရသည်။ မျက်နှာကြီးဖြင့် ...

"ဟာ ဘယ်သူများလဲလို့ ... ပပတို့ပါလား၊ ဘာလဲ ... သစ်ကိုဆီ Tarot လာမေးတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကိုအေးမင်းသူ၊ ဒါပေမဲ့ ပပမေးမှာ မဟုတ်ဘူး။ သူငယ်ချင်းကို အဖော်လိုက်ပေးတာ"

"သြော်"

သူ . . . သူမကို တစ်ချက်ကြည့်ပြီး ပြုံးလိုက်မိသည်။ သူမကတော့ သူလုပ်ကိုင်သမျှကို အသေးစိတ်လိုက်ကြည့်နေပုံရ၏။ ခဏကြာမှ သူမက အရင်စကားစ၏။

"ကိုသစ်ကို"

"ဟုတ်ကဲ့ . . . ပြောပါ"

"ပုဂ္ဂိုလ်ရေးမေးခွန်းတစ်ခုလောက် မေးချင်လို့ပါ . . . ရမလား"

သူမကို တစ်ချက်စိုက်ကြည့်ပစ်လိုက်၏။ သူမကတော့ တည်တည် ငြိမ်ငြိမ်ပဲ ရှိနေပါသည်။ ပပဆိုသူကတော့ သူနှင့်အေးမင်းသူတို့ကို အားနာ သလိုကြည့်ပြီး ပြုံးပြနေသည်။

သူမမေးခွန်းအတွက် အခြားသူတစ်ယောက်ယောက်သာ ဆိုလျှင် တော့ သူ ငြင်းဆန်လိုက်မိမှာသေချာပါ၏။ သို့ပေမယ့် သူ့စိတ်ထဲမှာ သူမ နဲ့ဆုံတွေ့ရခြင်းကို ထူးဆန်းသလို ခံစားနေရသည်ကြောင့် . . .

"ဟုတ်ကဲ့ . . . မေးကြည့်ပါ၊ ဒါပေမဲ့ မ,မိန်းကလေး မမေးခင် ကျွန်တော် တစ်ခုလောက် ပြောလို့ရမလား"

ဒါ . . . နောက်ဆုံးပေါ် နာမည်မေးနည်းတဲ့လား။ 'မ,မိန်းကလေး' တဲ့။ သူမအပြုံးကို ရင်ထဲမှာပဲ သိမ်းဆည်းပစ်လိုက်ပြီး သူ့ကို မျက်ဝန်းချင်း ဆုံပစ်လိုက်၏။

"ပြောပါ ကိုသစ်ကို၊ ကျွန်မနာမည်က မိန်းကလေးမဟုတ်ပါဘူး . . . ဇေကရီပါ"

"ဟုတ်ကဲ့ မဇေကရီ၊ မဇေကရီ ကျွန်တော့်ဆီရောက်လာခဲ့တာ Tarot ကြည့်ချင်တာထက် တစ်ခုခုကို စူးစမ်းချင်လို့မဟုတ်လား၊ ပွင့်ပွင့်လင်းလင်း





ပြောရရင် မဇေကရီစိတ်ထဲမှာ Tarot ကို မယုံဘူးမဟုတ်လား"

"ဒါက . . ."

သူမ စကားမဆုံးခင် သူ ဖြတ်ပြောပစ်လိုက်မိသည်။

"ရပါတယ် . . . ကိစ္စမရှိပါဘူး မဇေကရီ၊ ကျွန်တော့်စိတ်ထဲက ခံ ယူထင်မြင်ချက်သက်သက်ပါ၊ ဒီစကားအတွက် မဇေကရီရဲ့တုံ့ပြန်မှုကိုလည်း ကျွန်တော် အလိုမရှိပါဘူး"

စကားအဆုံးမှာ တဒင်္ဂ ငြိမ်သက်သွားကြသည်။ သစ်ကို့ကိုလည်း သူမစိတ်ထဲမှာ အတော်လေးဖြို့သွား၏။

"မဇေကရီ မေးချင်တာမေးပါ"

သူမ အားတင်းလိုက်၏။ သူမမေးခွန်းအတွက် သူ စိတ်ဆိုးလျှင် လည်း သူမ လုံးဝတတ်နိုင်မည် မဟုတ်ပါ။

"ကိုသစ်ကို . . . ရှင်က ဒီအသက်မဲ့နေတဲ့ Tarot card ကလေး တွေကို သိပ်ယုံကြည်တာပဲလား"

သူ . . . သူမကို အံ့အားသင့်သွားမိသည်။ မင်း ဘယ်လိုမိန်းကလေး လဲ။ ပပက သူမကို လက်တို့နေ၏။ သူမပုံစံက လုံးဝ မတုန်လှုပ်။ သူ ပြုံးစားပြုံးလိုက်ပြီး ဖြေပေးလိုက်သည်။

"ဟုတ်ကဲ့ . . . ကျွန်တော့်ကိုယ်ကျွန်တော်ထက်ကို ဒီကတ်လေး တွေကို ယုံကြည်သက်ဝင်ပါတယ် မဇေကရီ . . . ဘာဖြစ်လို့လဲ သိလား"

သူမက ညင်ညင်သာသာ ခေါင်းခါပြတော့ သူ လျှို့ဝှက်စွာ ပြုံးနေ ၏။

ထုံးစံအတိုင်း သစ်ကို့ရှိရာ Tarot ဝိုင်းလေးနားသို့ အခြား ကျောင်းသူ ကျောင်းသားတွေ အလျှိုလျှိုရောက်လာပြီး စည်ကားစပြုလာပြီဖြစ်သည်။

"ကျွန်တော့်မှာ အပေါင်းအသင်း သိပ်မရှိပါဘူး၊ ကျွန်တော့်ကိုယ် တိုင် အရောတဝင် မပေါင်းသင်းတာလည်း ပါတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆိုလိုရင်းတွေကို သူမ နားမလည်နိုင်သည့်တိုင် စိတ်ဝင်တစား နားထောင်နေပါသည်။ အေးမင်းသူကတော့ သူ့ကို အထူးအဆန်းသတ္တဝါ တစ်ကောင်လို စူးစိုက်ကြည့်နေခဲ့၏။

ကြည့်မည်ပေါ့ . . .။ သစ်ကိုက မလိုအပ်ဘဲ ဘယ်သူ့ကိုမှ စကား အပိုတွေ ပြောတတ်တာမှမဟုတ်ဘဲ။ အခု . . . သစ်ကို ဘာဖြစ်ရတာလဲ

"(၃၁) ဘုံမှာ ကျင်လည်နေတဲ့ ဒြပ်ရှိ ဒြပ်မဲ့သတ္တဝါတွေ အားလုံး ထဲမှာ ကြောက်စရာအကောင်းဆုံးနဲ့ လိမ်လည်တတ်ပြီး ကတိမတည်ဆုံး လူတွေပဲ မကေရီ၊ ဟုတ်ပါတယ် . . . မကေရီပြောသလို ကျွန်တော့် Tarot card ကလေးတွေ အသက်မဲ့တာ မှန်ပေမယ့် သူ ကျွန်တော့်ကိုတော့ ဘယ်တော့မှ မဟုတ်မမှန်တာတွေ မပြောဘူးလေ၊ ကျွန်တော့်မိဘတွေ ဆုံးပါးသွားပြီးကတည်းက ကျွန်တော့်အပေါ်မှာ သစ္စာအရှိဆုံးနဲ့ အရင်းနှီးဆုံး မိတ်ဆွေဟာ Tarot ပဲ၊ ကျွန်တော်နဲ့ Tarot နဲ့က အပြန်အလှန် နားလည် သစ္စာရှိနေကြတဲ့ ထာဝရမိတ်ဆွေတွေပဲ မကေရီ"

လဲ့လဲ့လွင်လွင် လေပွေငယ်လေးတစ်ချက် တိုက်ခတ်သွားရုံမှအပ ပတ်ဝန်းကျင်မှာ တစ်စုံတစ်ရာ ထူးခြားမှုမရှိပါ။ သူမနှင့်သူ မျက်ဝန်းချင်းတော့ ဆုံမိနေပါ၏။

"ဟုတ်ကဲ့ပါ၊ အကယ်၍များ ကိုသစ်ကိုမှာ အသက်ထက်ချစ်ရမယ့် ချစ်သူတစ်ယောက်ရှိတယ်ဆိုပါစို့"

"အင်း"

ချောင်းပိတ်ရိုက်မေးတော့ သူမမေးခွန်းတွေကို သူ ကြိုတင် ရိပ်စား မိပါသည်။ သူမအပြုံးက မာယာအချို့ကိုလည်း သူ လှစ်ခနဲ မြင်လိုက်မိသေး ၏။

ပတ်ဝန်းကျင်ကတော့ ကြောက်စရာကောင်းလောက်အောင် တိတ် ဆိတ်နေသည်။ ပပကတော့ မျက်စိမျက်နှာပျက်ပျက်နှင့် အေးမင်းသူကို





ကြည့်နေ၏။

"အဲဒီချစ်သူက ရှင့်ကို တစ်နေ့နေ့မှာ Tarot နဲ့ သူ့ကို ရွေးခိုင်းလာ မယ်ဆိုရင်ရော ရှင် ဘယ်လိုဆုံးဖြတ်မလဲ ကိုသစ်ကို၊ ရှင့်အတွက် အခက် တွေ့နေမယ်ဆိုရင်တော့ ဒီမေးခွန်းကို ကျွန်မ ပြန်ရုပ်သိမ်းပါတယ်"

သူမ ရွေ့တဲ့အကွက်က ပိရိသေသပ်လွန်းပါ၏။ သို့သော် . . .

"ကျွန်တော်ဖြေပါ့မယ် မကေရီ"

သူမမျက်နှာပေါ်က ကျေနပ်မှုပုံရိပ်တို့ ရုတ်ခြည်း လွင့်ပါးသွား၏။ အတွေးထဲမှာ ဒီမေးခွန်းအတွက် သူ ငြင်းဆန်လိမ့်မည်ဟု တစ်ထစ်ချ ကြည့်ထားခဲ့သည် မဟုတ်လော။ အခုတော့ . . .

"ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ချစ်သူ ဖြစ်လာမယ့်သူက အဲသ လို သဘောထားသေးသိမ်တဲ့ မိန်းမတစ်ယောက်ဖြစ်လာမှာ မဟုတ်လို့ပါဘဲ မကေရီ"

သူမ သူ့ကို အတော်ရှိန်သွားသည်။ သူဟာ စကားအပြောအဆို ကျည်တည်ငြိမ်ငြိမ်နှင့် အလွန်ပါးနပ်လိမ္မာသူတစ်ယောက်ဖြစ်မှန်းကိုလည်း သတိထားမိသွား၏။

သူမ ဆွံ့အနေချိန်မှာပဲ သူက စကားဝိုင်းလေးကို ပိတ်သိမ်းပစ်လိုက် ၏။

"ပုဂ္ဂိုလ်ရေးမေးခွန်းတွေရပ်ပြီး အလုပ်ကလေး စလိုက်ရအောင်ပါ"

ပြောပြောဆိုဆိုဖြင့် Tarot card လေးတွေကို ထုတ်ပြီး သေသပ် စွာ မွှေနှောက်နေ၏။ သူ့လုပ်ပုံက သေသပ်သည်။ လှပသည်။ ကျွမ်းကျင် သည်။ အနုပညာဆန်သည်။

"မေးပါ မကေရီ"

တကယ်တော့ သူမ မေးခွန်းအတွက် အဆင်သင့်မရှိခဲ့ပါ။ သို့ပေ မဲ့လည်း . . .



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မအချစ်ရေးနဲ့ပတ်သက်ပြီး ရှင့်ကတ်ကလေးတွေ ပြော တဲ့အတိုင်း ဟောပေးပါ ကိုသစ်ကို"

မရေမရာဆိုတာသိပေမယ့် သူ လက်ခံလိုက်သည်။

"ချိုးပါ မကေရီ"

"ဟုတ်ကဲ့"

သူမရှေ့မှာ နိမိတ်ပုံ Tarot card လေးတစ်ခုက မှောက်လျက်အနေ အထားနှင့် ရောက်ရှိနေခဲ့ပြီ ဖြစ်၏။ အယုံအကြည်မရှိခဲ့တဲ့ သူမအတွက် ရင်ခုန်စိတ်လှုပ်ရှားနေမိတာကိုတော့ တစ်ဆိတ် အံ့ဩစရာကောင်းနေလှ ပါသည်။ သည်အချိန်မှာပဲ သူက နူးညံ့ညင်သာစွာ ကတ်ကလေးကို ဆွဲလှန် ပြလိုက်၏။

"အို"

"ဟင်"

"……….."

Card လေးပေါ်က နိမိတ်ပုံတစ်ခုကြောင့် အားလုံး ပိုမိုစိတ်ဝင်စား နေကြသည်။ သူ ဘာပြောမလဲ။ အတွေးတို့က သူ့ရင်အစုံကို ဆောင့်ခုန်သွား စေပါသည်။

သူကတော့ နှုတ်ခမ်းလေး တွန့်ကွေးသွားတယ်ဆိုရုံမျှသာ လှုပ်ခတ် ပြီး လျှို့ဝှက်စွာ ပြုံးနေ၏။

"ကျွန်မအတွက် အချစ်ရေးကံကြမ္မာက ဘယ်လိုပြောထားတာလဲ ကိုသစ်ကို"

■






| | | |
|---|---|---|
| မြန်မာ | - | ချစ်သူများ |
| ENGLISH | - | The Lovers |
| ITALIAN | - | Gli Amanti |
| FRENCH | - | L' Amoureux |
| GERMAN | - | Die Liebenden |

www.burmeseclassic.com

www.burmeseclassic.com

"Tarot Card တွေထဲက Major (၂၂) ကတ်ထဲက ခြောက်ကတ် မြောက်ပါ၊ ကမ္ဘာဦးအစက အာဒမ် (Ardam) နဲ့ ဧဝ (Eve) တို့ချစ်သူနှစ်ဦးရဲ့ နိမိတ်ပုံပါ၊ ဒီနိမိတ်ပုံထဲမှာ ဧဝက (The Tree of Knowledge of Good and Evil) လို့ ခေါ်တဲ့ အကောင်းအဆိုးကို ခွဲခြားသိမြင်စေတဲ့ သစ်ပင်ရှေ့မှာ ရပ်နေတယ်၊ ဒါပေမဲ့ အဲဒီသစ်ပင်ကို မကောင်းမှုအားပေးတတ်တဲ့ မြွေဆိုးကြီးက ရစ်ပတ်ထားပါတယ်"

သူ့ရဲ့ပြောဆိုနေမှုအောက်မှာ သူမ တကယ်ပဲ ရင်ခုန်စိတ်လှုပ်ရှား နေရ၏။

"အာဒမ်ကတော့ မီးတောက်မီးလျှံတွေသီးပွင့်နေတဲ့ (The Tree of Flames) အပင်ရှေ့မှာရပ်ပြီး ချစ်ရသူဧဝကို တရှိုက်မက်မက် ငေးကြည့် နေတယ်၊ သူတို့နှစ်ဦးရဲ့ကြားမှာတော့ ခြောက်သွေ့ကြမ်းတမ်းနေတဲ့ တောင် တန်းကြီးတစ်ခု ရှိနေတယ်၊ ပြီးတော့ တိမ်တိုက်တွေကြားကနေ နေမင်းကြီး သူတို့နှစ်ဦးကို ကောင်းချီးပေးနေပုံပါ"

သူ ဘာကိုဆိုလိုချင်တာလဲ။ သူမ သိချင်စိတ်ကို မနည်းအောင့် အည်းနေရ၏။

"နိမိတ်ပုံရဲ့အဓိကဆိုလိုရင်းကတော့ ချစ်သူနှစ်ယောက်နဲ့ ကံကြမ္မာ





ကြားက ဘဝတိုက်ပွဲတွေ, လောကမာယာတွေနဲ့ ခါးသီးမှု, ပျော်ရွှင်မှု, ချစ်မေတ္တာတို့ကို ဖော်ပြထားတာပါ မကေရီ"

"အဲဒီတော့"

သူမက တည်ငြိမ်ဟန်ဖြင့် စကားထောက်ပေးလိုက်သည်။ သူက တော့ ပြုံးစစဖြင့် . . .

"ကျွန်တော့်ကို မယုံကြည်နိုင်သေးဘူးမဟုတ်လား"

". . . . . . . . . ."

သူမ ပြန်မဖြေဖြစ်သေး။ သူက ဘာဖြစ်လို့ ငါ့အတွေး ငါ့စိတ်တွေ ကို ကြိုရိပ်မိနေရတာလဲ။

"ယုံကြည်သည်ဖြစ်စေ, မယုံကြည်သည်ဖြစ်စေ ကျွန်တော် ပြောရ ဦးမယ်"

"ပြောပါ ကိုသစ်ကို"

"အခု . . . မကေရီတစ်ကိုယ်လုံး ဝတ်စားလာတဲ့ အသုံးအဆောင် တွေထဲမှာ အနီရောင်တစ်ခုမှ မပါပါဘူးနော်"

"အင်း . . . ဟုတ်ပါတယ်၊ ဘာဖြစ်လို့လဲ"

အခြားသူတွေက သူ့စကားကြောင့် သူမကို ဝိုင်းကြည့်နေ၏။ သူမကိုယ်တိုင်လည်း သူမကိုယ်သူမ ငုံ့ကြည့်မိသွားသည်။

"ငါ . . . ဘာမှားနေလို့လဲ"

"မဟုတ်ပါဘူး . . . ကျွန်တော် စ,ဟောတော့မလို့ပါ"

သူမ ထပ်မမေးဖြစ်တော့ဘဲ သူပြောတာတွေကိုပဲ ဂရုစိုက် နား ထောင်နေမိသည်။

"မကေရီကို ဒီနိမိတ်ပုံလေးက ပြောနေတယ်၊ မကေရီက အင်မ တန်ခေါင်းမာပြီး တစ်ဖွတ်ထိုးဆန်တတ်တဲ့၊ ပြီးတော့ အနီရောင်ကို ပေါ်ယံ ကြည်းက သိပ်ကြိုက်တယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ဟုတ်တယ်၊ ဒါကို ရှင် ဘယ်လိုသိနေတာလဲ"

ဒီတစ်ခါတော့ သူမ တကယ်အံ့သြသွားသည်။ ပပလည်း မျက်လုံး ပြူးနေပြီ။

"ကျွန်တော် မသိပါဘူး မကေရီ၊ ဒီအသက်မဲ့နေတဲ့ ကတ်ကလေး တွေက ပြောနေတာပါ"

"ဟွန်း"

သူမ နှာခေါင်းရှုံ့သွားသည်။ တော်တော် စကားပြောတတ်တဲ့လူ

"အခု . . . ကတ်ကလေးတွေပြောတဲ့ အချစ်ရေးကံကြမ္မာကို ပြော တော့မယ်နော်"

သူမက ခေါင်းညိတ်ပြ၏။

"မကေရီ ရည်းစားတစ်ယောက်မှ ထားဖူးပုံမပေါ်ဘူးနော်"

"ရှင် . . . ဩော် . . . အင်း"

သူမ အယောင်ယောင်အမှားမှားနှင့် ဘာတွေပြောမိမှန်းပင် မသိ တော့။ ပြီးမှ . . .

"မထားတာပါ၊ ကျွန်မ ထားချင်ရင်"

"ဟောဗျာ . . . ကျွန်တော်က ဘာပြောလို့လဲ"

"ရှင်ပဲ ရည်းစားမထားဖူးသေးဘူးဆို၊ ကျွန်မက စိတ်ကိုမဝင်စား တာ"

"ဩော်"

"ဟီး ဟီး"

သူတို့ကိုကြည့်ပြီး ပပက အရင်စရယ်၏။ နောက် . . . အေးမင်းသူ ပြီးတော့ အားလုံးလိုလို ဝါးလုံးကွဲရယ်ဖြစ်ကြ၏။

သူကတော့ ပြုံးရွှဲပဲနေသည်။ သူမကတော့ ရှက်ရွံ့ထူပူနေပုံ ရယ် နှုတ်ခမ်းလေးတွေ ပါးလေးတွေ နီတာရဲလာခဲ့သည်။ သူ စိတ်ထဲကနေ





တိတ်တိတ်ကလေး မှတ်ချက်ပေးလိုက်မိသည်။

"မင်း . . . သိပ်လှတယ် ကေရီ"

ရယ်သံတွေ ကျဲပါးသွားတော့ သူမက . . .

"ဆိုင်တာပဲဟောပါ ကိုသစ်ကို"

"ကျွန်တော်လည်း ဆိုင်တာကိုပဲ ဟောနေတာပါ မကေရီ"

သူမက "မပြောချင်တော့ဘူး" ဆိုတဲ့ပုံနဲ့ မျက်စောင်းတစ်ချက် ထိုးကြည့်လိုက်၏။

"ဒီတစ်ပတ် (၇) ရက်အတွင်းမှာ"

သူက စကားကို ခဏဖြတ်ထား၏။ အားလုံးကလည်း သူ့ကို စောင့်ကြည့်နေကြသည်။

"မကေရီအတွက် ပထမဦးဆုံးနဲ့ နောက်ဆုံးသော ချစ်သူတစ် ယောက် ရလိမ့်မယ်"

"ဘာ!"

သူ ခေါင်းညိတ်ပြတော့ သူ အတော်အံ့အားသင့်နေပုံရသည်။ နောက်တော့ အကောင်းစားပြက်လုံးတစ်ခုကို ကြားလိုက်ရသလို သူမ ရယ် မောနေ၏။

"မဖြစ်နိုင်တာ ကိုသစ်ကိုရယ်"

သူမက သူတွေ့ဆုံဖူးတဲ့ မိန်းကလေးအများစုလို မဟုတ်တာတော့ သေချာပါသည်။ အခြားမိန်းကလေးတစ်ယောက်သာ သူမနေရာမှာဆိုရင် ဒီဟောကိန်းအတွက် . . .

"ဟယ် . . . တကယ်"

"ဝမ်းသာလိုက်တာ"

". . . . . . . . . . ."

စသည့်အသံတွေ ကြားရမည်ဖြစ်သည်။ ယခုတော့ . . .

www.burmeseclassic.com



"မဖြစ်သေးတာပါ မကေရီ၊ သေချာတာကတော့ ကျွန်တော့်ကတ်ကလေးတွေက တစ်ခါမှ လိမ်ညာမပြောဖူးသေးဘူး၊ (၇) ရက်အတွင်းမှာ မကေရီ ချစ်သူတစ်ယောက် ရလိမ့်မယ်၊ တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ကြတဲ့ ချစ်သူတွေပေါ့"

"ရှင် . . . ဒီကတ်တွေနဲ့ပတ်သက်ပြီး ယုံကြည်မှု သိပ်လွန်ကဲနေပြီတိုသစ်ကို"

"ကျွန်တော့်အဖြေကို မကေရီ မယုံကြည်လို့ရပါတယ်၊ ဒါပေမဲ့ လက်ခံလိုက်ရလိမ့်မယ်"

သူမက မဲ့ခနဲ ပြုံးနေ၏။ သူကတော့ သူမကို သိပ်သည်းစွာ ခပ်ပြင်းပြင်းနှင့် စိုက်ကြည့်နေပါသည်။ ထိုစဉ် သူမက မတ်တတ်ထရပ်လိုက်ပြီး စကားတစ်ခွန်းပြောလိုက်၏။

"လူလိမ်"

ပြောပြီး သူမ နောက်လှည့်ထွက်လာခဲ့သည်။ ပပကိုပင် မခေါ်ခဲ့မိ။ သူမ ရက်ရွှဲထုပ္ပနေတာလည်း ပါမည်ထင်ပါသည်။ အလကား . . . အဓိပ္ပာယ်မရှိလိုက်တာ။ လူတွေအားလုံးကတော့ သူနှင့်သူမတို့ကို ပါးစပ်အဟောင်းသားနှင့် ကြောင်ငေးကြည့်နေကြ၏။

ထိုစဉ် . . .

"မကေရီ"

ဆွဲငင်အားအပြည့်ပါသည့် မတိုးမကျယ် သူ့ခေါ်သံကြောင့် သူမ ကိုယ်လုံးလေး မတ်ခနဲဖြစ်သွား၏။ အားလုံးကလည်း ဘာဆက်ဖြစ်မလဲ ဆိုတဲ့ အတွေးနဲ့ ပိုမိုစိတ်ဝင်စားလာကြပုံရသည်။

သူမကလည်း . . .

"ဘာများလဲ"

ဆိုတဲ့ အတွေးနှင့် နောက်လှည့်ကြည့်လိုက်၏။





"ဒို"

ပြုံးစစမျက်နှာပေးနှင့် ရိုဝေဝေမျက်ဝန်းအကြည့်တို့ကြောင့် သူမ ရင်ခုန်သွားသည်။ သူ ဘာပြောမလို့လဲ။

"ပိုက်ဆံ မပေးရသေးဘူးလေ"

"ရှင်"

သည်တော့မှ သူမအဖြစ်ကို တွေးမိသွားပုံရသည်။

ဟုတ်ပါရဲ့။ ငါ ဘာလို့ပိုက်ဆံပေးဖို့ မေ့ခဲ့ရတာလဲ။ ငါ . . . သိပ်စိတ်လှုပ်ရှားနေခဲ့ပါလား။ အားလုံးလည်း သူမကိုကြည့်ပြီး ပြုံးစိစိဖြစ်ကုန်ကြသည်။

နောက်ဆုံးတော့ သူမလည်း ခပ်ရှက်ရှက်နှင့်ပင် ပိုက်ဆံထုတ်ပေးလိုက်ရလေတော့၏။

■

www.burmeseclassic.com

www.burmeseclassic.com

# (F)

ထိုပုဂ္ဂိုလ်ကြီးဟာ သူထင်ထားတာထက်ကို Tarot အပေါ်မှာ သစ္စာစောင့်သိသူတစ်ဦး ဖြစ်သည်။ Tarot ပညာမှာ တကယ့်ကို ပါရမီပါပါ ထူးချွန်သူတစ်ဦးလည်း ဖြစ်ပုံရ၏။

သူ့ကိုလည်း တပည့်တစ်ယောက်ထက် သားသမီးတစ်ယောက်ကို အမွေပေးနေသကဲ့သို့ Tarot ပညာကို မချွင်းမချန် သင်ကြားပြသပေးပါသည်။


တစ်ခါတစ်ရံတွင် လောကမာယာနှင့် ဆက်နွယ်သည့် ဘဝဒဿန အကြောင်းအရာများကိုလည်း ပြောပြတတ်ပါသေးသည်။

အနည်းငယ်ထူးဆန်းသည့် ပုံပြင်လိုလို ဒဏ္ဍာရီလိုလို အချစ်ဇာတ်လမ်းလေးတစ်ပုဒ်ကိုလည်း နေ့စဉ်မပြတ် ပြောပြပါ၏။

ယနေ့အချိန်အထိ ထိုပုဂ္ဂိုလ်ကြီးက သူ့နာမည်ကို မမေးသလို သူ့ဘဝအကြောင်းအရာတို့ကိုလည်း မစပ်စုခဲ့ပါ။

ထိုပုဂ္ဂိုလ်ကြီးရဲ့ဟန်ပန်က ထူးခြားနေပေမယ့်လည်း သူကတော့ ဖခင်တစ်ဦး၊ ဆရာတစ်ဦးလို လေးစားတွယ်တာကြည်ညိုနေမိပြီ ဖြစ်ပါသည်။

သို့ပေမယ့် ထိုပုဂ္ဂိုလ်ကြီးရဲ့အသွေးရောင်မျက်ဝန်းတို့ကိုတော့ သူ နားမလည်နိုင်ဖြစ်နေခဲ့ရလေတော့၏။




| | | |
|---|---|---|
| မြန်မာ | - | စစ်ရထား |
| ENGLISH | - | The Chariot |
| ITALIAN | - | Il Carro |
| FRENCH | - | Le Chariot |
| GERMAN | - | Der Wagen |

www.burmeseclassic.com

www.burmeseclassic.com

Tarot card နံပါတ် (၇) နိမိတ်ပုံတွင် စစ်ဘုရင်နတ်မင်း (Mars
မား(စ်) က အဖြူအမည်း မနုဿသီဟခြင်္သေ့ (Sphinx) နှစ်ကောင်ဆွဲသော
စစ်ရထားကို စီးနင်းထားသည်။ အောင်မြင်ထွန်းလင်းမှုနိမိတ်ပုံကို ဖော်ညွှ
သည့် ကြယ်ပွင့်သရဖူကိုလည်း ဆောင်းထားသေး၏။

လက်ရုံးရည်စွမ်းအားကို ရည်စူးသည့် လခြမ်းပုံကိုလည်း ပခုံး
ဖက်တွင် ချိတ်ဆွဲထားသည်။ ညာလက်တွင် အမိန့်အာဏာကိုဖော်ဆော
သည့် ဓားလွတ်ကို မြဲမြံစွာကိုင်ဆောင်ထားသည်။ စစ်ဘုရင်၏ရင်ဘတ်
က (□) ပုံ လေးထောင့်ပုံသင်္ကေတသည် အလုံးစုံပြည့်စုံမှုကို ကိုယ်စား
ထားပြီး စက်ဝိုင်းပုံကို သိမ်းငှက်အတောင်တပ်ထားသော နိမိတ်ပုံသ
(Time) အချိန်ကာလနှင့် (Space) နေရာဒေသတို့ကို စိုးမိုးထားမှုကို ဖေ
ဆောင်ပါသည်။

အထက်ပါ သင်္ကေတ၏အောက်တည့်တည့်မှ ဒိုင်းပုံသည် မှန်
ကောင်းမွန်သော ဆုံးဖြတ်မှု၊ စိတ်စွမ်းအင်၊ လှုပ်ရှားမှုနှင့် ကာကွယ်စေ
ရှောက်မှုတို့ကို ဖော်ပြထား၏။ အဖြူနှင့်အမည်း မနုဿသီဟခြင်္သေ့နှစ်ကော
သည် ကောင်းခြင်း, ဆိုးခြင်းတို့ ဒွန်တွဲထားသောနိမိတ်ဖြစ်ပြီး ရန်သူဖြ
က မီး၊ မိတ်ဆွေဖြစ်က ရေကဲ့သို့ ကျင့်ကြံမည်ဟု ဆိုလိုထားခြင်း ဖြစ်





ခမ်းနားလှသော နန်းတော်ကြီးမှ စစ်တလင်းသို့ ဦးတည်နေသော
စစ်ရထား၏နိမိတ်ပုံသည် တစ်စုံတစ်ရာအောင်မြင်မှုတို့အပြင် ထပ်ဆင့်အောင်
မြင်မှုတို့ကို ရယူမည်ဟု ဖော်ပြထားပါသည်။ (အချို့ Tarot Card များတွင်
ဤနိမိတ်ပုံကို စစ်သျှိနေဟန်ဖြင့် ဖော်ပြလေ့ရှိသည်။)



www.burmeseclassic.com

www.burmeseclassic.com

# (VII)

သစ်ကို Tarot ဟောနေပါသည်။ ထုံးစံအတိုင်း ကျောင်းထဲမှာတော့ မဟုတ်ပါ။ နာမည်ကြီး ကော်ဖီဘားတစ်ခုအတွင်းမှာပင် ဖြစ်သည်။

ပပနှင့်အေးမင်းသူတို့၏ တောင်းဆိုမှုကြောင့် ကျောင်းပိတ်ရက်ဖြစ်သော်ငြားလည်း သူ လိုက်လျောပေးလိုက်ရသည်။ အကြောင်းရင်းကတော့ ပပ Tarot ကြည့်ချင်သောကြောင့် ဖြစ်၏။ မျက်နှာလို မျက်နှာရနှင့် အေးမင်းသူကလည်း သူ့ကို အတင်းတိုက်တွန်းပူဆာမှုကို နားမခံနိုင်လွန်း၍ သူ လက်ခံခဲ့တာလည်း ပါမည်ထင်ပါသည်။

ပပနှင့်အတူ သူမလည်း အဖော်အဖြစ် ပါလာခဲ့ပါ၏။

(သူမ = ကေရီ)

"ဒီလိုပါ ကိုသစ်ကို ... ဟိုလေ ... ပပလည်း အချစ်ရေးလေး သိချင်လို့ပါ"

အေးမင်းသူကတော့ ပြုံးဖြီးနေ၏။ သူမကတော့ မသိမသာ ရှုံ့မဲ့နေသည်။

"ပပ ဘယ်တော့လောက်မှ ချစ်သူရနိုင်မလဲ၊ ရခဲ့ရင်လည်း ဘယ်လိုလူမျိုးဖြစ်မလဲ၊ သူနဲ့ပဲ လက်တွဲဖြစ်မလား။ စတာတွေပေါ့ ကိုသစ်ကိုရယ်"

သူက ထုံးစံအတိုင်း Tarot Card ကလေးတွေကို စနစ်တကျ





ချနောက်ပြီး ...

"ချိုးလိုက်ပါ မပပ"

နောက် ...

ပပအတွက် နိမိတ်ပုံကတ်ပြားလေးကို လှည့်ကြည့်လိုက်ပြီး သူ ပြုံးသွား၏။ ပပအတွက် နိမိတ်ပုံက သူငယ်ချင်းအေးမင်းသူအတွက် နိမိတ်ပုံနှင့် အတူတူဖြစ်နေတယ် မဟုတ်ပါလား။

"နိမိတ်ပုံက ကောင်းပါတယ် မပပ၊ သုံးရက်အတွင်းမှာ မပပ ချစ်သူတစ်ယောက်ရလိမ့်မယ်၊ ဘယ်လိုလူမျိုးလဲဆိုတော့ လူရိုးလူကောင်းပါ မပပ၊ မပပ သူနဲ့ပဲ လက်တွဲဖြစ်လိမ့်မယ်၊ မပပလည်း သူ့ကြောင့် စိတ်ချမ်းသာရပါလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ မပပကို သူက အရမ်းချစ်တဲ့သူမို့လို့ပဲ"

ပပမျက်နှာလေး ဝင်းလဲ့နေ၏။ အေးမင်းသူလည်း သွားကြီးဖြီးနေသည်။ သူမကတော့ ...

"ဒါပေမဲ့"

သူ့ရဲ့နောက်ဆက်တွဲစကားကြောင့် အားလုံးက မျက်လုံးအပြူးသားနှင့် သူ့ကို ဝိုင်းကြည့်နေကြသည်။

"ဘာဖြစ်လို့လဲ ကိုသစ်ကို"

"မပပ အသွားအလာတော့ ဂရုစိုက်ပါ၊ အန္တရာယ်တစ်ခုခု ကျရောက်လာနိုင်တယ်၊ အထူးသဖြင့် ကား ... ကားကို ဂရုစိုက်ပါ၊ ဖြစ်နိုင်ရင် ကိုယ်တိုင်မမောင်းပါနဲ့၊ ဒီကတ်ရဲ့ထူးခြားမှုနိမိတ်ကတော့ အဲဒီအန္တရာယ်တွေကြားမှာပဲ မပပ အချစ်ကို တွေ့ရှိလိမ့်မယ်လို့ ဖော်ပြထားလို့ပါပဲ"

ကော်ဖီဘားလေးထဲမှာ တခဏ တိတ်ဆိတ်သွား၏။ သူမကတော့ ကော်ဖီကိုသာ ငုံ့သောက်နေသည်။ အေးမင်းသူကတော့ ပပကို စိုးရိမ်သလို ငေးကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ Tarot Card ကလေးတွေကို သိမ်းဆည်းနေစဉ်မှာပင် တစ်ခ်ိုး
လုံး ငြိမ်သက်နေသည့် သူမက စကားစလာ၏။

"ကျွန်မအတွက် ဒီနေ့ (၂) ရက်ရှိသွားပြီ ကိုသစ်ကို"

သူနှင့်သူမတို့ မျက်ဝန်းချင်းဆုံသွားကြ၏။

"မင်း ဒီနေ့ ပိုလှတယ် ကေရီ"

"ရှင်!"

မေးခွန်းနှင့်အဖြေ သဟဇာတမဖြစ်မှုကြောင့် သူမပင် ကြောင်သွား
သည်။ အေးမင်းသူနှင့် ပပတို့လည်း အတူတူပါပင်။

"ကျွန်မ,ပြောတာက ရှင်ဟောထားတဲ့"

"ကျွန်တော် သိပါတယ်၊ ကဲ ... အားလုံးပဲ ကျွန်တော့်မှာ သွား
စရာလေးတစ်ခုရှိလို့ ခွင့်ပြုပါဦး"

"ဩော်"

"အေး"

သူမစကားမဆုံးခင် သူ ဖြတ်ပြောပြီး ထထွက်လာခဲ့၏။ သည်
အတွက် သူ့ကိုယ်သူလည်း အံ့ဩနေမိပါ၏။

ဆိုင်လေးထဲမှာတော့ ...

"ကိုသစ်ကိုက လူတစ်မျိုးပဲနော်"

"ဟုတ်တယ်၊ ဒီကောင်က တစ်ခါတစ်ခါ အဲလိုပဲ၊ နားလည်ရ
ခက်တယ်၊ မကေရီ စိတ်မရှိပါနဲ့နော်"

"ဩော် ... ရပါတယ်၊ ပြဿနာမရှိပါဘူး"

ပြောသာပြောလိုက်ရပေမယ့်လည်း သူမအသံတွေ မသိမသာ တုန်
ယင်နေတာကိုတော့ သူမကိုယ်တိုင်လည်း နားမလည်တတ်ခဲ့ပါ။ ။

■






| | | |
|---|---|---|
| မြန်မာ | - | စွမ်းအားရှင် |
| ENGLISH | - | Strength |
| ITALIAN | - | La Forza |
| FRENCH | - | La Force |
| GERMAN | - | Die Kraft |

www.burmeseclassic.com

www.burmeseclassic.com

ဤကတ်နံပါတ် (၈) နိမိတ်ပုံသည် အချို့ Tarot များတွင် နံပါတ် (၁၁) ဖြစ်နေတတ်၏။ အများအားဖြင့်တော့ နိမိတ်ပုံနံပါတ် (၈) တွင်သာ ဖော်ပြကြပါသည်။

ထိုနိမိတ်ပုံတွင် အလွန်လှပ ရိုးသားစွာ ဝတ်ဆင်ထားသော အမျိုးသမီးငယ်သည် တောပန်းတို့ကို ခေါင်းမှာပန်ဆင်ထားပြီး အင်မတန် ကြမ်းကြုတ်ခက်ထန် ရက်စက်တတ်သော တောဘုရင်ခြင်္သေ့မင်းကို ကြောင်တစ်ကောင်ကဲ့သို့ ထိန်းချုပ်ထား၏။

သူမ၏ဦးခေါင်းထက်တွင် သင်္ချာသင်္ကေတ (∝-infinity) အဆုံးအစမဲ့နိမိတ်ပုံကို တင်ထားသေးသည်။ သာယာလှပသော တောတောင်ရေမြေနောက်ခံတို့က (Wisdom)၊ အသိဉာဏ်ပညာ (Will Power) နှင့် (Experience) ဘဝအတွေ့အကြုံ အကြောင်းတရားသုံးပါးတို့၏ အခက်အခဲတို့ကို အနိုင်ယူမှုနိမိတ်ပုံကို ပြထားသည်။

အရာအားလုံးတို့အား ညင်ညင်သာသာ ကိုင်တွယ်ဖြေရှင်းစေရန် ရည်ညွှန်းထားခြင်း ဖြစ်ပါ၏။

■



# (VIII)

"ငါ ... ရင်တွေခုန်လိုက်တာ ကေရီရယ်၊ ငါ့ချစ်သူက ဘယ်လိုပုံစံမျိုးလေးလဲ၊ ငါ့အနားကို ဒီရက်ပိုင်းအတွင်းမှာ ဘယ်လိုပုံစံနဲ့ ချဉ်းကပ်လာမလဲ၊ နင်တွေးကြည့်စမ်း ကေရီ"

"ငါ အရူးမဟုတ်ဘူး ပပ"

သူမရဲ့ဘုကန့်လန့်စကားကြောင့် ပပမျက်နှာ အိုးမှုန်သလို ဖြစ်သွားရသည်။ (သူ့ခမျာ Feel အပြည့်နဲ့ ပြောနေတာမဟုတ်လား)

"ဘာလဲ ပပ ... နင်က သစ်ကိုပါးစပ်ကပြောသမျှကို တစ်ထစ်ချ လိုက်ယုံကြည်နေတာပဲလား"

ပပက ခေါင်းညိတ်ပြတော့ သူမက စုတ်တစ်ချက်သပ်ပြီး စိတ်ပျက်သလို ခေါင်းယမ်းနေ၏။ ပြီးမှ ...

"နင်လည်း ခေတ်ပညာတတ် မိန်းကလေးတစ်ယောက်ပါ၊ ဘာဖြစ်လို့ အဲဒီလောက် အယူသီးနေရတာလဲ"

"ငါ အယူသီးနေတာ မဟုတ်ပါဘူး။ ယုံကိုယုံကြည်နေတာ၊ နင်လည်း သိနေတာပဲ ကေရီရယ် ... သစ်ကိုရာဇဝင်မှာ အဲဒီလိုမှားယွင်းခဲ့ဖူးလို့လား၊ ဘာပဲဖြစ်ဖြစ် ငါကတော့ ယုံကြည်တယ်၊ နင့်ကိုလည်း သစ်ကိုက (၃) ရက်အတွင်း ချစ်သူရမယ်လို့ ဟော...သေးတယ်နော်၊ ဘာလိုလို နဲ့

www.burmeseclassic.com



(၃) ရက်တောင် ရှိပြီ . . . အဟီး''

''နင်က ဘာရယ်နေတာလဲ''

သူမက ခပ်ဆတ်ဆတ်ကလေး မေးလိုက်၏။ ပပက . . .

''မဟုတ်ပါဘူး၊ နင့်ဘေးမှာ တောက်တက်လို လိုက်ကပ်နေတဲ့ အောင်မြင့်ဟန်နဲ့ အေးဇော်မျက်နှာကို မြင်ယောင်မိလို့ပါ၊ အဟီး . . . ဒါနဲ့ နင့်ကိုလိုက်နေတဲ့ ချမ်းငြိမ်းအောင်တောင် ပေါ်မလာပြန်ဘူးနော်၊ ကေရီရဲ့ ဘဲဘဲက ဘယ်သူများဖြစ်မလဲ''

''တော်စမ်းပါ . . . အဲဒီ မယားတရှူးတွေအကြောင်းကို စိတ်ပျက်လွန်းလို့''

သူမ ပိတ်ပြောပစ်လိုက်သည်။

''ဘာပဲဖြစ်ဖြစ် ဒီရက်ပိုင်းအတွင်းမှာ နင်ရောငါပါ ချစ်သူကိုယ်စီ ရမယ်လို့ ငါယုံတယ် ကေရီ''

''အမယ်လေး . . . ကိုယ့်ဘာသာပဲ စိတ်ကူးယဉ်ပါနော် မပပ။ ကြားထဲက ကျုပ်ကိုတော့ ဆွဲမထည့်ပါနဲ့နော်၊ အလကား . . အဓိပ္ပာယ်မရှိတာတွေ''

တစ်လက်စတည်းမှ သစ်ကိုမျက်နှာလေးကိုလည်း ဘာမဆိုင် ညာမဆိုင် မြင်ယောင်မိနေသေးသည်။ သစ်ကိုရေ . . . ရှင့်ကြောင့် အခုတော့ ကျွန်မစိတ်တွေ ရှုပ်ထွေးနေခဲ့ရပြီ . . . သိရဲ့လား။

''အေးပါ . . . ခုနေတော့ ပြောထားဦးပေါ့''

''ပြောတော့ ဘာဖြစ်လဲ၊ အခုချိန်ထိတော့ ငါ့ရင်ခွင်ထဲ တိုးစေမယ့် လူမျိုးကို မတွေ့မိသေးဘူး ပပ''

''မြန်း!ဆိုပြီး မိုးကျရွှေကိုယ် မင်းသားလေးတစ်ပါးများ ပေါ်လာခဲ့ရင်ရော''

''ဟင်!''





သူမ အဖြေမဲ့သွားခဲ့ပြီဖြစ်၏။

တစ်ခါတစ်ရံတွင် လောကသည် ပဥ္စလက်ပညာရှင်တစ်ဦး ဖြစ်တတ်သသည်။

■



www.burmeseclassic.com

www.burmeseclassic.com

# (G)

လွန်စွာစည်ကားရှုပ်ထွေးလှသော လမ်းဆုံမီးပွိုင့်တစ်ခုတွင် ဖြစ်သည်။ ကားစပယ်ယာများ၏ အော်သံများ။ လမ်းဘေးဈေးသည်တို့၏ အသံများ။ ကားဟွန်းသံ၊ လူသံများဖြင့် မြို့ပြ၏ပီပြင်မှုကို အရုပ်အသံမျိုးစုံဖြင့် ပြသထား၏။

မိုးဖွဲကလေးများကလည်း တစ်ပြိုက်နှစ်ပြိုက် ပြိုးပြက်ကျဆင်းနေလိုက်သေးသည်။ ထိုသမားရိုးကျ မြင်ကွင်းလေးတစ်ခုအတွင်းသို့ အနည်းငယ်ဆန်းပြားသော အဖြစ်အပျက်အချို့တို့ စီးဝင်လာခဲ့သည်။

အမျိုးအမည်မသိရပေမယ့် သေသပ်လှပတာ သေချာလှသည့် ခရမ်းရောင်ထီးကိုဆောင်းထားသော မိန်းကလေးတစ်ဦးသည် အိတ်တစ်လုံးကို မနိုင့်တနိုင်မ,ပြီး လမ်းဖြတ်ကူးနေစဉ် မီးပွိုင့်မှမီးသည် အစိမ်းရောင်သို့ ပြောင်းသွားခဲ့၏။

သူ့ထက်ငါ အပြိုင်အဆိုင်ထွက်ခွာလိုသော ဘတ်စ်ကားများကြားထဲမှ အဖြူရောင် Mark II ကားလေးသည် အလျင်စလို တိုးထွက်လာခဲ့သည်။ ထို့နောက်တွင် . . .

အရောင်ကွဲသော အသံအချို့လည်း မိုးဖွဲများကြားမှ ထိုးထွက်လာခဲ့ပါ၏။





''နောက်မှာ ကား''

''ဟေး . . . မိန်းကလေး''

''ဟာ''

''သွားပြီကွာ''

'ကျွီ!'

(ကားဘရိတ်ဆွဲရာမှ ထွက်ပေါ်လာသော နောက်ဆက်တွဲအသံ)

''အို!''

''အင့်!''

ခရမ်းရောင်ထီးကလေးတစ်ချောင်းက ပိုင်ရှင်နဲ့ အတော်လှမ်းလှမ်းဆီသို့ ရောက်သွားသည်။ လမ်းပေါ်မှာတော့ ပစ္စည်းအချို့ ကျဲပြန့်နေသည်။

Mark II ကားအဖြူလေးကတော့ ပုံစံမကျ ရပ်တန့်သွား၏။ နောက်မှာတော့ ဘတ်စ်ကားကြီးများ စက်ရပ်သွားသည်။ အကြောင်းမသိသေးသည့် ကားဆရာအချို့ကတော့ ဆဲရေးသံများ၊ ဟွန်းသံများဖြင့် ဆန္ဒပြနေကြ၏။

ထိုစဉ် အဖြူရောင်ဝတ် ရဲသားတစ်ဦးနှင့်အတူ လူအချို့ လမ်းမပေါ်သို့ ရောက်လာကြသည်။ ထိုပုဂ္ဂိုလ်က လက်ကိုင်စကားပြောစက်ဖြင့် တစ်စုံတစ်ရာပြောဆို အလုပ်ရှုပ်နေသည်။ ယဉ်ကြောလည်း ပိတ်ဆို့နေပြီဖြစ်၏။

တကယ်တော့လည်း ဒါဟာ မြို့ပြရဲ့ သမားရိုးကျပြကွက် တစ်ခုပင်ဖြစ်ပါသည်။ သာမန်ထက် မထူးခြားလှသော ယာဉ်တိုက်မှုလေးတစ်ခုပင်ဖြစ်၏။

လူအချို့ကတော့ . . .

''ပွဲချင်းပြီးလား''

''ဟယ် . . . နှစ်ယောက်ပူးကြီးတော့်''

''ကားသမား သရမ်းတာပါ''



www.burmeseclassic.com

www.burmeseclassic.com

စသဖြင့် ထုံးစံအတိုင်း ထင်ရာတွေကို ပြောဆိုနေကြသည်။ ကား သမားကတော့ သွေးပျက်ထိတ်လန့်နေပုံရ၏။ သူ မမှားကြောင်းကိုလည်း တတွတ်တွတ်ပြောဆိုနေသေး၏။

လမ်းမပေါ်မှာတော့ သွေးစသွေးနအချို့ စွန်းထင်းနေသော လူငယ် လေးတစ်ယောက်က မိန်းကလေးတစ်ယောက်ကို ပွေ့ထူပြီး ထ,လာခဲ့သည်။

ထိုလူငယ်လေးက မိန်းကလေးကို ကားနှင့်မထိခင်မှာပင် သူ့ရဲ့ ကောင်းဆန်ဆန် ပြေးဝင်ထွေးပွေ့ လိမ့်ထွက်ကာကွယ်ခဲ့သူ ဖြစ်ပါသည်။

သူ့လက်မောင်းမှာတော့ ဒဏ်ရာအချို့ ရသွားပုံရပါသည်။ နို့နှစ် ရောင် အကျီလက်ရှည်လေးက အရောင်ပြောင်းပြီး မြင်မကောင်း ဖြစ်နေခဲ့ သည်။ သို့သော် ထိုလူငယ်လေးက သူ့ဒဏ်ရာကို ဂရုစိုက်ဟန် မပေါ်ပါ။ သူ့ရင်ခွင်ထဲက မိန်းကလေးအပေါ်မှာသာ စိတ်ရောက်နေပုံရသည်။


"ဘာဖြစ်သွားသေးလဲဟင်"

ကြောက်ရှိန်ပြေသေးပုံမပေါ်တဲ့ ထိုမိန်းကလေးက ကယ်တင်ရှင် လူငယ်လေးကို မော့ကြည့်ပြီး ခေါင်းယမ်းပြနေသည်။ အံ့သြတုန်လှုပ်နေပုံ ရပါသည်။

တိုက်မိမလိုဖြစ်သည့် Mark II ကားသမားလည်း ခုမှပင် ပြုံးနိုင် တော့သည်။ နောက်တော့ ထုံးစံအတိုင်း ကားသံ၊ လူသံ မျိုးစုံတို့ဖြင့် ဦး ပွိုင့်လမ်းဆုံလေးက ပြန်လည်သက်ဝင်သွားခဲ့ပြီဖြစ်၏။

■






| | | |
|---|---|---|
| မြန်မာ | - | ရသေ့ |
| ENGLISH | - | The Hermit |
| ITALIAN | - | L' Eremita |
| FRENCH | - | L' Ermite |
| GERMAN | - | Der Weise |

www.burmeseclassic.com

www.burmeseclassic.com

Tarot Card No. (9) တွင် သစ္စာတရားကို အထီးကျန်စွာ/ မြိုင်မြိုင်
စွာနှင့် ရှာဖွေနေသော သူတော်စင်ရသေ့တစ်ပါးက ဘဝအတွေ့အကြုံ၏
အထောက်အကူနိမိတ်ပုံဖြစ်သည့် တောင်ဝှေးကို အားပြုကာ အမှားအမှန်ကို
ခွဲခြားသိမြင်စေနိုင်မည့် အလင်းမီးအိမ်ကို ကိုင်ဆောင်ထားပြီး ခရောင်းလမ်း
ကို ဖြတ်သန်းနေပုံဖြစ်၏။

ကိုယ်စွမ်းကိုယ်စ ပညာအတွေ့အကြုံဖြင့် မာနတို့ကို ခဝါချပြီး
မော်ကြွားခြင်းမရှိဘဲ ဦးခေါင်းကို ငုံ့ထားသည်။ ဦးခေါင်းစွပ်ကိုပင် ဆောင်း
ထားသေး၏။

မိမိကဲ့သို့ အခြားတစ်ပါးသူများကိုလည်း အကောင်းအဆိုး ဝေဖန်
ပိုင်းခြားတတ်စေပြီး အောင်မြင်စေလိုသော နိမိတ်ပုံပင် ဖြစ်ပါသည်။

■



# (IX)

"နင့်ဟာကလည်း ဈေးပေါလိုက်တာ ပပရယ်၊ ငါ တကယ် အံ့သြ
မဆုံးဘူး"

သူမစကားကို ပပက စိတ်ဆိုးဟန်မပြဘဲ ချက်ကျလက်ကျ ပြန်တွန်း
လိုက်သည်။

"အချစ်ဆိုတာ အံ့သြစရာပဲဆိုတာ နင် ကြားဖူးသားနေမှာပါ ကေရီ
ယ်"

"အဲဒါပဲပေါ့၊ ဒီအချိန်ရောက်မှတော့ နင် ဒီစကားပဲ ပြောတော့မှာ
ပဲ"

ပပက ပြုံးစစဖြင့် . . .

"နင်ပဲ စဉ်းစားကြည့်စမ်း . . . ငါ့အသက်ကို သူ့အသက်နဲ့ရင်းပြီး
ကာကွယ်လိုက်တာ ဘယ်လောက်လေးစားထိုက်လဲ၊ အဲဒီလို စွန့်စွန့်
စားနဲ့မှ ဖြစ်ပေါ်လာခဲ့တဲ့ အချစ်တစ်ခုကို နင် ဈေးပေါတယ်လို့ ပြောနိုင်
လား"

သူမ နှုတ်ဆိတ်သွားသည်။ ပြီးမှ . . .

"ကြည့်စမ်း မိပ . . . နင် စကားတွေ သိပ်တတ်နေပါလား"

"အချစ်ကြောင့်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အဲတော့ အဲပေါ့ . . . နင် ချက်ချင်းကြီး အဖြေပေးပစ်ခဲ့တာတော့ လွန်တာပေါ့။ အနည်းဆုံး ငါ့ကို အသိပေးတိုင်ပင်ပါဦးလား၊ နည်းနည်း မှခဲ့ပါဦးလားဟဲ့"

ပပကလည်း မခံပါ။ ချက်ချင်း သူမကို ပြန်ပြော၏။

"ပြောရက်လိုက်တာ ကေရီရယ်၊ ငါ့ကို ကယ်တင်ရင်းနဲ့ သူ့မှာ အထိရာတွေရထားတယ်လေ၊ သွေးတွေကလည်း အများကြီးပဲ၊ အဲဒီကြား ထဲကနေ ငါ့ကို စိုးရိမ်နေတဲ့မျက်ဝန်းတွေ . . . ငါ ခုထိ မေ့လို့မရသေးဘူး ငါ သူ့ကို အရမ်းလည်း သနားသွားတယ်ဟ"

"ဟွန်း!"

သူမက သိသိသာသာ နှာခေါင်းရှုံ့နေသည်။ ပပကလည်း သိသိ သာသာပင် မသိမသာလုပ်ကာ ဆက်ပြောနေပါသည်။

"ပြီးတော့ ငါ့စိတ်ထဲမှာလည်း အရာအားလုံးကို တဒင်္ဂမေ့ပျောက် သွားတယ်၊ ရင်တွေကလည်း အရမ်းခုန်နေတာပဲ၊ ငါ့ကြောင့် သူ တစ်ခု ခံစားနေရမှာကိုလည်း ငါ ကြောက်နေမိတယ်"

"အဲဒါနဲ့ပဲ အေးမင်းသူကို တစ်ခါတည်း အဖြေပေးခဲ့ရော ဆို တော့"

ပပ ခေါင်းညိတ်ပြတော့ သူမက ဆက်ပြောလိုက်၏။

"ငါတော့ ရှုးချင်တာပဲနော်"

"မရှုးပါနဲ့ဦးဟယ်၊ နင်လည်း နောက်လေးငါးရက်အတွင်း ချစ် မိုးကျရွှေကိုယ်လေးတစ်ယောက် ရမှာပါနော်"

"အဓိပ္ပာယ်မရှိတာတွေ မပြောစမ်းပါနဲ့ဟာ"

"ဘာလို့ မရှိရမှာလဲ . . . သစ်ကိုက နင့်ကို (၇) ရက်အတွင်း ရ မယ်လို့ ပြောထားတယ်လေဟာ"

"အဲဒါကိုက အဓိပ္ပာယ်မရှိတာ"





"အခု ငါ လက်တွေ့ပဲလေ"

သူမ တိတ်ဆိတ်သွားပြန်သည်။ ပပကလည်း ဖိပြောနေ၏။

"ငါ့ကိုလည်း နင့်ရှေ့မှာတင် သစ်ကိုက ဟောခဲ့တာပဲ၊ (၃) ရက် အတွင်းမှာ ချစ်သူရမယ်တဲ့၊ ကားနဲ့ပတ်သက်လို့ ဂရုစိုက်ဆိုလို့လည်း ငါ လုံးဝကားမမောင်းခဲ့ဘူး။ ဘယ်သွားသွား Taxi နဲ့ပဲ၊ ဒါပေမဲ့ ကံကြမ္မာကို လွန်ဆန်လို့မရတော့ ငါ့ကို ကားနဲ့တိုက်မိမလို ဖြစ်တယ်၊ ပြီးတော့ သစ်ကို ပြောခဲ့သလိုပဲ အန္တရာယ်တွေကြားမှာပဲ အချစ်ကို ငါတွေ့ခဲ့ရတယ်၊ ကဲ . . . ဘယ်လောက် မှန်လိုက်သလဲ၊ အခု (၃) ရက်မြောက်မှာပဲ ငါ ချစ်သူရခဲ့တာ ပဲလေ"

"အင်မတန်ထူးဆန်းတဲ့ တိုက်ဆိုင်မှုပါ ပပ"

"ဘယ်လို!"

သူမစကားကို ပပ အတော်စိတ်ပျက်သွားမိသည်။ သူမ ခေါင်းမာ မှန်း ပပ သိပါသည်။ ဒါပေမဲ့ ဒီအဖြစ်အပျက်ကို အစအဆုံးသိပါရဲ့နဲ့ လက်မခံသေးတာကိုတော့ သစ်ကိုကိုယ်စား ပပပင် မခံနိုင်တော့ပါ။

"ဟုတ်တယ်လေ . . . ဥပါဒါန်ကြောင့် ဥပဒ်ဖြစ်ရတယ်ဆိုတာကို နင်ကြားဖူးမှာပါ ပပ"

"ဘာကိုဆိုလိုချင်တာလဲ"

"အယူသီးမှုတစ်မျိုးပေါ့ဟာ၊ ဥပမာ လူတစ်ယောက်က ဝက်သား စားဘူး၊ ရှောင်တယ်ဆိုပါစို့"

"အင်း"

"အဲဒီလူစိတ်ထဲမှာ ဝက်သားစားမိရင် သူ တစ်ခုခုဖြစ်မယ်, လွဲချော် မယ်လို့ စွဲစွဲမြဲမြဲ ယုံကြည်လက်ခံထားတာကိုး၊ အဲ . . . တကယ်လည်း ဝက်သားကိုစားမိရော သူ့စိတ်က သူ့ကိုပြန်ဖိတာကို ခံနေရရော"

"ဘယ်လိုလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဘာဖြစ်ရမလဲ ... ဘာမှမဖြစ်တာကိုပဲ ဖြစ်တော့မလို့, ခုပဲ ဒုက္ခရောက်တော့မလိုတွေ လျှောက်တွေးပြီး ကြောက်ရွံ့ထိတ်လန့်နေတယ်၊ အဲဒီမှာတင် တကယ်မဖြစ်တာတွေက သူ့စိတ်ခံစားမှုကြောင့် ထဖြစ်ကုန်ရော အကုန် အလွဲလွဲအချော်ချော်တွေ ဖြစ်တော့တာပဲလေ"

"အဲဒါနဲ့ ငါတို့နဲ့ ဘာဆိုင်လို့လဲ၊ နင်ရော ငါရော ဝက်သားစားကြတယ်လေ"

သူမက ပပကို စိတ်ပျက်သလို စိုက်ကြည့်လိုက်ပြီး ...

"ငါက ဥပမာပေးနေတာဟ၊ အခု နင်လည်း အတူတူပဲ၊ ဟိုက (၃) ရက်အတွင်း ချစ်သူရမယ်ဆိုတဲ့ အစွဲကို ရိုက်သွင်းပေးလိုက်တော့ နင်က အစွဲကြီးစွဲနေလို့ ခုလိုတွေ လျှောက်ဖြစ်ကုန်တာပဲ၊ အေးပေါ့လေ ... သစ်ကိုက စိတ်ပညာအဓိကသမားဆိုတော့ စိတ်ကို အသုံးချလိုက်တာနေမှာပေါ့၊ Tarot ကတ်တွေနဲ့ ဘာမှမဆိုင်ဘူး"

ဟု လိပ်တစ်ကောင်လို ပြောလိုက်၏။

ပပက ခေါင်းတယမ်းယမ်းလုပ်ကာ နေသည်။ ပြီးမှ ...

"ကေရီ ... နင် ဘာပဲပြောပြော ငါကတော့ သစ်ကို့ကို အကြွင်းမဲ့ယုံသွားပြီ၊ ငါ လောင်းရဲတယ် ... နင်လည်း သစ်ကိုပြောတဲ့အတိုင်း တစ်နည်းမဟုတ်တစ်နည်းနဲ့ ဖြစ်ကိုဖြစ်လာလိမ့်မယ်"

ပပစကားအဆုံးမှာ သူမ ကြက်သီးထသွားမိသည်။ ပြီးမှ ဘာမှမဖြစ်လေဟန်နှင့် ရယ်သွမ်းသွေးနေ၏။ သူမစိတ်ထဲမှာတော့ တစ်ခုခုကို စိုးထိတ်နေလေတော့၏။

■





WHEEL of FORTUNE.

| | | |
|---|---|---|
| မြန်မာ | - | ကံကြမ္မာလှည်းဘီး |
| ENGLISH | - | Wheel of Fortune |
| ITALIAN | - | Rota Di Fortuna |
| FRENCH | - | La Roue De Fortune |
| GERMAN | - | Das Giucksrad |

www.burmeseclassic.com

www.burmeseclassic.com

# (X)

ကျောင်း Canteen ထဲတွင်ဖြစ်သည်။ သစ်ကို Tarot ဟောမနေ... သူ၏ ကိုယ်ပိုင်အားလပ်ချိန်တစ်ချိန်လည်း ဖြစ်ပါသည်။

စားပွဲဝိုင်းလေးမှာတော့ လူလေးယောက် ထိုင်နေကြ၏။

(၁) သစ်ကို

(၂) အေးမင်းသူ

(၃) ပပ

(၄) ကေရီ ... တို့ ဖြစ်သည်။

အေးမင်းသူ၏လက်တစ်ဖက်တွင် ပတ်တီးအချို့ စည်းပတ်ထား... သော်လည်း မျက်နှာကတော့ အထူးပြုံးရွှင်နေပါ၏။

ပပကလည်း သစ်ကိုဟောတာ ဘယ်လောက်အထိ မှန်ကြောင်း... ကျေးဇူးတင်ကြောင်းတို့ကို ကရားရေလွှတ် ပြောဆိုနေပါသည်။

သူမကတော့ မသိကျိုးကျွန်ပြုကာ နေနေ၏။ တစ်ခါတစ်ရံတွင်... သစ်ကိုနှင့် မျက်ဝန်းချင်းဆုံမိတာမျိုးတော့ ရှိပါသည်။

ချစ်စခင်စအတွဲတို့ ဓမ္မသတ်အတိုင်း အေးမင်းသူက ကောင်းနေ... လက်တစ်ဖက်နှင့် ပပလက်ကို ဆုပ်ကိုင်ထားသည်။

အကဲပိုလွန်းသည်ဟု မဆိုလိုချင်ပါ။ ဒါလည်း လောကသဘာဝ...





...မှ တစ်ခုပင် ဖြစ်လေ၏။

"ငါကတော့ ကံကြမ္မာကို သိပ်အံ့ဩတယ် သစ်ကို"

သူက အေးမင်းသူစကားကို ပြန်မေးလိုက်သည်။

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ ... အဲဒီအချိန်မှာ ငါ ပပကို တွေ့ရမယ်, ဒီလို ...တွေဖြစ်လာမယ်လို့မှ ထင်မထားခဲ့တာ"

"ဟုတ်တယ်နော်၊ ကိုသစ်ကိုရဲ့ Tarot ကတ်လေးတွေကလည်း ...ကယ်ထူးခြားလွန်းတယ်"

သူ ပြုံး၍ပင်နေပါသည်။

"ငါ မင်းကို တကယ်ကိုလေးစားတယ် သစ်ကို"

"အချင်းချင်း ကပ်ဖြောက်မနေစမ်းပါနဲ့ကွာ၊ ဒါ ကံကြမ္မာအလိုအရ ...ပဲ၊ ငါနဲ့ ဘာမှမဆိုင်ပါဘူး"

ထိုစဉ် သူမက ...

"ကိုသစ်ကို ... ကျွန်မ တစ်ခုလောက်မေးလို့ရမလား"

ဟု စကားစလာ၏။

"ရပါတယ် မေးပါ"

"အဲဒီ Tarot card ပြားလေးတွေက လူတစ်ယောက်ရဲ့ကံကြမ္မာကို ...တကယ်ပြောနိုင်လို့လား"

"ဒါပေါ့၊ ဒါပေမဲ့ ယုံကြည်မှုနဲ့ ဟောတဲ့လူရဲ့နှလုံးသားဖြူစင်မှု ...အလိုက် အကျိုးအနည်းအများတော့ ကွာတာပေါ့"

သူမက မျက်တောင်ကလေးတွေကို မေးစင်းပြီး သူ့ကို စိုက်ကြည့်... ...း မေးပြန်သည်။

"ကျွန်မတော့ အဲလိုမထင်ဘူး ကိုသစ်ကို၊ အခု ပပကိစ္စကိုလည်း ...ခြားတဲ့တိုက်ဆိုင်မှုလို့ပဲ ကျွန်မမြင်တယ်"



www.burmeseclassic.com

www.burmeseclassic.com

"တော်"

ဝေဝေ သူမကို ဟန့်တားလိုသလိုပုံဖြင့် ခေါ်လိုက်သည်။ သူက လက်ကာပြလိုက်ပြီး ...

"ထားလိုက်ပါ မပပ ... ကေရီ ပြောပါစေ"

"ဒီကတ်လေးတွေက လူတစ်ယောက်ရဲ့ကံကြမ္မာကို ပြောနိုင်တယ် ဆိုတာကို ကျွန်မ လက်မခံနိုင်တာပါ"

"ဒီ Tarot ကတ်လေးတွေက လူတစ်ယောက်ရဲ့ ဘဝအစကနေ အဆုံးအထိကို Major (၂၂) ကတ်နဲ့တင် လုံလုံလောက်လောက် ပြောလို့ရ တယ်၊ ဒီကတ်တွေအားလုံးက တစ်ခုနဲ့တစ်ခု ဆက်စပ်မှုရှိနေတယ်လေ သူတို့တွေရဲ့ ထူးခြားဆက်စပ်မှုအဓိပ္ပာယ်တွေကို နောက်ကြုံရင် ကျွန်တော် ပြောပြပါ့မယ်"

အေးမင်းသူနဲ့ပပတို့အတွဲကတော့ သူတို့စကားတွေကို စိတ်ဝင်တစား နားထောင်နေ၏။

"နောက်တစ်ခု ကျွန်မသိချင်တာ ရှိသေးတယ်"

"ဘာများလဲ"

"Tarot Major (၂၂) ကတ်ထဲမှာ ဘယ်ကတ်က စွမ်းအင်အမြင့် ဆုံးလဲ"

သူမဟာ တကယ်မေးခွန်းမေးတတ်သူပင်။ ရှထောင့်မျိုးစုံကနေ ချောင်ပိတ်သလို မေးခွန်းတွေ ထုတ်တတ်လွန်းပါသည်။ သို့ပေမယ့် သူက လည်း ခေသူမဟုတ်ပါ။

"ကျွန်တော်တို့ရဲ့လက်ချောင်းကလေး ငါးချောင်းထဲမှာ ဘယ် အချောင်းက အရေးအပါဆုံးလဲ၊ လက်ညှိုးလား၊ လက်မ,လား ကေရီ"

"ရှင်"

ရုတ်တရက် သူမ ကြောင်သွား၏။ သူကတော့ လျှို့ဝှက်စွာ ပြုံးနေပါ





သည်။ ခဏနေမှ သူမက ...

"ဒါကတော့ ဖြေဖို့ခက်တယ် ကိုသစ်ကို၊ အားလုံးက သူ့နေရာနဲ့သူ အရေးပါနေတာပဲလေ"

"Tarot မှာလည်း ဒီလိုပါပဲ မကေရီ၊ အားလုံးက ဆက်စပ်နေတော့ ဘယ်ကတ်က စွမ်းအားပိုမြင့်တယ်ဆိုတာကို ရွေးလို့မလွယ်ပါဘူး၊ ဒါပေမဲ့ အားလုံးထဲမှာ ထူးခြားတဲ့ကတ်တစ်ခုတော့ ရှိတယ်"

သူမ စိတ်ဝင်စားသွားပါသည်။

"ဘယ်ကတ်လဲ ကိုသစ်ကို"

သူက ကိုယ်နှင့်မကွာ ဆောင်ယူထားသည့် Tarot ကတ်လေးတွေကို ပိုးပဝါထုပ်ကလေးထဲမှ တယုတယ ဆွဲထုတ်လိုက်ပြီး ကတ်တစ်ကတ်ကို ထုတ်ပေးလိုက်၏။

သူမက ကတ်ကို သေချာကြည့်နေသည်။ ပါးစပ်ကလည်း တီးတိုး ရေရွတ်နေ၏။

"Card No. (10) Wheel of Fortune ကံကြမ္မာလှည်းဘီး"

"ဟုတ်ပါတယ် ... အဲဒီကတ်ပါပဲ"

"ဒီကတ်က ဘယ်လိုထူးခြားလို့လဲ"

"Major card (၂၂) ကတ်လုံးရဲ့နိမိတ်ပုံတွေမှာ ကိုယ်စားပြုတဲ့လူပုံ တွေ ပါပါတယ်၊ ဒါပေမဲ့ ဒီ Card No. (၁၀) မှာတော့ ကိုယ်စားပြုတဲ့လူ မပါဘူးလေ"

သူမလည်း ခုမှ သတိထားမိသွားသည်။ သစ်ကိုက စိတ်ပါလက်ပါ ဆက်ပြောပြ၏။

"ဥပမာ ... Card No. (1) မှာဆို The Magician ဆိုတဲ့ အတတ်ပညာ မျှော်ဆရာပုံ၊ Card No. (2) မှာဆို The High Priestacs ဆိုတဲ့ဘုန်းတော်ကြီး သူတော်စင်မပုံတွေနဲ့ ဖော်ပြထားတယ်၊ ဒီ Card No. (10) မှာတော့



www.burmeseclassic.com

www.burmeseclassic.com



အဲလို ကိုယ်စားပြုတဲ့နိမိတ်ပုံ မပါဘူးလေ၊ ဒါ ထူးခြားမှုပေါ့''

"ရှင်က ဒီပညာအပေါ်မှာတော့ တော်တော်ကို ဂရုတစိုက် လေ့လာမှတ်သားထားတာပဲ၊ ရှင့်ကိုတော့ ပုဂ္ဂိုလ်ရေးအရ တကယ်လေးစားပါတယ်၊ ဒါပေမဲ့ ဒီကတ်တွေကိုတော့ ကျွန်မ လုံးဝလက်မခံနိုင်ဖြစ်နေတယ်၊ ဒါ ရှင့်ကို အမြင်မကြည်လို့လည်း မဟုတ်ပါဘူး။ ကျွန်မရဲ့ဗီဇလို့ပဲ ပြောရတော့မှာပေါ့''

သူက တစ်ချက်ပြုံးလိုက်ပြီး . . .

"ရပါတယ် . . . ဒါကို ကျွန်တော် နားလည်ပါတယ် မကေရီ''

"တစ်လက်စတည်း ဒီထူးခြားတဲ့ Card No. (10) အကြောင်းကို ပြောပြပေးနိုင်မလား ကိုသစ်ကို''

သူမ,တောင်းဆိုမှုကို သူ မငြင်းဆိုပါ။ ခေါင်းညိတ်လက်ခံလိုက်၏။ အားလုံးကလည်း စိတ်ဝင်တစား နားထောင်နေပါသည်။

"အပြာရောင်နောက်ခံ ကောင်းကင်ပြင်မှာ စက်ဝိုင်း (၃) ထပ်နဲ့ တည်ဆောက်ထားတဲ့ ဘီးတစ်ခုရှိတယ်၊ အတွင်းဆုံးဝိုင်းက တီထွင်မှုအခုံးမဲ့ စွမ်းအား၊ အလယ်ဝိုင်းကတော့ ရလဒ်အတွက်ပါ၊ အပြင်ဘက်အဝိုင်းကတော့ လောကရဲ့ရုပ်ပိုင်းဆိုင်ရာ အရာအားလုံးကို ကိုယ်စားပြုထားပါတယ်၊ စက်ဝိုင်းထဲမှာလည်း နာရီလက်တံပုံစံအတိုင်း ဓာတ်ကြီးလေးပါးရဲ့နိမိတ်ပုံတွေ ဖြစ်တဲ့ ပြဒါး, ကန့်, ရေ, ဆားတို့ရဲ့ ရှေးဟောင်းသင်္ကေတတွေကို ဖော်ပြထားသေးတယ်''

သူမက ဘာတစ်ခွန်းမှ ဝင်ပြောခြင်းမရှိဘဲနှင့် အာရုံစိုက် နားထောင်နေပါသည်။

"အပြင်လောကစက်ဝိုင်းနယ်နိမိတ်ထဲမှာလည်း Tarot လို့ ရေးထိုးထားပါတယ်၊ ရည်ညွှန်းချက်ကတော့ . . .''

သစ်ကိုက စာရွက်တစ်ရွက်ကို ထုတ်ပြီး ရေးပြလိုက်၏။





| | |
|---|---|
| ROTA | = ဘီး |
| ORAT | = ပြောဆိုခြင်း |
| TORA | = စီရင်စနစ် |
| ATOR | = အေတာနာ နတ်သမီး= အချစ်/တေးသီချင်းနှင့် အလှတရားတို့ကို ပိုင်ဆိုင်ချုပ်ကိုင်သော နတ်သမီး |
| Wheel of Fortune | = တာရော့ ကံကြမ္မာလည်ဘီးသည် နတ်သမီးအေတာနာ၏ စီရင်စနစ်ကို ဖွင့်ပြပြောဆိုခြင်း |

သူမက သဘောပေါက်ကြောင်း ခေါင်းညိတ်ပြ၏။

"စက်ဝိုင်းရဲ့ထိပ်မှာ မနုဿသီဟခြင်္သေ့မ (sphinx)က မော်ဝင်ဓားကို အားသမီးတစ်ယောက်လို ပိုက်ထွေးထားတယ်၊ ဒါဟာ (Supreme Justice) အလုံးစုံတိကျ မြင့်မြတ်တရားမျှတမှုနိမိတ်ကို ဆိုပါတယ်၊ အဲဒီဘီးကြီးကို (Her Manubis) ဟာမာနူးဘစ်လို့ အမည်ရတဲ့ ကောင်းခြင်းကိုအားပေးတဲ့ နဂါးဥ်ကောင်က အားသွန်ခွန်စိုက် ပင့်တင်ပေးနေတယ်၊ အကြောင်းကတော့ (Typhon) တိုင်ဖွန်လို့ခေါ်တဲ့ ဂရိပုံပြင်ထဲက ဆင်းသက်လာတဲ့ နတ်ဆိုး နဂါးဥ်ကောင်က မြွေအသွင် ဖန်ဆင်းပြီး ဘီးလုံးကို ဆွဲချနေလို့ပဲ''

သူက ရေတစ်ခွက်သောက်ပြီးမှ ဆက်ပြောပြသည်။

"ပြီးတော့ နိမိတ်ပုံကတ်ရဲ့ ထောင့်လေးထောင့်မှာလည်း အတောင်ဆွေပေါက်နေတဲ့ သတ္တဝါလေးကောင်က ကမ္ဘာဦးကျမ်းစာအုပ်ကို ဖတ်နေကြတယ်၊ ဆိုလိုချင်တာကတော့''

ဒုတိယအကြိမ်မြောက် စာရွက်ထဲတွင် ရေးပြလိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

| | | | |
|---|---|---|---|
| (1) နှင် | - | To Act | (လှုပ်ရှားတိုက်ပွဲဝင်စေသော်) |
| (2) ခြသေ့ | - | To Dare | (ရဲရွမ်းသတ္တိရှိစေသော်) |
| (3) နွား | - | To Be Silent | (နှုတ်ဆိတ်နေစေသော်) |
| (4) လူ | - | To Know | (အသိကြွယ်စေသော်) |

သူမက ဖတ်ပြီး ...

"ရှင် တော်တော်သိတာပဲ"

"ဒီလိုပါပဲ မကေရီ ... အချုပ်ပြောရရင်တော့ ဒီ Card No (10) က ထူးခြားကောင်းမွန်ပါတယ်၊ အကောင်းအဆိုးအားလုံးကို သံသရာထဲမှာ ဖော်ညွှန်းထားတယ်၊ ဂဏန်းသင်္ချာအရ ကြည့်မယ်ဆိုရင်လည်း ဒီကတ်က ထူးခြားတယ်လေ၊ ဒီမှာ"

Card No. 10 = 1 + 0 = 10 (or) 1

"ဒီကတ်ရဲ့ နံပတ်စဉ်က မထူးခြားဘူးလား၊ (၁) ရော (၀) ပါ အစအဆုံး ဂဏန်းတွေလေ"

"ဟုတ်တယ်နော်"

ထိုစကားကို ပပက ဝင်ထောက်ခံလိုက်ခြင်း ဖြစ်၏။ သူမကတော့ တစ်ခုခုကို တွေးဆနေပုံရပါသည်။

"ဒီကတ်ရဲ့ ဦးတည်ချက်ကတော့ ကံကြမ္မာတရားရဲ့ အရေးပါ အရာရောက်မှုကိုပါ မကေရီ"

"ကျွန်မ နားလည်ပါပြီ၊ ကျေးဇူးပါပဲ ကိုသစ်ကို"

သူ ပြန်မဖြေဖြစ်ပါ။ ကတ်တွေကို စနစ်တကျ ပြန်သိမ်းနေသော





ကြောင့် ဖြစ်သည်။

"ကေရီ ... နင် Card တွေကို ယုံကြည်သွားပြီလား"

ပပအမေးကို သူမက ...

"No ပါ ... ဒါနဲ့ ကိုသစ်ကို"

ဟု ဖြေရင်း သူ့ကိုပါ ခေါ်လိုက်သည်။

"ပြောပါ"

"ရှင် ကျွန်မကို (၇) ရက်အတွင်း ရည်းစားရမယ်လို့ ဟောထားတယ်နော်"

သူ ခေါင်းညိတ်ပြရင်းမှ ...

"ဘာဖြစ်လို့လဲ"

ဟု မေးလိုက်သည်။

"ဒီနေ့ (၆) ရက်မြောက်ရှိပြီလို့ ပြောမလို့ပါ၊ ကျွန်မအတွက် ရှင့်ရဲ့ Tarot တွေက မှန်နိုင်ပါ့မလား"

စကားအဆုံးမှာ သူ လျှို့ဝှက်စွာ ပြုံးလိုက်၏။

"ကျွန်တော့်သက်တမ်းအရတော့ သူ တစ်ခါမှ မှားမဖြေသေးဘူး ... အချိန်က စကားပြောပါလိမ့်မယ် မကေရီ"

ပြောပြီး သူက ထပြန်မည်လုပ်တော့ အေးမင်းသူက ...

"သစ်ကို လစ်တော့မလို့လား"

"အင်း"

"မင်း ခုတစ်လော ပျောက်ပျောက်သွားတယ်နော်၊ ဘာတွေ လုပ်နေတာလဲ"

"ငါ့ဘဝအတွက် အရေးကြီးတဲ့ အစီအစဉ်တစ်ခုကို ရေးဆွဲနေတယ်ဆိုပါတော့"

သူ့စကားကို အားလုံးစိတ်ဝင်စားသွားကြသည်။


www.burmeseclassic.com

www.burmeseclassic.com



အေးမင်းသူက ...

"ဘာအစီအစဉ်လဲ"

"ထိပ်တန်းလျှို့ဝှက်ချက်လေ၊ မကြာခင် မင်းတို့သိရမှာပါကွာ"

သူ ထွက်သွားပေမယ့် အားလုံးကတော့ ပဟေဠိအဖြစ်နဲ့ ကျန်ရစ်နေခဲ့လေတော့သည်။

သစ်ကိုသည် ထိုကဲ့သို့ လျှို့ဝှက်တတ်သူတစ်ဦးလည်း ဖြစ်လေ၏။

■



# (H)

တက္ကသိုလ်ကျောင်းဝန်းလေးထဲတွင် အောက်ပါသတင်းအချို့ ပျံ့လွင့်နေပါသည်။

(၁) Tarot ဆရာလေး သစ်ကိုသည် (13.7.2012)/ မနက်ဖြန်တွင် Tarot ဟောခြင်းကို ရပ်နားထားမည်ဖြစ်ကြောင်း (ထိုတစ်ရက်တည်းသာ ဖြစ်ပါသည်။)

(၂) သစ်ကိုသည် သူ့ဘဝအတွက် အရေးအပါဆုံးသော အစီအစဉ်တစ်ခုကို ကျောင်းထဲတွင် ပြုလုပ်မည်ဖြစ်ကြောင်းတို့ဖြစ်ပါသည်။

အချို့ကလည်း ...

(၁) သစ်ကိုသည် မနက်ဖြန်မှစ၍ Tarot ဟောခြင်းကို ရပ်နားမည်။

(၂) သစ်ကိုသည် အရမ်းချစ်ရသော ကောင်မလေးတစ်ယောက်အား ချစ်ခွင့်ပန်ရန်အတွက်ဖြစ်ကြောင်း။ ထိုကောင်မလေးမှာ ဒီတက္ကသိုလ်ဝန်းထဲမှ တစ်ယောက်ပင် ဖြစ်နိုင်ကြောင်း စသဖြင့် ပြောဆိုနေကြပါသည်။

သေချာသည်ကတော့ မနက်ဖြန်သည် ဇူလိုင်လ၏ တစ်ဆယ့်သုံးရက်နေ့ဖြစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပတ် (၁၃) ရက်နေ့ သောကြာနေ့တစ်နေ့ ဖြစ်၏။

တောမိအတွက်လည်း သစ်ကို၏ဟောကိန်း မှန်/မမှန် သိရစေမည့် (၇) ရက်မြောက်၏နောက်ဆုံးရက်တစ်ရက် ဖြစ်ပါသည်။

သစ်ကို၏ "မနက်ဖြန်အစီအစဉ်အကြောင်းရင်း" ကို မည်သူမျှ ကသနအာ တိတိပပ မသိကြသေးပေမယ့် အားလုံးကတော့ စိတ်ဝင်တစား ရှိနေကြပါ၏။


သစ်ကို အစီအစဉ်က ဘာလဲ . . .။

ကေရီအတွက် အဖြေကရော . . .။

အားလုံးသည် မနက်ဖြန်အတွက် ရင်ခုန်နေကြလေပြီ။ ။

■






| | | |
|---|---|---|
| မြန်မာ | - | တရားသူကြီး |
| ENGLISH | - | Justice |
| ITALIAN | - | La Giustizia |
| FRENCH | - | La Justice |
| GERMAN | - | Die Gerechtigkeit |

www.burmeseclassic.com

www.burmeseclassic.com



Tarot Card No. (11) ၏ထူးခြားမှုမှာ Major Card (22)
အလယ်ဗဟိုချက်အမှတ် (11) ဖြစ်နေခြင်းပင် ဖြစ်သည်။

(11) ဂဏန်းသည် နှိုင် (1) ထက်ပို၍ ဆယ်လီတစ်ဆင့် ပိုများ
ခြင်းကို ဆို၏။ (1) ကို တစ်ဆင့်တက်လျှင် (၂) ဖြစ်သည်။ အဓိပ္ပာယ်
(11 = 1 + 1 = 2 = 22) ဖြစ်၏။

ထို့ကြောင့် Card No. (11) မှာ အမှတ် (၁) The Magician
အမှတ် (၂) The High Priestass တို့ ပေါင်းစည်းထားသည်ဟုလည်း
ပြော၍ရပါသည်။

နိမိတ်ပုံတွင် အိုလီဗီယံတောင်ကုန်းကို အုပ်ချုပ်သော နတ် (၁၂)
အနက် အလွန်ထင်ရှားလှသော နတ်သမီးတစ်ပါးရှိ၏။ (Athena) အေသီ
နတ်သမီးဟု ခေါ်ပါသည်။ ဇုနတ်မင်းကြီး၏ ဦးခေါင်းတော်ကို ဖောက်၍
ဖွားလာခဲ့သော အလွန်သန့်စင်မွန်မြတ်သော အပျိုစင်နတ်မိမယ်လေးလည်း
ဖြစ်သည်။

Card No. (11) တွင် တရားမျှတမှုတွင် နာမည်ထင်ရှားသ
(Athena) အေသီနာနတ်သမီးက ညာလက်တွင် ဓား၊ ဘယ်လက်တွင်
ချိန်ခွင်တို့ကိုကိုင်ဆောင်ပြီး နတ်တို့ဌာနေကို အုပ်ချုပ်နေသော နိမိတ်ပုံဖြစ်



အချို့ Tarot Card များတွင်မူ ဤ Card No. (11) ကို No. (8) နေရာတွင်
ဖော်ပြလေ့ရှိပါသည်။ (Golden Dawn) ရွှေအရုဏ်ဦးကမ္ဘာရှိအဖွဲ့မှ (၁၉)
ရာစုတွင် လက်ခံကျင့်သုံးရာမှ သိပ္ပံရှင် (waite) ဝိတ်မှ No. (11) နေရာသို့
အတည်ပြုရွှေ့ပြောင်းထား ခဲ့သည်။

ဤတရားသူကြီးနိမိတ်ပုံတွင် မိခင်တစ်ဦး၏ မျှတသော ဆိုဆုံးမမှု
သဘာဝကို ရည်ညွှန်းသောကြောင့် လောက၏မိခင်နိမိတ်ပုံအဖြစ် ဖော်ပြ
ထားခဲ့ခြင်းဖြစ်သည်။

အေသီနာ၏ဦးခေါင်းတွင် ဆောင်းထားသော သရဖူတွင် မကောင်း
မှုတို့အား ထိုးဖောက်သိမြင်နိုင်သည့် (The Eye of God) မျက်လုံးတော်
(ဘ) သင်္ကေတကို ဖော်ကျူးထားပြီး ရင်ညွန့်တော်မှ (B) ဆုံးဖြတ်မှုအလုံးစုံ
သည် စည်းမျဉ်းဘောင်အတွင်း၌သာ ရှိစေပြီး ကောင်းမှု, မကောင်းမှု၊
ကုသိုလ်, အကုသိုလ်ကံတို့သည် အဆုံးအစမရှိ လည်ပတ်နေမည်ဟု ဆိုလို
ထား၏။

မားမားမတ်မတ် ကိုင်ဆောင်ထားသော ဓားသည် ရဲရင့်မှန်ကန်
သော ဆုံးဖြတ်ချက်၊ ချိန်ခွင်သည် အကြွင်းမဲ့ တရားမျှတမှုကို ကိုယ်စားပြု
ပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com

# (XI)

ဒီနေ့သည် ဇူလိုင်လ၏တတိယသီတင်းပတ် သောကြာနေ့ ဖြစ်သည်။ နှစ်ထောင့်ဆယ့်နှစ်ခုနှစ်၊ ခုနှစ်လပိုင်း (၁၃) ရက်နေ့လည်း ဖြစ်၏။

ထိုနေ့သည် သစ်ကိုနှင့်ပတ်သက်သော ထူးဆန်းသောသတင်း အချို့ ထွက်နေသောနေ့တစ်နေ့လည်း ဖြစ်ပါသည်။ ထို့အပြင် သူမ (ကေရီ) ၏ (၇) ရက်မြောက်သောနေ့လည်း ဖြစ်လေ၏။

Canteen တွင် သာမန်ထက်ပိုသော စည်ကားမှုဖြင့် ကျောင်းသားကျောင်းသူများ လှုပ်ရှားနေကြသည်။ ဆိုင်ပိုင်ရှင်ကတော့ ထူးထူးခြားခြား ရောင်းအားကောင်းမှုကြောင့် အလွန်အမင်း ရွှင်လန်းနေပုံရ၏။

အချို့ကလည်း ထွက်ပေါ်နေသောသတင်းများ မှန်ကန်သည်ဟု သုံးသပ်ပြောဆိုနေကြသည်။ အကြောင်းမှာ သစ်ကို ကျောင်းကို ရောက်မလာခဲ့သေးသလို Tarot လည်း မပေါ်ဖြစ်သောကြောင့် ဖြစ်၏။ Canteen မှာ လူအများစည်ကားနေပါသော်လည်း Tarot ဝိုင်းလေးကို မမြင်တွေ့ရသည်ကြောင့် တစ်ခုခုလစ်ဟာနေသလို ဟာတာတာ ခံစားနေကြရသည်။

"သစ်ကို ဘာကြောင့် ရောက်မလာသေးတာလဲ"

"သစ်ကို ဘာလုပ်မှာလဲ"

"Tarot ကရော ဘာလို့မပေါ်တာလဲ"





"ဘာကြောင့်လဲ"

စသည့်အကြောင်းအရာများသည် Canteen တွင် ရေပန်းအစားဆုံးသော ဆွေးနွေးမှုများဖြစ်နေလေ၏။ သစ်ကိုကတော့ ယခု အချိန်အထိ ရောက်မလာခဲ့သေးပါ။

Canteen တွင်းရှိ စားပွဲဝိုင်းတစ်ဝိုင်းမှာတော့ အခြားသူများထက် ပိုစိတ်ဝင်စား/ စိတ်လှုပ်ရှားနေကြရသော လူ (၃) ယောက် ထိုင်နေကြ၏။ ထိုသူတို့မှာ ... ကေရီနှင့် အေးမင်းသူတို့အတွဲပင် ဖြစ်သည်။

"ကိုမင်းကလည်း ညံ့လိုက်တာ၊ ကိုယ့်သူငယ်ချင်းအကြောင်းကို တောင် ဘာမှသိမထားဘူး"

"ပပကလည်း ... သိရဲ့သားနဲ့ကွာ၊ သစ်ကိုက အဲလိုပဲလေ၊ ဘာမှ ကြိုပြောတတ်တဲ့လူမှ မဟုတ်တာ၊ ဒီကောင် ခုရက်ပိုင်း ပျောက်ပျောက်သွားတာတော့ ကိုမင်း ရိပ်မိသား၊ ဘာတွေကြံစည်နေမှန်းသာ မသိရတာ"

"သူ Tarot မပေါ်ပုံထောက်ရင်တော့ ထွက်နေတဲ့သတင်းတွေ မှန်ပုံရတယ်နော် ကိုမင်း"

"အင်း ... အဲလိုပဲ ပြောရတော့မှာပေါ့"

"ဒါဆို သစ်ကို တစ်ယောက်ယောက်ကို ရည်းစားစကားပြောတော့မှာပေါ့နော်"

ပပစကားကို အေးမင်းသူက စဉ်းစားဟန်ပြုပြီး ...

"သူ့ကိုကြွေနေတဲ့ ကောင်မလေးတွေတော့ အများကြီးပဲ၊ ဒီ Canteen ထဲမှာ ထိုင်နေတဲ့ မိန်းကလေးတစ်ဝက်လောက်က သူ့ကို စိတ်ဝင်စားနေတဲ့သူတွေပဲ၊ Physics Queen မေသူစိုးနဲ့ Maths Queen အေးမိုးကောင်တို့ကတော့ အကဲဆုံးပဲ၊ သစ်ကိုကတော့ တစ်ယောက်ကိုမှ စိတ်ဝင်စားပုံ မရဘူး၊ ကိုမင်းကိုလည်း မိန်းမကိစ္စ ဘာမှမပြောဖူးဘူး၊ ဒီကောင် မိန်းကလေးတစ်ယောက်ကို စကားများများပြောဖူးတာဆိုလို့လည်း ကိုမင်းသိသ



www.burmeseclassic.com

www.burmeseclassic.com



လောက်ကတော့ ကေရီတစ်ယောက်ပဲ ရှိသေးတာ''

အေးမင်းသူက သဘောရိုးနှင့် ပြောနေတာဖြစ်ပေမယ့် တစ်ချိန်လုံး ငြိမ်သက်နေသည့် သူမမှာတော့ ရင်မြုပ်မိုင်းတွေ အသံတိတ် ထကွဲနေ၏။ သည်ကြားထဲ ပပက သူမကို စိုက်ကြည့်နေသည်ကြောင့် မနေတတ် မထိုင်တတ်ပင် ဖြစ်နေရသေးသည်။ သို့ကြောင့် သူမက ...

''ငါ့အထင်တော့ သစ်ကို ငါတို့ကို ရှောင်နေတာဖြစ်မယ်''

''ဘာဖြစ်လို့လဲ''

''သူ ငါ့ကိုပြောထားတာ ဒီနေ့ နောက်ဆုံးရက်ပဲလေ၊ ငါ့အခြေအနေက ဘာမှထူးခြားမလာတာကို သူရိပ်မိပြီး သူ့ဘဝအတွက် ပထမဆုံး ဟောချက်အမှားဆိုတာကို သိသွားလို့၊ ရှက်လို့၊ ဒါမှမဟုတ် ငါတို့ကို ရင်မဆိုင်ရဲတော့လို့ နေမှာပေါ့''

ပြောသောပြောလိုက်ရပေမယ့် သူမစကားအတွက် ရင်ခွင်လှိုင်းတွေ ထန်နေခဲ့၏။ အေးမင်းသူကတော့ ...

''မဖြစ်နိုင်ဘူး ကေရီ ... သူ တစ်ခုခုကြောင့် နောက်ကျနေတာ ဖြစ်မှာပါ''

ဟု ဝင်ပြော၏။ ထိုစဉ် ...

''ဟိုမှာ ... သစ်ကို လာနေပြီ''

ကျောင်းသားတစ်ယောက်၏အသံကြောင့် Canteen လေး အသက်ဝင်လှုပ်ရှားသွားသည်။ အားလုံးက သူ့ကို မျှော်နေခဲ့ကြသည် မဟုတ်လား။

ဟုတ်ပါသည်။ အားလုံးစောင့်မျှော်နေခဲ့သည့် သစ်ကို ရောက်လာခဲ့ပြီ ဖြစ်ပါသည်။ သာမန်ထက် မထူးခြားလှသော အဆင်အပြင်၊ ခြေလှမ်းတို့ဖြင့် အေးမင်းသူတို့စားပွဲမှာ ဝင်ထိုင်လိုက်၏။

သူ့ထုံးစံအတိုင်း သက်သတ်လွတ်ထမင်းကြော်တစ်ပွဲနှင့် Super





plane တစ်ခွက်ကို မှာလိုက်ပြီး စာအုပ်တစ်အုပ်ကို ထုတ်ဖတ်နေ၏။ သူ့ပုံစံက ဉာဏ်မှုပင် ဖြစ်သည်။ ဘာထူးခြားမှုမှ မပြပါ။

အားလုံးကတော့ သူ့လှုပ်ရှားမှုမှန်သမျှကို မလွတ်စတမ်း စေ့ကြည့် အကဲခတ်နေကြသည်။ ထိုအထဲတွင် သူမက ထိပ်ဆုံးက ပါမည်ထင်ပါသည်။

သူမစိတ်ထဲမှာ သူ ဒီနေ့ ပိုကြည့်ကောင်းနေသည်ဟုတော့ မှတ်ချက်ပေးနေမိပါသည်။ မနေနိုင်လှသည့် ပပကတော့ စပ်စုခြင်းကို စတင်လိုက်ပါသည်။

''ကိုသစ်ကို ... ဒီနေ့ ကြားရတဲ့သတင်းတွေက အမှန်တွေလား''

''အင်း''

''ဒါဆို ကိုသစ်ကို ရည်းစားထားတော့မယ်ပေါ့''

''အင်း ... ဒါပေမဲ့ ရည်းစားတော့မဟုတ်ဘူး၊ ဘဝအဖော်မွန် နေမှာပါ''

''ဒါဆို ဘယ်သူလဲ သစ်ကို''

အေးမင်းသူအမေးကို သူ မဖြေဘဲ လျှို့ဝှက်စွာ ပြုံးနေ၏။

သူမက ...

''ဒီနေ့ ကျွန်မအတွက် နောက်ဆုံးနေ့နော်''

ဟု ဝင်ပြော၏။

''သိပ် စိတ်လှုပ်ရှားနေလား ကေရီ''

''အို ... ဘာလှုပ်ရှားစရာရှိလို့လဲ၊ အဖြေက အရှင်းကြီးပဲ''

''ဆုံးဖြတ်ဖို့အချိန်တွေ အများကြီး ကျန်ပါသေးတယ်လေ''

စကားဝိုင်းလေး သွေးခဲသွားပြန်သည်။ လူအားလုံးကတော့ သစ်ကို ကို မျက်ခြည်မပြတ် စောင့်ကြည့်နေကြ၏။ သစ်ကို ဘာများ ဆက်လုပ်မည်နည်း။

■



www.burmeseclassic.com

www.burmeseclassic.com

# (၂)

ထိုနေ့တွင် ထူးခြားဖြစ်စဉ်အချို့ ဖြစ်ပေါ်ခဲ့လေ၏။

(a) ထိုတစ်နေ့လုံး သစ်ကို အတန်းမတက်ပါ။

(b) အေးမင်းသူတို့အတွဲနှင့်အတူ ကောရီကလည်း (သူ့အဖြေ မှန်,မမှန် ကို စောင့်ကြည့်ရန် အကြောင်းပြချက်ဖြင့်) အတန်းမတက်ဘဲ သစ်ကိုတို့နှင့်အတူ Canteen တွင် တစ်ချိန်လုံး ရှိနေခဲ့သည်။

(c) ကျောင်းသူကျောင်းသားအတော်များများလည်း အတန်းမဝင်ကြဘဲ သစ်ကို့,ကို Canteen တွင် ထိုင်ကာ စောင့်ကြည့်နေကြ၏။

(d) သစ်ကို့,ကို စိတ်ဝင်စားကြသော မိန်းကလေးများသည် သစ်ကို အပေါ့အပါးသွားသည်ကိုပင် (ဘာလုပ်မည်လဲဟူသည့် အတွေးဖြင့်) အလွတ်မပေးဘဲ နောက်ယောင်ခံ လိုက်ကြည့်ကြသည်။

(e) Canteen တွင် အဆမတန် ရောင်းအားတက်ခဲ့သည်ကြောင့် ဆိုင် ပိုင်ရှင်မှ သစ်ကိုတို့ဝိုင်းအား အခမဲ့စားသောက်ခွင့်ပေးခဲ့၏။

သစ်ကို၏ထူးခြားမှုကတော့ ကျောင်းဆင်းသောအချိန်ရောက်မှပင် စတင်ခဲ့လေ၏။

■



## ကျောင်းဆင်းချိန် . . .

စိတ်ပျက်အားလျော့နေသော မျက်လုံးအစုံပေါင်းများစွာတို့သည် ကျောင်းဆင်းချိန်ရောက်မှ လင်းလက်တောက်ပလာခဲ့ကြသည်။

BURMESE CLASSIC

ကျောင်းဆင်းချိန်နှိမ့် ကျောင်းသူကျောင်းသားများအပြင် ကျောင်းဝန်ထမ်းများ၊ ကျောင်းဆရာ,ဆရာမများပါ ပိုမိုရှုပ်ထွေးနေချိန်လည်း ဖြစ်၏။

သစ်ကိုက စားပွဲထိုးလေး (၂) ယောက်အကူအညီဖြင့် စားပွဲခုံနှစ်ခုကို အတန်းလိုက်ဆက်လိုက်သည်။ ပြီး . . . သစ်ကိုက ထိုစားပွဲပေါ်သို့ တက်ကာ . . .

"အားလုံးပဲ မင်္ဂလာပါ၊ အပမ်းမကြီးဘူးဆိုရင် ဒီက သူငယ်ချင်းများ အားလုံးပဲခင်ဗျား ကျွန်တော့်ဘဝအတွက် အရေးအကြီးဆုံးသော အသိအား ဆွေးနွေးအကြံပြုချက် ဒါမှမဟုတ် ကျွန်တော့်ဘဝအတွက် ရွေးကောက်ပွဲလေးတစ်ခုကို အားလုံးရဲ့အကူအညီနဲ့ ကျင်းပချင်ပါတယ်"

"ဘာများလဲဗျို့"

"မြန်မြန်ပြောပါ"

". . . . . . . . . . ."

စသည့် အသံဗလံမျိုးစုံနှင့်အတူ အားလုံး လှုပ်လှုပ်ရှားရှားဖြစ်နေကြသည်။ ထူးခြားမှုတစ်ခုမို့ လူများလည်း ပိုမိုစုံရုံးသွားကြ၏။ ဆရာ/ဆရာမ



www.burmeseclassic.com

www.burmeseclassic.com



အချို့ပင် ရုးစမ်းလိုစိတ်ကြောင့် ပါဝင်လာသည်ကို တွေ့ရ၏။

အေးမင်းသူ၊ ပပနှင့် သူမတို့လည်း အလွန်သိချင်စိတ် ပြင်းပြနေကြသည်။

"ဟုတ်ကဲ့ပါ ... ကျွန်တော် အရိုးသားဆုံးပြောပြမှာပါ၊ အားလုံးခဏတော့ သည်းခံနားထောင်ပေးကြပါ"

အဝေးကကြည့်လျှင် အသေးစား Show ပွဲတစ်ခုနှင့်ပင် ခပ်ဆင်ဆင်တူနေသေး၏။ သူက စားပွဲမှ စကားပြောနေရင်းနှင့် သူမကိုလည်း တစ်ချက်တစ်ချက် လှမ်းကြည့်နေသည်ကြောင့် သူမပင် ရင်ခုန်သွားမိသည်။

သူ ဘာတွေလုပ်နေတာလဲ။

"ဒီကောင် သေချာစီစဉ်ထားပုံရတယ်"

အေးမင်းသူထင်မြင်ချက်ကို ဘယ်သူမှ ပြန်မပြောဖြစ်ပါ။ အကြောင်းက ...

"အားလုံးပဲခင်ဗျာ ... ဒီနေ့ ကျွန်တော် Tarot မဟောဖြစ်တဲ့ အဓိကအကြောင်းရင်း (၂) ခု ရှိပါတယ်၊ ပထမအချက်က ဒီကနေ့ဟာ ကျွန်တော့်အဖေဆုံးပါးသွားတာ (၄) နှစ်တိတိ ပြည့်တဲ့နေ့ပါ"

"အို!"

ဘာရယ်မဟုတ် သူမရင်ထဲမှာ ဝမ်းနည်းသလို ခံစားလိုက်ရသည်။ အားလုံးကတော့ သူ့စကားကို စိတ်ဝင်တစား ငြိမ်သက်နားထောင်နေကြ၏။

"ဟုတ်ပါတယ် ... ကျွန်တော့်အဖေဟာ အခုလို (၁၃) ရက် သောကြာနေ့မှာပဲ ဆုံးပါးသွားခဲ့တာပါ၊ နောက်တစ်ချက်ကတော့ ကျွန်တော့်ရဲ့ ဘဝအဖော်မွန်ကို အများရဲ့ရှေ့မှာပဲ သစ္စာခံပြီး ချစ်ခွင့်တောင်းမလို့ပါ"

"ဟေး"

'ဖြောင်း ဖြောင်း ဖြောင်း'

"မိုက်တယ်ဟေ့"





အားလုံး ဆူညံသွားကြသည်။ မဆီမဆိုင် အေးမင်းသူက ပပလက်ကို ဖျစ်ညှစ်နေ၏။ သူမကတော့ အမျိုးအမည်မသိသော တစ်စုံတစ်ရာ ခံစားမှုအားတစ်မျိုးကြောင့် ကြက်သီး "ဖျန်း"ခနဲ ထသွားသည်။

မိန်းကလေးအချို့ကတော့ ...

"သစ်ကိုကောင်မလေးက ဘယ်သူဖြစ်မလဲ"

"ငါဖြစ်ရင် သိပ်ကောင်းမှာပဲ"

"အမယ်လေး ... ရင်တွေခုန်လိုက်တာနော်"

"သစ်ကိုက အေးမလိုလိုနဲ့ ဒီလိုကျတော့လည်း Romance ဖြစ်လှချည်လား"

"..........."

စသည့်အဓိပ္ပာယ်မျိုး သက်ရောက်သည့် ဝါကျအချို့ကို ပြောဆိုနေကြ၏။

သူကတော့ လျှို့ဝှက်အပြုံးတစ်ခုနှင့် အစီအစဉ်ကို စတင်အကောင်အထည်ဖော်နေလေပြီ ဖြစ်သည်။

"ကျွန်တော့်ဘဝအတွက် (၁၃) ဂဏန်းဟာ အမှတ်တရများစွာကို သယ်ဆောင်ခဲ့ပါတယ်၊ ကျွန်တော့်မွေးနေ့ဟာ (၁၃) ရက်ဖြစ်သလို၊ ခုံအမှတ်ဟာလည်း (၁၃) ဖြစ်ခဲ့ပါတယ်၊ ပြီးတော့ (၁၃) ရက်နေ့မှာလည်း ကျွန်တော့်အဖေကို စွန့်လွှတ်ခဲ့ရပါတယ်၊ မှတ်မှတ်ရရ အဲဒီနေ့ဟာ ကျွန်တော်နဲ့ Tarot ကဒ်ကလေးတွေ တစ်သားတည်း စ,ဖြစ်တဲ့နေ့လည်း ဖြစ်ခဲ့ပါတယ်"

အားလုံးက သစ်ကိုစကားကို စိတ်ဝင်တစား နားထောင်နေကြ၏။

"ဒါပေမဲ့ အခု ကျွန်တော်ပြောချင်တာကတော့ ကျွန်တော် ကောင်မလေးတစ်ယောက်ကို ချစ်မိနေပါပြီဗျာ"

ကျောင်းသားကျောင်းသူအချို့က ဟေးခနဲ ထအော်လိုက်ကြ၏။

သစ်ကိုကောင်မလေးက ဘယ်သူဖြစ်မလဲဆိုတာကို သူမလည်း



www.burmeseclassic.com

www.burmeseclassic.com



သိချင်လှပါသည်။ ပြီးတော့ တစ်ခုခုကို စွန့်လွှတ်လိုက်ရသလိုလည်း ခံစားနေရသည်။

"အဲဒီကောင်မလေးက ဒီတက္ကသိုလ်ထဲကပါပဲ။ သူ့ကို ကျွန်တော် မြင်မြင်ချင်း စွဲလမ်းခဲ့မိတာပါ။ ထူးထူးခြားခြား ကျွန်တော့်ရဲ့ အမှတ်တရနေ့ဖြစ်တဲ့ (၁၃) ရက်နေ့မှာပဲ သူမကို အများရှေ့မှာ ချစ်ခွင့်ပန်ဖို့ စဉ်းစားခဲ့မိတာပါ"

"ဘယ်သူလဲ ကိုသစ်ကို"

သူက ထိုကျောင်းသားကို "ခဏသည်းခံပါ" ဟုပြောပြီး စကားကို ဆက်ပြောသည်။

"ကောင်မလေးနာမည်ကို မပြောခင် ကျွန်တော် အစီအစဉ်တစ်ခု တင်ပြပါရစေ၊ အဲဒါကတော့ အဲဒီကောင်မလေးနဲ့ သဘောတူတယ်၊ ချက်ချင်း အဖြေပြန်ပေးဖို့ သဘောတူတယ်ဆိုရင် အားလုံးက နာမည်နဲ့ လက်မှတ်ထိုးပြီး ဆန္ဒမဲပေးကြပါ၊ ရွေးကောက်ပွဲသဘောမျိုးပေါ့၊ မကြာခင်မှာ ကျွန်တော် စာရွက်တွေ ပေးပါ့မယ်၊ တကယ်လို့"

သူ့စကားကြောင့် . . .

"Idea က မိုက်တယ်ကွာ"

"တကယ့် Romance ပဲ"

". . . . . . . . . ."

စတဲ့ အောက်ကစကားသံတွေ တိတ်ဆိတ်သွားပြီး သူ့စကားကို နားစွင့်နေကြ၏။

"ကျွန်တော် နာမည်ပြောလိုက်တဲ့မိန်းကလေးက သဘောတူတယ်ဆိုရင် ကျွန်တော် ချစ်ခွင့်ပန်ဖို့အတွက် ဒီအပေါ်ကို တက်လာပေးပါ။ လက်မခံဘူးဆိုရင်တော့ တက်လာစရာမလိုပါဘူး။ ကျွန်တော့်နှလုံးသားကို သော့ပိတ်ပြီး ရာသက်ပန် သိမ်းဆည်းထားလိုက်ပါ့မယ်ဗျာ"





အားလုံးက သူ့အစီအစဉ်ကို နှစ်သက်လက်ခံကြောင်း လက်ခုပ်အဖြောင်းဖြောင်းတီးပြီး သက်သေပြနေကြ၏။

"သစ်ကိုကတော့ လုပ်ပြီဟေ့"

"ကိုမင်း . . . သစ်ကို Idea မိုက်တယ်နော်"

သူမကတော့ နှုတ်ပိတ်နေ၏။

"ပြောပြပါတော့ဗျို့"

"ဘူလေးလဲ . . . ဘူလေးလဲ"

". . . . . . . . . ."

အားလုံးက သူ့ကို တောင်းဆိုနေကြ၏။ မိန်းကလေးအချို့က အစ်ကိုတစ်ရာဆုကို ဖွိုးတိုးတိတ်တိတ်တောင်းနေကြ၏။

"ဟုတ်ကဲ့ . . . ကျွန်တော်မြတ်နိုးရတဲ့ ကောင်မလေးနာမည်ကတော့ —"

သူ မပြောသေးခင် ကျောင်းသားအချို့က တိုင်ပင်ခေါ်ပေးလိုက်သည်။

တစ် . . .။

နှစ် . . .။

သုံး . . .။

"ဟောဟိုက ကျွန်တော့်သူငယ်ချင်းအနောက်မှာ ရပ်နေတဲ့ ကေရိပဲဖြစ်ပါတယ်"

ရုတ်တရက် သူမ အသက်ရှူမှားသွားသည်။

ပပတို့အတွဲလည်း အံ့သြမှင်တက်နေ၏။

အားလုံး၏အကြည့်တို့က သူမအပေါ်မှာ စုပြုံရောက်နေသည်။ သူမ ဘာလုပ်ရမည်မသိတော့။ သူမ စိတ်လှုပ်ရှားမှုနှင့် အံ့သြမှုတို့ကြောင့် ခဏမျှနှင့်တဒင် အဆက်သွယ်ပြတ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



သစ်ကိုကတော့ သူမကို တော်မှတ်တောင့်တသလို ငေးကြည့်နေ၏။ အသိစိတ်မဲ့နေသည့် သူမကို ပပက အံ့သြဝမ်းသာမှုဖြင့် ပွေ့ဖက်အော်ဟစ်နေ၏။ အေးခင်သူလည်း ပြုံးရွှင်သွား၏။ သူမကတော့ အိပ်မွေ့ချခံနေရသူ တစ်ယောက်လို။

တစ်စက္ကန့် ...

နှစ်စက္ကန့် ...

သုံးစက္ကန့် ...

...။

■

"ဟေး"

'ဖြောင်း ဖြောင်း'

ဆူညံသံတစ်ခုကြောင့် သူမ အသိစိတ်ပြန်ဝင်သွားချိန်မှာတော့ အကူအညီနှင့် သူ့ဘေးကို ရောက်ရှိနေပြီဖြစ်၏။

သည်အတွက် သူမကိုယ်သူမလည်း အံ့သြနေခဲ့ရ၏။ ဒီအပေါ်ကို ဘယ်လိုရောက်လာခဲ့ရတာလဲ။ သစ်ကိုကတော့ စာရွက်အချို့ကို ပြုံးရွှင်စွာဖြင့် ဝေပေးနေသည်။

အားလုံးပြီးတော့ သစ်ကို အံ့သြမှုတစ်ခုကို ထပ်မံပြုလိုက်ပြန်၏။

"ဟာ!"

"ဟင်!"

သူမရှေ့မှာ သစ်ကို ဒူးထောက်ထိုင်လိုက်ခြင်း ဖြစ်သည်။ သူမလည်း ကြောင်ရာမရတော့။ အားလုံးကတော့ လက်ခုပ်လက်ဝါးတီးကာ သြဘာပေးကြသည်။

ခဏနေမှ သစ်ကိုက စကားစပြော၏။

"ကေရီကို ကျွန်တော် ချစ်တယ် ... ကျွန်တော့်အချစ်ကို လက်ခံပါနော်"





www.burmeseclassic.com

www.burmeseclassic.com



သူနှလုံးသားက ယိုစီးလာတဲ့ စကားသံမို့ သူမ ကြည်နူးသွားမိသည်။ အံ့ဩမှု၊ ဝမ်းသာမှုတို့ကြောင့် သူမ ဘာပြန်ပြောရမည်ပင် မသိတော့။

"အဖြေပေးလိုက်ပါဗျို့"

"သဘောတူပါတယ်"

အားလုံးကတော့ ဆန္ဒပြနေကြ၏။ မကြာခင်မှာပဲ သူမလက်ထဲ ဆန္ဒမဲစာရွက်အချို့ ရောက်လာခဲ့၏။ ပါမောက္ခချုပ်လက်မှတ်ကိုပါ တွေ့ရ၍ သူမ ပိုအံ့ဩသွားသည်။

ရှင် သိပ်တတ်နိုင်တဲ့လူပဲ။

သူက စာရွက်က မဲဆန္ဒများကို တွက်ဆပြီး . . .

"အားလုံးကို ကျေးဇူးတင်ပါတယ်၊ ကျွန်တော် သူ့ကို ဘဝနဲ့ရင်း၍ ပြီး ဂရုစိုက်ပါ့မယ်၊ အခုလို ဆန္ဒမဲ (၈၀) ကျော်ရလို့လည်း ဝမ်းသာပါတယ် ဗျာ"

သူ့အသံက ပျော်ရွှင်မှုကြောင့် နူးညံ့နေ၏။ သူမကတော့ ရှက်၍ ခေါင်းငုံ့နေ၏။ သစ်ကိုက ဒူးထောက်ရာမှ မတ်တတ်ရပ်လိုက်ပြီး . . .

"ကျွန်တော့်ကို ပြန်ချစ်ပါ ကေရီ"

"ဖြေပါဗျို့"

"သစ်ကို့,ကို ပြန်ချစ်လိုက်ပါ"

သူမကတော့ နှုတ်ဆိတ်နေ၏။ သစ်ကိုကတော့ သူမအဖြေကို စောင့်ဆိုင်းနေ၏။ အေးမင်းသူတို့အကွဲလည်း သူမအဖြေအတွက် ရင်ခုန်နေ ကြသည်။ အားလုံးလည်း ထို့အတူပါပင်။

သူမ ဘယ်လိုဖြေမည်လဲ။ သူမ သစ်ကို့,ကို မျက်ဝန်းချင်း ဆုံကြည့် လိုက်၏။ သူမအဖြေကို သိချင်သည်ကြောင့် အားလုံးငြိမ်သက်နေကြသည်။

သစ်ကို ရင်ခုန်သံတွေ ဆူညံနေ၏။ သူမကတော့ . . .။

■



မကြာခင်အချိန်မှာပဲ . . .

ကျောင်းဝန်းအပြင်ဘက်မှ လူတစ်ယောက်သည် ကျောင်းဝန်း တွင်းမှ "ဟေး" ခနဲ အော်သံကြီးကို ရုတ်တရက် ကြားလိုက်ရသဖြင့် မလည်နိုင်ဖြစ်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# (J)

"ဟွန်း . . . မိန်းမတို့များနော် ပြောတော့ဖြင့် မိုးလားကဲလား . . . တော့ တစ်ခါတည်းကို အဖြေပေးပစ်ခဲ့တာပဲနော်၊ သစ်ကိုတို့ကတော့ . . . တယ်ကွာ၊ တစ်ချက်ခုတ် နှစ်ချက်ပြတ်ပဲ . . . အဟင်း"

"နင်ပြောရင်လည်း ခံရတော့မှာပဲ ပပ၊ သစ်ကို ငါ့နာမည် . . . ခေါ်လိုက်တဲ့အချိန်မှာ ငါ ဘယ်လိုဖြစ်သွားမှန်းကို မသိတော့ဘူး၊ ညို့ . . . တစ်ခုက ငါ့ကို ညို့ထားသလိုပဲ၊ နင်နဲ့အေးမင်းသူတို့လို ဖြစ်သွား . . . နေမှပေါ့"

"ခုတော့ နင် ငါ့ကို ကိုယ်ချင်းစာတတ်သွားပြီပေါ့"

သူမက ရှက်ပြုံးလေးနှင့်အတူ ညင်ညင်သာသာ ခေါင်းညိတ် . . . သည်။

"အခုတော့ အချစ်ရဲ့တဒင်္ဂစွမ်းအားတွေကို နင် နားလည်သွား . . . မဟုတ်လား"

"အင်း"

"ငါမပြောဘူးလား ကေရီ . . . သစ်ကို Tarot မမှားနိုင်ပါဘူး . . . အခုတော့ နင်ကိုယ်တိုင် လက်တွေ့ပဲမဟုတ်လား"

"အို . . . No ပါ၊ သစ်ကို့ကို ငါချစ်တာက သတ်သတ်ပါ။ . . .





Tarot card တွေနဲ့ ဘာမှမပတ်သက်ဘူး"

သူမအဖြေကို ပပ အတော်စိတ်ပျက်သွားပုံရသည်။

"နင်ဟာလေ တကယ်ခေါင်းမာတယ်၊ အခုထိ လက်မခံချင်သေး ဘူး။ အဲဒါကြောင့်လည်း နင် သစ်ကိုရဲ့ရည်းစားဖြစ်တာနေမှာ"

"ဟင် . . . ဘာမှလည်း မဆိုင်ဘဲနဲ့"

"ဘာပဲဖြစ်ဖြစ် နင် ကံကောင်းပါတယ် ကေရီ"

"Why?"

"ကျောင်းထဲမှာ သစ်ကို့ကိုကြွေနေတဲ့ မဒီတွေ အများကြီးပဲလေ"

ပပစကားအဆုံးမှာ သူမ လှဲ့လှဲ့ကလေး ပြုံးပြနေ၏။

ထိုနေ့က ရာသီဥတု အလွန်အမင်း သာယာခဲ့ပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com

"ငါ တကယ်အံ့ဩတယ် သစ်ကိုရာ၊ မင်း အဲလိုစိတ်ကူးရှိလိမ့်မယ် လို့ ငါ ထင်တောင်မထားဘူး"

အေးမင်းသူစကားကို သစ်ကိုက သဘောကျသလို ပြုံးကြည့်နေ၏

"နေစမ်းပါဦး ... မင်းက ကေရီကို ဘယ်တုန်းက စိတ်ဝင်စားသွား တာလဲ"

"ငါပြောရင် ယုံမှာလား"

"ယုံမှာပေါ့ဟ"

"အမှန်အတိုင်း ပြောရရင် ... ငါ ကေရီကို စတွေ့ကတည်းက"

သူ့အဖြေကို အေးမင်းသူက သဘောတကျ ရယ်နေ၏။

"အင်း ... တွေ့တော့တွေ့ကြပြီပေါ့ကွာ၊ ဟိုက Tarot ကို သိ အယုံအကြည်မရှိတဲ့ မိန်းကလေး၊ ဒီက သွေးကြောထဲအထိ စိမ့်ဝင်စီးနေ Tarot မင်းသား၊ ဘယ်လိုများ နှစ်ပါးသွားကြမလဲ မသိဘူး"

သူ တစ်ချက်ပြုံးလိုက်ပြီး ...

"ငါတို့နေထိုင်တဲ့ ဒီကမ္ဘာလောကကြီးက နှစ်တွေထောင်သော အချိန်တွေ ကြာတဲ့အထိအောင် ဘာလို့တည်မြဲနေတာလဲ ... သိလား"

အေးမင်းသူက ခေါင်းခါပြတော့ သူ့အပြုံးက ပိုပီပြင်သွားသည်





"အေး ... အဲဒါ Balance ဖြစ်နေလို့ပဲ"

"Balance ... မျှခြေပေါ့"

သူ ခေါင်းညိတ်ပြပြီး ဆက်ပြောသည်။

"ဟုတ်တယ် သူငယ်ချင်း ... အသွင်တူမှ အိမ်သူဖြစ်တယ် ဆို ပေမယ့်လည်း တစ်ယောက်နဲ့တစ်ယောက် စရိုက်တွေမတူပေမယ့် နားလည် မှုနဲ့တည်ဆောက်ရင် ရမယ်လို့ ငါယူဆတယ်၊ တကယ်တော့ ကေရီနဲ့ ငါ နဲ့ကြားမှာ မင်းထင်သလောက် ပြဿနာက မကြီးမားပါဘူးကွာ၊ မျှခြေလေး တစ်ခုတော့ တည်ဆောက်ရမှာပေါ့"

"ဟုတ်ပါပြီ ... တကယ်လို့များ ကေရီက မင်းကို ဟိုတစ်ခါ မေးခဲ့ဖူးသလို Tarot နဲ့ သူ့ကို ရွေးချယ်ခိုင်းလာခဲ့ရင်ရော"

သူ လျှို့ဝှက်စွာ ပြုံးလိုက်ပြန်၏။ ပြီးမှ ...

"ကေရီက သူ့ကိုယ်သူ အဲလိုသဘောထားသေးသိမ်တဲ့ မိန်းမ အဖြစ်ခံမှာတဲ့လား"

လေပြည်တစ်ချက် ပွတ်တိုက်သွားသည်မှအပ ရာသီဥတုကတော့ ငြိမ်သက်ပြင် ဖြစ်နေခဲ့လေ၏။

■

www.burmeseclassic.com

www.burmeseclassic.com




| | | |
|---|---|---|
| မြန်မာ | - | လူဇောက်ထိုး |
| ENGLISH | - | The Hanged Man |
| ITALIAN | - | I Apesso |
| FRENCH | - | Le Pendu |
| GERMAN | - | Der Gehangte |

နိမိတ်ပုံတွင် အထက်သို့ ဆက်လက်ရှင်သန်ခွင့်မပေးဘဲ အကိုင်းအခက်များကို ဘေးသို့သာဖြန့်ထွက်စေသော အင်္ဂလိပ်အက္ခရာ (T) ပုံသဏ္ဌာန်ရှိသော ကမ္ဘာ့သစ်ပင် (The World Tree) တွင် လုလင်ပျိုတစ်ဦးအား ဇောက်ထိုးချိတ်ဆွဲထားသည်။

လုလင်ပျိုသည် ဦးခေါင်းမှ ရောင်ခြည်များ ထွက်ပေါ်နေပုံနိမိတ်အရ ထူးခြားသော အတွေးအခေါ်၊ ဉာဏ်ပညာ မြင့်မားထူးချွန်လွန်းသောကြောင့် ထိုသစ်ပင်မှ အပြစ်ပေးထားခြင်းဖြစ်၏။ အချို့ Tarot များတွင် ထိုလူငယ်လေးသည် မြောက်ဥရောပပုံပြင်ပါ (odin) ကို ကိုယ်စားပြုသည်။ ထိုပုံပြင်တွင် သစ်ပင်ကြီး၏နာမည်မှာ (Vggdvasil) ဖြစ်သည်။

၎င်းသစ်ပင်ကြီးသည် ရေပြည်မှ မြေပြင်ကို ဖောက်ထွက်ပြီး နတ်ပြည်အထိ ကြီးထွားနိုင်၏။ ဂရိပုံပြင်တွင် ထိုလူငယ်လေးက (Prometheus) ကို ကိုယ်စားပြုထားသေး၏။ (T) သစ်ပင်တွင် ချိတ်ဆွဲထားပုံမှာ (Δ) ပုံ ထွက်နေသည်။ ခြေထောက်များက (+) ပုံကို ဖော်ပြထားသည်။ ၎င်းသင်္ကေတများ ပေါင်းစည်းပါက ထူးခြားသောနိမိတ်သင်္ကေတကို ဖြစ်ထွန်းစေ၏။ ($\overset{\triangle}{+}$) ပုံဖြစ်သည်။

Tarot ဒဏ္ဍာရီအဆိုအရ လုလင်ပျိုသည် ထိုသစ်ပင်တွင် (၉) ရက်



www.burmeseclassic.com

www.burmeseclassic.com



(၉) ညတိုင်တိုင် ခေါင်းလုံးတို့ဖြင့် ထိုးဆွခံပြီးမှ လွတ်မြောက်ခဲ့သည်။

လှလှင်ပျို့တင်ဆင်ထားသော ဘောင်းဘီအနီသည် ကိုယ်၊ စိတ်၊ မနောဝိညာဉ်၏ ရုပ်ပိုင်းတဏှာကို ဖော်ပြပြီး အင်္ကျီအပြာမှာ စိတ်ပိုင်းဆိုင်ရာကို ရည်ညွှန်းထား၏။ ရွှေရောင်ဖိနပ်သည် အမြင့်ဆုံးသောတွေးခေါ်မှုကို ကိုယ်စားပြုထား၏။

■



တက္ကသိုလ်ဝန်းထဲတွင် သစ်ကိုနှင့်ကေရီတို့ ချစ်သူနှစ်ဦး သတင်းက အထူးရေပန်းစားလျက် ရှိနေသည်။

သစ်ကိုအား ကေရီမှ Tarot ဟောခွင့်မပြုတော့ဟုလည်း သတင်းများ ထွက်ပေါ်နေခဲ့၏။

သို့သော် ထိုသတင်းမဟုတ်မမှန်ကြောင်းကို အားလုံးသိရှိသွားခဲ့ကြပြီဖြစ်သည်။

အကြောင်းမှာ . . . ထုံးစံအတိုင်း သစ်ကိုသည် မှူမပျက် Canteen တွင် Tarot ဟောနေသောကြောင့်ပင် ဖြစ်၏။ သစ်ကိုနံဘေးတွင် ကေရီကို တစ်ခါတစ်ရံ တွေ့ရတတ်သေး၏။

သစ်ကိုမှတ်ချက်ပြုသလို ကေရီသည် သဘောထားမသေးသိမ်ခဲ့ပါ။ သူမကိုယ်တိုင် Tarot ကို အယုံအကြည် အပြည့်အဝမရှိပေမယ့် သစ်ကိုဝါသနာကိုတော့ မတားဆီးခဲ့ပါ။ သစ်ကိုကလည်း သူမကို အတင်းယုံကြည်ဖို့ သိမ်းသွင်းခဲ့ပါ။

ဤသို့ဖြင့် သစ်ကိုတို့အတွဲသည် တစ်ဦးအပေါ်တစ်ဦး နားလည်မှု အပြည့်ရှိသော၊ သိပ်ချစ်တတ်ကြသော၊ လိုက်ဖက်လှသော အတွဲတစ်တွဲအဖြစ် နာမည်ကြီးလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံတွင်တော့ သူမသည် သစ်ကိုအား ဂျစ်တိုက်တတ်သည့်အကြောင်းအရာတစ်ခုတော့ ရှိပါ၏။

ထိုအကြောင်းအရာမှာ သစ်ကိုနှင့်သူမတို့၏ ကံကြမ္မာကို ကြိုတင်အကြည့်ခိုင်းခြင်းပင် ဖြစ်ပါတော့သည်။

■



# (XIII)

Canteen တစ်ခုအတွင်းရှိ စားပွဲတစ်လုံးတွင် အတွဲနှစ်တွဲ ထိုင်နေကြသည်။

၎င်းတို့နှစ်တွဲမှာ . . .

အတွဲ (၁) – သစ်ကို + ကေရီ

အတွဲ (၂) – အေးမင်းသူ + ပပ

တို့ ဖြစ်ကြသည်။

ထုံးစံအတိုင်း သူမက သစ်ကိုငြင်းဆန်လေ့ရှိသော ဝါကျတစ်ကြောင်းကို စတင်လိုက်သည်။ (မှတ်ချက်။ ။ ချစ်သူဖြစ်ပြီးနောက်ပိုင်း ကေရီက သစ်ကို့ကို "မောင်" ဟုခေါ်ပြီး သစ်ကိုကတော့ သူမကို "ကေရီ" ဟုပင် ခေါ်ပါသည်။)

"မောင်ရယ် . . . ဆုံးဖြတ်ချက်ချထားတယ်ဆိုပေမယ့်လည်း မောင်နဲ့ကေရီတို့ရဲ့ ကံကြမ္မာအတွက် နောက်ဆုံးအနေနဲ့ တစ်ခါလောက်ဖြစ်ဖြစ်ကြည့်ပေးပါနော်"

သူ သက်ပြင်းတစ်ချက်ချပြီး . . .

"မောင် . . . အဲသလို ကံကြမ္မာကို ကြိုမသိချင်ဘူး ကေရီ၊ ဒီလိုကြိုသိရမှာကိုလည်း မောင်ကြောက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲလို အစွဲကြီးတာကို ကေရီက မကြိုက်တာ၊ ကြိုသိတော့ရော ဘာဖြစ်ကြောက်စရာရှိလဲ၊ ကြိုတင်ပြင်ဆင်ခွင့်တောင် ရသေးတယ်မဟုတ်ဘူးလား"

"ကြိုတင်ပြင်ဆင်လို့ မရနိုင်တဲ့ ကံတရားဆိုရင်ရော"

စကားအဆုံးမှာ အားလုံး တဒင်္ဂတိတ်ဆိတ်သွားသည်။ အေးမင်းသူကတော့ နားလည်သလို ငေးကြည့်နေသည်။ ပပလည်း ဘာစကားမှ ဝင်မပြောပေ။

သူမကတော့ ...

"မောင့်စကားကို ကေရီ သိပ်နားမလည်ဘူး မောင်"

"ဟုတ်ပြီ ... ကေရီ နားလည်သွားအောင်, ပြီးတော့ မောင်ဘာကြောင့် ကိုယ့်ကြမ္မာကိုယ် ကြိုမသိချင်တော့တာလဲဆိုတာကို မောင်ပြောပြမယ်၊ မောင့်ဘဝရဲ့ တစ်စိတ်တစ်ပိုင်း အကြောင်းအရာတချို့ ဆိုပါတော့ ကံကြမ္မာကို ကြိုသိနေခြင်းဟာ ဘယ်လောက်ကြောက်စရာကောင်းတယ်ဆိုတာကို ကေရီ သိသွားပါလိမ့်မယ်"

သူ့မျက်ဝန်းထဲမှာတော့ အတိတ်က ကြေကွဲစရာဖြစ်ရပ်ဆိုးတွေကို ပြန်မြင်ယောင်ပြီး အဆွေးရောင်ပြောင်းသွားသည်။

အားလုံးကတော့ သူ့စကားတွေကို စိတ်ဝင်တစား နားစွင့်နေကြပါသည်။

"မောင်က ငယ်ငယ်လေးကတည်းက ဒီ Tarot ကို ဝါသနာပါခဲ့တာ၊ တချို့က ကဗျာဆရာ/ စာရေးဆရာဖြစ်ချင်ကြတယ်၊ တချို့က အဆိုတော်သရုပ်ဆောင်တွေ ဖြစ်ချင်ကြတယ်လေ၊ မောင်ကတော့ Tarot ကို ပရိုအဆင့်ဖြစ်ချင်ခဲ့တာ၊ ကြိုးလည်း ကြိုးစားခဲ့တယ်၊ အရင်တုန်းက Tarot ဟောဖို့အတွက် ဂါထာတွေရွတ်ပြီး နှိုးရတယ်၊ ဒီအဖြစ်အပျက်တွေ ဖြစ်ပျက်ပြီးတဲ့နောက်မှာ မောင်ဟာ Tarot နဲ့ မယုံနိုင်လောက်အောင် မိတ်ဖွဲ့ဖြစ်





သွားခဲ့တယ်၊ မောင့်အတွက် Tarot ကို နှိုးနေစရာမလိုတော့ဘူး။ မောင့်လက်နဲ့ Tarot card ကလေးတွေ ကို ထိတွေ့လိုက်တာနဲ့ နှိုးပြီးသားဖြစ်သွားလို့ပဲ၊ တချို့ကတော့ ဒါကို ပါရမီရှင်လို့ပြောတယ်၊ တကယ်တော့ လောကမှာ ပါရမီရှင်ဆိုတာ မရှိပါဘူး။ ကြိုးစားမှုနဲ့ စိတ်ပါဝင်စားမှုကသာ ပါရမီရှင်ဘဝကို ရောက်စေခဲ့တာပါ"

သူဟာ စကားပြောကောင်းသူတစ်ယောက်ဆိုတာကို သံသယဝင်စရာ လိုမည်မထင်ပါ။ အားလုံးက သူ့ပြောဆိုမှု စကားလုံးတွေအောက်မှာ စိတ်ဝင်တစား မျောပါနေကြသည်။

"မောင် ဆယ်တန်းဖြေပြီးစအချိန်မှာ ဖေဖေက နိုင်ငံခြားသင်္ဘောလိုက်ဖို့ စာရောက်လာခဲ့တယ်၊ မောင်ကလည်း Tarot ရူး ရူးနေတဲ့အချိန်ဆိုတော့ ဖေဖေ ပိုက်ဆံတွေအများကြီးရ,မရ ဒီတစ်ခေါက် ဘယ်လောက်ကြာ,မကြာကို သား Tarot ကြည့်ပေးမယ်ဆိုပြီး ပြောလိုက်မိတယ်၊ ကေရီရယ် ဖေဖေကလည်း ဒီ Card ပြားလေးတွေကို မယုံကြည်သူတစ်ယောက်ပါ၊ ဖေဖေ့အတွက် ကံဟာ အလုပ်ပဲ၊ အလုပ်ကောင်းကောင်းလုပ်ရင် ကံကောင်းမှာပဲတဲ့၊ ဒီ Card တွေ မလိုပါဘူးတဲ့၊ ဘေးနားမှာ ရပ်ကြည့်နေတဲ့ မေမေကတော့ ဖေဖေ့ကို မောင်စိတ်ချမ်းသာအောင် Tarot အကြည့်ခိုင်းခဲ့တယ်၊ မောင် စိတ်ကျေနပ်အောင် ဖေဖေက Tarot အဟောခံခဲ့တယ်ဆိုပါတော့"

ပြောနေရင်းမှ သစ်ကိုက Tarot အထုပ်ကလေးကို လွယ်အိတ်ထဲမှ ဆွဲထုတ်လိုက်ပြီး ကတ်တစ်ကတ်ကို မှောက်တင်လိုက်ပြီး

"ဖေဖေ့အတွက်ကျတဲ့ နိမိတ်ပုံကတ်က ဒီကတ်ပဲ ကေရီ"

သူမ အလျင်အမြန်ပင် ယူကြည့်လိုက်မိသည်။

www.burmeseclassic.com



DEATH.

| | | |
|---|---|---|
| မြန်မာ | - | သေမင်း |
| ENGLISH | - | Death |
| ITALIAN | - | La Morte |
| FRENCH | - | La Mort |
| GERMAN | - | Der Tod |

"ဒီသေမင်းနိမိတ်ပုံကတ်က Tarot ရဲ့ (13) ချပ်မြောက်ကတ်ပေါ့ ကေရီ၊ ကမ္ဘာနဲ့အဝန်းမှာတော့ လူအများစုက (13) ဂဏန်းကို ကံဆိုးစေတဲ့ဂဏန်းအဖြစ် သတ်မှတ်ထားတယ်၊ အဲဒီဂဏန်းရဲ့ ကံဆိုးခြင်းက 13 ရက်နဲ့ သောကြာနေ့နဲ့ ထပ်တူကျရင် ပိုအားပြင်းတယ်လို့ ပြောထားကြတယ်၊ ရှေးဟောင်းဂမ္ဘီရအဆိုမှာတော့ (13) ဂဏန်းက အလွန်စွမ်းအားကြီးတဲ့ အပြောင်းအလဲတွေဖြစ်စေတဲ့ဂဏန်းလို့ ပြောထားပြန်တယ်၊ လူတစ်ယောက်ဟာ (13) ဂဏန်းကို စနစ်တကျ သိမြင်သုံးစွဲတတ်ရင် ထူးခြားတဲ့ ဘဝအောင်မြင်မှုကို ရတယ်လို့လည်း ပြောထားသေးတယ်"

"အင်း ... ကေရီလည်း ကြားဖူးတယ် မောင်"

"ငါရောပဲ"

အေးမင်းသူကတော့ ဘာမှဝင်မပြောပါ။

"နိမိတ်ပုံမှာ အရိုးစုသေမင်းက ဝမ်းနည်းမှုအနက်ရောင် သံချပ်ကာအင်္ကျီကို ဝတ်ဆင်ထားပြီး မြင်းဖြူကို စီးထားတယ်၊ လက်ထဲမှာလည်း သေမင်းနိုင်ငံရဲ့အလံတော်ကို ကိုင်ဆောင်ထားတယ်၊ အလံမှာ ခြောက်သွေ့နေတဲ့ ပွင့်ချပ် (၅) ချပ်အလယ်မှာ မျိုးစေ့လေးတစ်စေ့ပုံ ဖြစ်တယ်၊ အဓိပ္ပာယ်က ဘဝတစ်ခုမှ ဘဝတစ်ခုကို ချုပ်ငြိမ်းကူးပြောင်းခြင်း, အိုင်းခြင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



နုပျိုခြင်း၊ သေဆုံးခြင်းနဲ့ အသစ်တစ်ဖန် စတင်ခြင်းကို ဆိုလိုပါတယ် နိမိတ်ပုံထဲမှာ သေမင်းကို လူသားများက ပုံစံအမျိုးမျိုးနဲ့ တောင်းပန်နေကြတယ်"

သူ ရှင်းပြနေရင်းနှင့် မျက်ရည်များဝဲတက်လာသည်ကို သူမ သိပေမယ့် အသာပဲ နားထောင်နေလိုက်၏။

"အဲဒီတောင်းပန်နေတဲ့လူတွေထဲမှာ Tarot Card No. (4) က ဘုရင်၊ No. (5) က သူတော်စင်နဲ့ No. (8) က စွမ်းအားရှင် မိန်းကလေးတို့ပါ ပါဝင်နေတယ်၊ သေမင်းရဲ့ခေါင်းမှာတော့ The Fool အရူးလေးရဲ့ ငှက်မွေးကို ထိုးစိုက်ထားတယ်၊ နိမိတ်ပုံထဲက မြစ်ကိုတော့ (Styr) ရေမြစ်လို့ ပြောကြတယ်၊ သံသရာလို မပြတ်စီးဆင်းနေတဲ့ မြစ်ထဲမှာ လှေတစ်စင်းရှိတယ်၊ အဲဒီလှေရဲ့အပေါ်နားမှာ ဂူအပေါက်လေးတစ်ခု ရှိတယ်"

ပပက ကတ်ကို သေသေချာချာ ဆွဲယူကြည့်ပြီး ...

"ဟုတ်တယ် ... သေချာကြည့်မှမြင်ရတာ၊ သတိတောင် မထားမိဘူး"

သူမကတော့ မောင့်ရဲ့စေ့စပ်သေချာမှုကို အသံတိတ် ချီးကျူးနေမိသည်။

"သေမင်းရဲ့ခြေဖနောင့်နားက မြားက အဲဒီဂူအပေါက်ကို ပြထားတယ်၊ အဲဒါ "နတ်ကျမ်းသီချင်း" ထဲက ငရဲပြည်ကိုဝင်တဲ့ လမ်းတစ်ခုပဲ၊ ညာဘက်က လမ်းသွယ်နှစ်ခုကတော့ မျှော်စင်ကိုသွားလို့ရတဲ့ လျှို့ဝှက်လမ်းတွေပဲ၊ အဲဒီမျှော်စင်ကြားကနေ နေမင်းကြီးထွက်နေတယ်၊ နိမိတ်ပုံရဲ့အနှစ်ချုပ်ကတော့ သေခြင်းတရားဟာ နောက်ဆုံးခရီးမဟုတ်ဘူးဆိုတာနဲ့ သေမင်းကို ဘုရင့်အမိန့်အာဏာ၊ ငွေကြေးနဲ့ တခြားဘာဆွဲဆောင်မှုနဲ့မှ အနိုင်ယူလို့မရဘူးဆိုတာပါပဲ"

ပြောပြီး သူ သက်ပြင်းရှည်ကြီးတစ်ချက်ချပြီး သူမကို ရီရီဝေဝေ





မှိုးကြည့်နေသေးသည်။ ပြီးမှ ...

"မောင်လည်း ဖေဖေ့ကို အမှန်အတိုင်း၊ မြင်တဲ့အတိုင်း ပြောလိုက်တယ်၊ ဒီခရီးကို မထွက်ဖို့၊ ထွက်ခဲ့ရင် အသက်အန္တရာယ်နဲ့ ကြုံတွေ့မယ်လို့ ပြောလိုက်တာပေါ့၊ ဖေဖေက မောင့်အဖြေကို သဘောတကျ ရယ်နေခဲ့တယ်၊ မေမေရောပေါ့၊ ဒီကတ်တွေကို ဖေဖေက အရေးလည်းမထားခဲ့ပါဘူး၊ ကလေးသာသာတစ်ယောက်ရဲ့ စကားဆိုပြီးတော့ပေါ့၊ မောင့်မှာသာ ဖေဖေ ထွက်သွားကတည်းက ခံစားကြေကွဲနေခဲ့ရတယ်၊ မောင်ဟောခဲ့သလိုပါပဲ ... သတင်းဆိုးတစ်ခု ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့တယ်၊ အဲဒီနေ့က (၁၃) ရက်နေ့ သောကြာနေ့ပေါ့၊ ပင်လယ်ထဲမှာ မုန်တိုင်းမိပြီး သင်္ဘော တစ်စင်းလုံး နစ်မြုပ်သွားခဲ့တယ်လေ၊ ဖေဖေရောပေါ့ ကေရီ"

"အို ... စိတ်မကောင်းလိုက်တာ မောင်ရယ်"

သူမ တကယ်ပဲ ဝမ်းနည်းသွားမိသည်။ မောင် ဘယ်လောက်များ စိတ်ထိခိုက်ရမလဲ။

"ရပါတယ် ကေရီ ... မောင် အသားကျနေပါပြီ"

ကျလုလုမျက်ရည်စက်ကို သူ သုတ်ဖယ်ပစ်လိုက်ပြီး ...

"မပြီးသေးဘူး ကေရီ၊ ဖေဖေ့သတင်းကို ကြားတာနဲ့ နှလုံးရောဂါအခံရှိတဲ့ မေမေဟာ ရှော့ခ်ရသွားပြီး ဆေးရုံပို့လိုက်ရတယ်၊ မေမေသတိရလာတော့ ဝမ်းနည်းနေတဲ့မောင့်ကို ကေရီပြောခဲ့သလို တိုက်ဆိုင်လိုက်တာ သားရယ်လို့ ငိုပြီးပြောတယ်၊ ဆေးရုံမှာ (၇) ရက်မြောက်တဲ့နေ့မှာပဲ မေမေ့အတွက် ကံကြမ္မာကို မောင် ထပ်ကြည့်မိတယ်၊ သိပ်ကြောက်ဖို့ကောင်းတယ် ကေရီ၊ မေမေ့အတွက် နိမိတ်ပုံကိုကြည့်ပြီး မောင် သွေးပျက်ထိတ်လန့်နေခဲ့ရတယ်"

သူမ မောင့်လက်ကို နှစ်သိမ့်မှုအပြည့်ဖြင့် ဆုပ်ကိုင်ထားမိ၏။

"မေမေ့အတွက်ကလည်း Death သေမင်းဖဲချပ်ပဲ ပြနေခဲ့တယ်



www.burmeseclassic.com

www.burmeseclassic.com



လေး ဖေဖေဆုံးပြီး တစ်လမပြည့်ခင်မှာပဲ ဖေဖေ့နောက်ကို မေမေလိုက်သွား ခဲ့တယ်၊ အဲဒီနောက်ပိုင်း မောင့်ကံကြမ္မာကို မောင် မကြည့်ရဲတော့ဘူး ကြည့်ဖို့လည်း ဆုံးဖြတ်ချက်ချထားလိုက်တယ် ကေရီ''

အေးမင်းသူက သူ့ပခုံးကို အားပေးနှစ်သိမ့်ပုံဖြင့် ပုတ်နေ၏။ သူ့ ကိုတော့ ပပက အလိုက်ကန်းဆိုးမသိရကောင်းလားဆိုပြီး မျက်စောင်းခဲ ကြည့်သည်။

သစ်ကိုကတော့ သူ့ချစ်သူစကားအတွက် ဘယ်လိုနေတယ် မသိ။ သူမရဲ့နှစ်သိမ့်အားပေးစကားကတော့ . . .

''စိတ်ထဲ စွဲမထားပါနဲ့ မောင်ရယ်၊ မောင်ပဲ ခံစားနေရမှာပေါ့ ဒါဟာ တကယ်တော့ ထူးဆန်းလွန်းတဲ့ တိုက်ဆိုင်မှုတွေနေမှာပါ မောင်ရယ်''

တဲ့လေ။

■






| | | |
|---|---|---|
| မြန်မာ | - | ထိန်းချုပ်ခြင်း |
| ENGLISH | - | Temperance |
| ITALIAN | - | La Temperanza |
| FRENCH | - | Temperance |
| GERMAN | - | Die Massigkeit |

www.burmeseclassic.com

www.burmeseclassic.com

အမှတ် (14) နိမိတ်ပုံတွင် မိုက်ကယ်အမည်ရှိ နတ်သားသည် နေရောင်ကို နောက်ခံထားပြီး ရွှေခွက်အတွင်းမှ ရေကို အခြားရွှေခွက် တစ်ခွက်အတွင်းသို့ သွန်းလောင်းနေပုံကို ဖော်ပြထားသည်။

နတ်သား၏ နဖူးပေါ်မှ ( ☉ ) အမှတ်အသားသည် ရှင်သန်ခြင်း နှင့် ရင်ဘတ်ပေါ်မှ ( △ ) အမှတ်အသားသည် ဖန်တီးမှုနှင့် ပြည့်စုံမှုနိမိတ်ကို ပြထားသည်။ အချို့က ထိုနတ်သားကို နေနတ်ဘုရား၏ တမန်တော်ဟုလည်း ဆိုထားသည်။ ဖြန့်ကားထားသော အနီရောင်အတောင်ပံသည် အရှိန်အဟုန် ပြင်းသော အောင်မြင်မှု၊ ရေထဲတွင်နှစ်ထားသော ညာခြေသည် အေးချမ်းမှု ကုန်းပေါ်တွင်တင်ထားသော ဘယ်ခြေသည် တည်ငြိမ်မှုကို ကိုယ်စားပြုထား သည်။

အနောက်ဘက်တွင် ဖော်ပြထားသော လမ်းသွယ်ကလေးသည် (Death) Card No. (13) သေမင်းကတ်မှ မျှော်စင်သို့သွားသောလမ်းနှင့် အတူတူပင်ဖြစ်သည်။

ဤနိမိတ်ပုံကတ်ပြားသည် ရောင့်ရဲချုပ်တည်း သည်းခံစိတ်ဖြင့် စိတ်မနောကောင်းသူတို့အား ဘဝပြောင်းလဲတိုးတက်အောင်ပြပြီး အလိုရှိရာ ပြည့်စုံနိုင်မည်ဟု ဆိုထားသည်။





ထို့အပြင် ကတ်အမှတ် (၁) နှင့် ကတ်အမှတ် (၄) တို့ကို ပေါင်းစည်း ထားသည်ဟုလည်း ဆိုနိုင်ပါသေး၏။

(1+ 4 = 5)

■



www.burmeseclassic.com

www.burmeseclassic.com

# (K)

ကေရီနှင့်ချစ်သူဖြစ်ပြီး ချစ်သူသက်တမ်း (၂) လအတွင်းတွင် သစ်ကိုအတွက် ထူးဆန်းမှုများ ဖြစ်ပေါ်ခဲ့သည်။

အစပိုင်းတွင် သတိမထားမိသော်လည်း နောက်ပိုင်းတွင် တဖြည်းဖြည်း သိသာလာခဲ့သည်။ ဒီအတွက်လည်း သစ်ကိုကိုယ်တိုင် နားမလည်နိုင် ဖြစ်ပြီး စိတ်ဖိစီးမှုကို ခံစားနေရသည်။

ဥပမာ–

(၁) အကြောင်းတစ်စုံတစ်ရာမရှိပါဘဲ တစ်ခုခုကို စိတ်အလိုမကျသည် ခံစားနေရခြင်း။

(၂) ဖြစ်လေ့ဖြစ်ထမရှိပါဘဲနှင့် Tarot Card များ ဟောနေရာမှ မြည် ပြုတ်ကျခြင်း။

(ကျသောကတ်မှာလည်း တစ်ကြိမ်နှင့်တစ်ကြိမ် တူညီနေပြန်သည်)

(၃) ချစ်သူနှစ်ဦး ပြဿနာတစ်စုံတစ်ရာ မရှိပါဘဲ မကြာခဏ အသေ အမြင်လွဲမှားနေခြင်း။

(ဥပမာ။ ။ သူမက သစ်ကိုသည် သူမအား သိပ်ဂရုမစိုက်ဘူး)

(၄) ထူးခြားသောအိပ်မက်ဆိုးများ နှစ်ညတစ်ခါ မြင်မက်ခြင်း

(၅) တစ်ခါတစ်ရံတွင် Tarot များကို နှိုးရှုမရခြင်းတို့ ဖြစ်သည်။





ခေါင်းမာပြီး တစ်ဖွက်ထိုးဆန်တတ်သူတို့ သဘာဝဗီဇအတိုင်း သူမှာ သစ်ကိုပညာကို မယုံကြည်နိုင်ဖြစ်နေသောကြောင့်လား။ မဟုတ်ပါ။

သူ့အတွက် သူမဟာ အပြစ်ပြောစရာ တစ်စုံတစ်ရာပင် မရှိခဲ့ပါ။ သူ သူမကို သိပ်ချစ်သလို သူမရဲ့အချစ်ထုထည်ကိုလည်း သူ ခံစားနားလည်ပါသည်။

အားလုံးက သူနှင့်သူမကို သိပ်ချစ်ကြသည့်စုံတွဲဟုပင် ထင်မြင်ကြသည်။ ထင်မြင်ချက်တွေအတိုင်း သူနှင့်သူမကလည်း သိပ်ချစ်ကြပါသည်။

သို့ပေမယ့် သူ့ရင်ထဲမှာ တစ်ခုခုကို စိုးထိတ်ပူပန်နေရသလို ခံစားနေရ၏။

ဘာကြောင့်လဲ။

သူ မပြောတတ်ပါ။

သေချာသည်ကတော့ ထိုစိုးရိမ်ပူပန်ရမှုစိတ်သည် သူမနှင့် ချစ်သူဖြစ်ခဲ့ပြီးမှ ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်၏။

စိတ်ပညာကျောင်းသားတစ်ယောက်အနေဖြင့် စိတ်၏စွမ်းအင်၊ စိတ်၏ပြောင်းလဲထူးခြားနေမှုကိုတော့ သူ ခံစားနေမိသည်။

အကျိုးအကြောင်းကိုတော့ သူ မဖော်ပြတတ်။ သေချာသည်ကတော့ သူမနဲ့ပတ်သက်ပြီး ကံကြမ္မာမှာ ထူးခြားပြောင်းလဲမှုတွေ ရှိလာမည်ကိုတော့ သူ ရိပ်မိပါသည်။

ဘယ်လိုအကြောင်းအရာမျိုးကြောင့်လဲ။ ။



www.burmeseclassic.com

www.burmeseclassic.com

# (XIV)

ကြာသပတေးနေ့ဖြစ်သည်။ ကောင်းကင်ပြင်တစ်ခုလုံးလည်း အုံ့မှိုင်းနေသောနေ့ဖြစ်သည်။ Canteen လေးထဲမှာတော့ သူ့နေရာနှင့်သူ အားလုံးဟာ နေသားတကျ လည်ပတ်နေကြသည်။

သစ်ကို၊ ကေရီ၊ အေးမင်းသူနှင့် ပပတို့ အတွဲ (၂) တွဲလည်း အကြောင်းအရာအချို့ကို အပေးအယူတည့်စွာ ပြောကြားနေကြ၏။

ထူးထူးခြားခြား (ကေရီ) သူမကတော့ လေဖိအားနည်းရပ်ဝန်း တစ်ခုလို ငြိမ်သက်လို့နေပါသည်။ ပပကတော့ မေးနေကျထုံးစံအတိုင်း သစ်ကို့ကို Tarot နှင့်ပတ်သက်သည့် အကြောင်းအရာတစ်ခုကို တကယ် စိတ်ပါဝင်စားစွာ မေးနေသည်။

"ကိုသစ်ကို ... Tarot Card ထဲက နိမိတ်ပုံတွေက အားလုံးအတူ တူပဲလား"

"မတူဘူး ပပ၊ ကမ္ဘာပေါ်မှာ Tarot နိမိတ်ပုံတွေက ဒဏ္ဍာရီ အယူအဆအမျိုးမျိုးကြောင့် ကွဲပြားမှုတွေရှိတယ်၊ ဂျစ်ပစီလူမျိုးတွေရဲ့ Tarot နိမိတ်ပုံတွေက တစ်မျိုး၊ မာယာလူမျိုးတွေရဲ့ပုံက တစ်မျိုး၊ အမျိုးမျိုးရှိကြ တယ်၊ အခု ကျွန်တော်သုံးတဲ့ Tarot အမျိုးအစားက "Rider Waite Tarot Deck" လို့ ခေါ်တယ် ပပ"





"ဒါဆို အဓိပ္ပာယ်တွေက ကွဲကုန်မှာပေါ့နော်"

"အဲလိုလည်း မဟုတ်ဘူးဗျ၊ ပုံတွေကွဲပြားနေပေမယ့် **အဓိက** ယူဆချက်တွေကတော့ အတူတူပါပဲ"

"ဪ"

စဉ်းစားတွေးတောနေပုံကြောင့်ထင် ပပ ငြိမ်သက်သွားသည်။ သို့သော် မကြာလိုက်ပါချေ။ နောက်မေးခွန်းတစ်ခုက ထွက်ကျလာပါသည်။

"ဒါဆို Tarot ဟောပုံဟောနည်းတွေလည်း အမျိုးမျိုးရှိဦးမှာပေါ့ နော်"

"ဒါပေါ့ ... အများကြီးပဲ၊ ဒါပေမဲ့ လူသုံးများတဲ့ဟောနည်းက သုံးလေးနည်းလောက်ပဲ ရှိတာပါ"

"ဘယ်လိုမျိုးလဲ"

သူ သူမကို တစ်ချက်ကြည့်လိုက်သည်။ မထူးခြားပါ။ ငြိမ်သက် တိတ်ဆိတ်နေမြဲပါပင်။ တစ်ခါတစ်ရံတွင် သူမ သက်ပြင်းခိုးချတာကို သူ တွေ့ရသည်။

သူမ ဘာဖြစ်နေတာလဲ။

သူ တမင်မပေးသေးဘဲ ပပကို ဖြေလိုက်၏။

"ဘယ်လိုမျိုးလဲဆိုတော့ Tarot Card တွေထဲကနေ မေးလိုသူက စိတ်ကြိုက်တစ်ကတ်ကို ဆွဲယူပြီး ဟောရတာ၊ တစ်ချပ်ဆွဲဟောနည်းပေါ့၊ တချို့က Door to Door လို့ ပြောကြတယ်၊ နောက်တစ်နည်းက ကတ်ပြား (၃) ချပ်ဟောနည်း၊ အတိတ်၊ ပစ္စုပ္ပန်နဲ့ အနာဂတ်ကိုကိုယ်စားပြုတဲ့ ဟော နည်းပေါ့"

"ဪ"

"နောက် ... The Method of Papus လို့ခေါ်တဲ့ "ပါပ" ဟော နည်းလည်း ရှိသေးတယ်၊ သူကတော့ (၅) ကတ် ကြည့်ရတယ်၊ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



The Celtic Cross လို့ခေါ်တဲ့ "ဆဲလ်တစ်" ဟောနည်းလည်း ရှိတယ်၊ သူက (၁၀) ကတ်အထိ ကြည့်ရတယ်၊ နည်းနည်းလည်း ရှုပ်ထွေးတယ် ပပ"

သူ ရှင်းပြတာကို နားလည်၍လား၊ နားမလည်၍လားတော့ မသိပါ။ ပပ ထပ်မမေးတော့ဘဲ ငြိမ်သက်သွား၏။ သူမ သက်ပြင်းချပြန်သည်။

အေးမင်းသူက သူ့ကို မျက်စပစ်ပြသည်။ သဘောက "ကေရီ" တစ်ခုခုဖြစ်နေတယ်ဆိုတဲ့ အဓိပ္ပာယ်။ သူဟာ သူတစ်ဖက်သားအကြောင်းကို မလိုအပ်ဘဲ မစပ်စုတတ်ပါ။

သို့ပေမယ့် သူမက သူ့ရဲ့အရင်းနှီးဆုံး လူတစ်ယောက်ဆိုတဲ့ အတွေးကြောင့် သူ မေးဖို့ ဆုံးဖြတ်လိုက်၏။

"ကေရီကြည့်ရတာ ဒီနေ့တစ်မျိုးဖြစ်နေတယ်၊ နေမကောင်းလို့လား၊ ဒါမှမဟုတ် စိတ်ညစ်စရာတစ်ခုခု ရှိနေလို့လား၊ မောင် သိခွင့်ရှိရင် ပြောပြနိုင်မလား"

သူမက သူ့ကို ပြုံးရုံမျှလေးပြုံးပြပြီး ကြည့်နေသည်။ ပပက ...

"ဟုတ်တယ် ကေရီ ... ဒီနေ့ နင် အရမ်းငြိမ်နေတယ်"

သူမက သက်ပြင်းတစ်ချက်ချပြီး သူ့ကို မေးလိုက်သည်။

"မောင် ... ကေရီကို အရမ်းချစ်တာပဲလား"

"ချစ်တာပေါ့ ကေရီရယ်၊ ခုမှ ဘာလို့ ရုတ်တရက်ကြီး မေးရတာလဲ"

"ကေရီကို ဘယ်လောက်အထိချစ်သလဲ မောင်"

ပပနှင့်အေးမင်းသူတို့က သူမစကားကြောင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးနေကြသည်။ သူကတော့ သူမရဲ့ထူးဆန်းသော စကားအသွားအလာတွေကြောင့် ပိုမိုတည်ကြည်သွား၏။

"ကေရီ တစ်ခုခုဖြစ်နေတယ်၊ မောင် ခံစားမိတယ်"





"ကေရီမေးတာကိုပဲ မောင်ဖြေပါ"

ထူးတော့ ထူးဆန်းနေပါသည်။ ဒါ ... ကေရီရဲ့ပုံမှန်အခြေအနေ မဟုတ်ဘဲ။ သို့ပေမယ့် သူမအတွက် ရင်ထဲက ရှိရင်းစွဲခံစားမှုအတိုင်း သူ ဖြေပေးလိုက်ပါသည်။

"မောင် ... ကေရီကို မောင့်ဘဝထက်ကို ပိုချစ်ပါတယ်၊ ကေရီ့ဘဝအတွက် ချမ်းမြေ့ပျော်ရွှင်ရမှုကို မောင့်ဘဝ စိတ်ဒုက္ခခံရမှုနဲ့ လဲရဲတယ် ကေရီ"

သူမက သူ့လက်ဖဝါးကို တင်းတင်းဆုပ်ကိုင်လိုက်ပြီး ...

"ကေရီလည်း မောင့်ကို အရမ်းချစ်တယ်၊ မောင့်ကိုပဲ လက်ထပ်ချင်တယ်၊ တခြားဘယ်သူ့ကိုမှ ကေရီ လက်မခံနိုင်ဘူး မောင်၊ မောင်ရော ကေရီ့ကို အဆုံးအရှုံးခံနိုင်မလား"

သူ စိတ်လိုလက်ရ ပြုံးလိုက်ပြီး ဖြေလိုက်သည်။

"မခံနိုင်ဘူး၊ မောင် ရူးသွားလိမ့်မယ်၊ ဆုံးရှုံးစရာအကြောင်းလည်း မရှိစေရဘူး ကေရီ"

"ဒါဆို ... ကေရီနဲ့မောင့်ဘဝရှေ့ရေးအတွက် မောင် ဘယ်လို စီစဉ်ထားလဲဟင်"

"မောင်က ... နိုင်ငံကျော်မယ့် Tarot ဟောခန်းဖွင့်ပြီး လူတွေကို ကြည့်မယ်၊ ပိုက်ဆံလည်းရ၊ ကုသိုလ်လည်း ရမယ်လေ၊ ဘယ်လောက် အေးချမ်းပြီး သမာအာဇီဝကျတဲ့အလုပ်လဲ၊ မကောင်းဘူးလား ကေရီ"

"ကျေးဇူးပဲ မောင်၊ ကေရီ အရမ်းကျေနပ်တယ်၊ မောင့်ရင်ခွင်ထဲမှာ ကေရီ့တစ်ဘဝ လုံခြုံအေးချမ်းမယ်လို့ ကေရီ ယုံကြည်တယ်"

သူမ လက်ဖဝါးကို သူ တင်းတင်းပြန်ဆုပ်ထားလိုက်ပြီး–

"ဒီစကားတွေကို ကေရီ ဘာကြောင့် ပြောနေရတာလဲဟင် မောင့်ကို သံသယတစ်ခုခု ရှိနေလို့လား"



www.burmeseclassic.com

www.burmeseclassic.com



သူမက ခေါင်းခါပြပြီး တိတ်ဆိတ်သွားသည်။ ပြီးမှ . . .

"ကေရီမှာ အခက်အခဲတစ်ခု ရှိနေလို့ပါ"

လို့ တိုးလျှစွာ ဖြေ၏။

သူမ အပြောကြောင့် အားလုံးစိတ်ဝင်စားသွားကြသည်။

"ဘာအတွက်လဲ ကေရီ"

"ကေရီကို ကျောင်းပြီးတာနဲ့ အိမ်ထောင်ချပေးဖို့ လူကြီးတွေ စီစဉ်နေကြပြီ မောင်"

"ဟင်!"

"ဟာ"

". . . . . . . . . . ."






THE DEVIL.

| | | |
|---|---|---|
| မြန်မာ | - | မကောင်းဆိုးဝါး |
| ENGLISH | - | The Devil |
| ITALIAN | - | Il Diavolo |
| FRENCH | - | Le Diable |
| GERMAN | - | Der Teufel |

www.burmeseclassic.com

www.burmeseclassic.com

Tarot ထုပ်၏ Card No. (15) The Devil နိမိတ်ပုံသည် Card No. (6) The Lovers မှ နိမိတ်ပုံနှင့် ဆင်တူသလိုရှိ၏။ သို့သော် များစွာ ကွဲပြားခြားနားပါသည်။

The Lovers Card မှ Angle နတ်သမီး၏နေရာတွင် ဆိတ်ချို မြင်းနားရွက်၊ လင်းနို့အတောင်ပံတပ်ထားပြီး သိမ်းငှက်ခြေထောက်ရှိသော Mendes အမည်ရှိ မုတ်ဆိတ်ဖားလျား၊ ဗိုက်စရည်းအိုးနှင့် လွန်စွာအရုပ် ဆိုးလှသော မကောင်းဆိုးဝါး ဂျုန်သတ္တဝါကြီးက နေရာယူထားသည်။

မကောင်းဆိုးဝါး၏ ညာဖဝါးမှ သကော်တသည် မြေကြီးပြင်ကို ဖော်ပြ ပြီး ဘယ်လက်က တဖျာလောဘအပူကို ပြသည်။ ၎င်းနိမိတ်ပုံသတ္တဝါ သည် အကုသိုလ်၏တမန်တော်လည်း ဖြစ်သည်။ ဘေးအန္တရာယ်များသော နိမိတ်ပုံ ဖြစ်ပါသည်။

နိမိတ်ပုံတွင်ပါ အာဒမ်နှင့်ဧဝတို့တွင် လူစိတ်ပျောက်စပြုခြင်းကို ကိုယ်စားပြုသည့် အမြီးများထွက်ပေါ်လာပုံကို ညွှန်းဆိုထားသည်။

ဦးချိုများပါ ထွက်လာနေသည်။ ဆိုးဝါးမှုများကိုထိန်းချုပ်ရန် သံ ကြိုးကိုပင် အသုံးပြုထားရ၏။ အလွန်ဆိုးဝါးသော နိမိတ်ပုံလည်း ဖြစ်သည်။



# (XV)

သူမအခက်အခဲအတွက် သူ တကယ်ပဲ စိတ်ညစ်နေရသည်။ ယခု တစ်လော သူ့အိပ်မက်ဆိုးတွေကလည်း ညစဉ်ရက်ဆက် ခြောက်လှန့်လာ နေသည်။

သစ်ကို . . . သူ့ကိုယ်သူ ဆန်းစစ်ကြည့်နေမိသည်။

ငါ ဘာမှားလို့လဲ။

သူ့နားထဲမှာ တစ်စုံတစ်ယောက်က သူ့ကို တစ်စုံတစ်ရာအတွက် တားဆီးအော်ဟစ်ပိတ်ပင်နေသလို အသံမျိုးကိုလည်း မကြာခဏ သူ ကြား နေရ၏။ ပီပီသသတော့ မဟုတ်။

နောက်ထပ် သူဆန်းစစ်မိတာ တစ်ခုတော့ရှိပါသည်။ သူနှင့် သူမ ၏ ချစ်သူသက်တမ်းတစ်လျှောက်တွင် ပျော်ရွှင်ရမှုထက် စိတ်ညစ်ညူးမှုတို့ သာ ပိုများခဲ့သည်။ ယခုလည်း စိတ်ညစ်စရာ အခက်အခဲတစ်ခုက ဆီးကြို နေပြန်သည်။

သူတို့နှစ်ယောက်ကြားမှာ တစ်စုံတစ်ရာ အခက်အခဲ အနှောင့် အယှက်တစ်ခုတော့ ရှိနေတာ သေချာသည်။

ဘာအတွက်လဲ။

ဘယ်လိုကြောင့်များလဲ။



www.burmeseclassic.com

www.burmeseclassic.com

'ဖတ်!"

(တစ်စုံတစ်ခု ပြုတ်ကျသံ)

ရုတ်တရက် တိုက်ခတ်လာသည့် ညလေပြည်တစ်ချက်ကြောင့် စားပွဲပေါ်မှာ Tarot Card ကလေးတစ်ခု ကြမ်းပြင်ပေါ်သို့ ပက်လက်အနေအထားနှင့် ပြုတ်ကျသွားသည်။

အတွေးအချို့ကြောင့် သူ တားဆီးဖို့ အချိန်မမီလိုက်ပါ။ သို့နှင့် ထိုကတ်ကလေးကို သူ ကုန်းကောက်လိုက်သည်။

"ဟင်!"

သူ့လက်တစ်ဖက်က လေထဲမှာပင် ရပ်တန့်နေသည်။ အံ့သြမှင်တက်မှုက သူ့ရင်ခုန်သံကို ပိုမြန်စေသည်။

"ဒီကတ်က"

ဒီကတ်က အမြဲတမ်းလိုလို သူ့ကို နိမိတ်တစ်ခုလို (သို့) သတိပေးတားမြစ်ချက်တစ်ခုလို ဖော်ပြနေခဲ့တာ (၁၀) ကြိမ်ထက် မနည်းတော့ဘူးဖြစ်၏။

သူ့အတွက် စဉ်းစားစရာတွေ ဖြစ်နေသည်။

ငါနဲ့ ဒီကတ်က ဆက်စပ်ပတ်သက်နေလို့များလား။

သူမနဲ့ရော သက်ဆိုင်နေမလား။

လေးလေးနက်နက် စဉ်းစားပြီးချိန်မှာတော့ ဆုံးဖြတ်ချက်တစ်ခုကို သူ ချလိုက်သည်။ ကံကြမ္မာအလို/ Tarot အလိုအရ သူ့ကံကြမ္မာကို သူ ကြည့်ရပါလိမ့်မည်။

တစ်ခုခုထူးခြားနေတာကိုတော့ သူ ယုံကြည်မိပါသည်။

သူမကြောင့်များလား။

အတွေးတို့ကို ခါထုတ်ပြီး Tarot Card ကလေးတွေကို သူ ဖြန့်ခင်းလိုက်၏။ အချိန်က ည (1) နာရီတိတိ။ တစ်နည်းအားဖြင့် (13) နာရီ





တစ်ယောက်တည်းနေလာခဲ့တာ ကြာပြီဖြစ်တဲ့ ဒီအခန်းကျဉ်းလေးထဲမှာ ထူးထူးခြားခြား ဒီနေ့မှ စိတ်ချောက်ချားသလိုလည်း ခံစားနေရသည်။

ဘာပဲဖြစ်ဖြစ် သူ့ကံကြမ္မာကို သူကြည့်မှ ဖြစ်တော့မည်။

Card ကလေးတွေကို ချိုးလိုက်ပြီး သူ တစ်ချပ်ဆွဲလိုက်၏။ ရင်ခုန်သံ ပိုမြန်လာ၏။

Card ကလေးကို လှန်လိုက်ချိန်မှာတော့ သူ ပါးစပ်အဟောင်းသားဖြစ်သွားရလေတော့သည်။

■


www.burmeseclassic.com

www.burmeseclassic.com

# (L)

လွှခြေတိတ်ဆိတ်ပြီး အေးချမ်းလှသော နေရာတစ်ခု ဖြစ်
အလွန်ကြီးမားလှသော သစ်ပင်ကြီးတစ်ပင်လည်း ရှိသည်။ ထိုသစ်ပင်
အောက်တွင် ကောင်လေးတစ်ယောက်နှင့် ကောင်မလေးတစ်ယော
မျက်နှာချင်းဆိုင်အနေအထားနှင့် မတ်တတ်ရပ်နေကြသည်။

ကောင်မလေးက ကောင်လေးကို မျက်ရည်စိုလဲ့နေတဲ့ မျက်
အစုံဖြင့် မယုံကြည်နိုင်သလို ငေးကြည့်နေ၏။

ကောင်လေး။ ။ ဟုတ်တယ်၊ ငါတို့နှစ်ယောက်ဘဝက ပေါင်း
မရသလို ရှေ့ဆက်လို့လည်း မဖြစ်ဘူး၊ ဒီအခြေအ
မှာပဲ ငါတို့တွေ လမ်းခွဲလိုက်တာ အကောင်းဆုံး

ကောင်မလေး။ ။ ငါ တကယ်မယုံနိုင်ဘူး။ နင့်ကို လေးစား အထ
မိတာတွေဟာ အလကားပဲ၊ တကယ်တော့ န
ယောကျ်ားကောင်းတစ်ယောက်မှ မဟုတ်ဘဲ
မဟုတ်တဲ့ ပြဿနာလေးတစ်ခုကို တွေ့တာ
ရှောင်ပြေးဖို့ အရင်စဉ်းစားတတ်တဲ့ လူညံ့
ယောက်ပဲ။





ကောင်လေး။ ။ မင်းထင်ချင်သလို ထင်လို့ရတယ်၊ ဒါပေမဲ့ ငါဟာ
မင်းထင်သလို မဟုတ်ဘူးဆိုတာကို နောက်တော့
မင်း သိပါလိမ့်မယ်၊ ဒါ . . . ငါ့နှလုံးသား ငါ့ဘဝနဲ့
ရင်းပြီး မင်းကိုကယ်တင်လိုက်တယ် ဆိုတာကိုပေါ့။

(ကောင်မလေးက ကောင်လေးစကားကို ရုပ်ရှင်တွေထဲကအတိုင်း
မျက်ရည်များကြားမှ ဟာသတစ်ခုကြားလိုက်ရသလို ရယ်နေ၏။ ရုပ်ရှင်ထဲက
မင်းသမီးတွေအသံလောက်တော့ မကျယ်ပါ။ တိုးလျလျပင် ဖြစ်သည်။)

ကောင်လေး။ ။ လူကြားကောင်းအောင် အသံကောင်းဟစ်မနေပါနဲ့
တော့၊ အစကတည်းက ငါ ရိပ်မိပါတယ်၊ တစ်နေ့
ဒီလိုတွေဖြစ်လိမ့်မယ်လို့၊ နင် ငါ့ကိုမှ တကယ်မချစ်
ခဲ့ဘဲ၊ အတ္တတစ်ခုအတွက် ငါ့ကို အသုံးချလိုက်တယ်
ဆိုတာကို ငါ နားလည်ပါပြီ။

ကောင်လေး။ ။ မင်းထင်သလို မဟုတ်ပါဘူး။ ငါ မင်းကို သိပ်ချစ်ခဲ့
တာပါ၊ ချစ်လွန်းလို့ ဒီလို ငါ့ရင်တွေ အကွဲခံပြီး ဒီ
စကားတွေ ပြောနေခဲ့တာပေါ့။

ကောင်မလေး။ ။ တော်ပါတော့၊ ဒီလောက် အချိန်တိုတိုအတွင်းမှာ
နင့်စိတ်ဓာတ်ကို စောစောစီးစီး သိလိုက်ရလို့ နင့်ကို
ငါ ကျေးဇူးတင်ပါတယ်၊ နင်ဟာ နှလုံးသားမရှိတဲ့
လူ၊ အချစ်ကို နားမလည်တဲ့ လူ။

ကောင်လေး။ ။ မဟုတ်ဘူး။ မင်း ငါ့ကို မစော်ကားနဲ့၊ ဒါ မင်းအတွက်
× × + − × ÷ √ % @

ကောင်မလေး။ ။ .. + − × ÷ √ @ % − + ..



www.burmeseclassic.com

www.burmeseclassic.com



ထိုကောင်လေးနှင့် ကောင်မလေးတို့သည် သစ်ပင်ကြီးအောက်တွင် အချိန်နာရီဝက်ကျော်မျှ တစ်ယောက်တစ်ခွန်း စကားပြောဖြစ်ကြပြီး ကောင်မလေးက ငိုပြီး ပြေးထွက်သွားခဲ့သည်။ မကြာမီ ကောင်လေးလည်း မျက်ရည်စများကို ပွတ်သပ်ပြီး လေးတွဲ့သောခြေလှမ်းများဖြင့် ထွက်ခွာသွားခဲ့၏။

ဦးတည်ရာများက ဆန့်ကျင်ဘက်သို့သာ ...။

ထိုနေရာလေးသည် လူခြေတိတ်ဆိတ်ပြီး အေးချမ်းလှသော နေရာတစ်ခုလည်း ဖြစ်လေ၏။

■



(၁) ထိုနေ့သည် တစ်စုံတစ်ရာ အကြောင်းမကြားဘဲ သစ်ကို Tarot ဟောခြင်းကို ရပ်နားထားသောနေ့တစ်နေ့ ဖြစ်ခဲ့သည်။

(၂) ထိုနေ့သည် ဇေရီ ကျောင်းမတက်သောနေ့လည်း ဖြစ်လေ၏။

(၃) ထိုနေ့သည် အချိန်အခါမဟုတ် မိုးသည်းထန်စွာ ရွာသွန်းစေခဲ့၏။

(၄) ထိုနေ့သည် ... ... ... ...။

■



www.burmeseclassic.com

www.burmeseclassic.com




| | | |
|---|---|---|
| မြန်မာ | - | မျှော်စင် |
| ENGLISH | - | The Tower |
| ITALIAN | - | La Torre |
| FRENCH | - | La Maison De Dieu |
| GERMAN | - | Das Haus Gottes |

နိမိတ်ပုံတွင် မျှော်စင်/ရဲတိုက်ကြီးကို မိုးကြိုးပစ်လိုက်၍ ပျက်စီးယိုယွင်းနေသည်။ မျှော်စင်ပေါ်မှ ချစ်သူနှစ်ဦးဖြစ်သည့် အာဒမ်နှင့်ဧဝတို့ မိုးကြိုးဒဏ်ကြောင့် မရှုမလှ ပြုတ်ကျသွားသည်။

မျှော်စင်/ရဲတိုက်သည် ရုပ်ပိုင်းဆိုင်ရာ ဝတ္ထု၊ အုပ်ချုပ်မှုနှင့် အုပ်ချုပ်မှုရလဒ်ကို ဖော်ညွှန်းထားသည်။ မိုးကြိုးလျှပ်စီးသည် ကောင်းကင်နတ်မင်း၏ ဟောကိန်းဖြစ်၏။ ဘေးဘက်တွင် မီးပွင့် မီးပွား (၂၂) ခုပါသည်။ Tarot Major (22) card ကို ကိုယ်စားပြုထားသည်။ တိမ်ဆိုးတိမ်ပုပ်တို့က တပ်ဘေးသင့်သလို မိုးရွာချနေသည်။

နိမိတ်ပုံ၏ အနက်ရောင်နောက်ခံသည် မှောင်မိုက်မှု/ မကောင်းမှုကို ကိုယ်စားပြုသည်။ ထိုနိမိတ်ပုံနှင့်ဆင်တူသော အဖြစ်အပျက်တစ်ခုကို တင်ပြရသော် အမေရိကန်နိုင်ငံ (911) ပြဿနာကို ကြည့်ပါ။ နာမည်ကြီး (911) Tower သည် ဘင်လာဒင်လက်ချက်ဖြင့် မိုးကြိုးပစ်ခံရသလို ခဏအတွင်း ပျက်စီးခဲ့ဖူးသည်။

မျှော်စင်ရဲတိုက်၏သရုပ်သည် မိုးကြိုးဒဏ်ကြောင့် ပြုတ်ကျနေ၏။ ထည်ဝါမှု၊ သိက္ခာ၊ စိုးမိုးမှု လုံခြုံစိတ်ချမှုတို့ ပျက်သုဉ်းစေမည်ကို ဖော်ဆောင်ထား၏။

www.burmeseclassic.com

အချို့သုတေသီများကမူ ဧဒင်ဥယျာဉ်/ရဲဝိုက်ကြီးကို (The Garden of Eden) ဧဒင်ဥယျာဉ်ကြီးဟု သတ်မှတ်ပြီး အာဒမ်နှင့်ဧဝတို့သည် ကံကြမ္မာအတားမြစ်ချက်ကို ဆန့်ကျင်ပြီး ပေါင်းစပ်ဖို့ ကြိုးစားသောကြောင့် ဘောင်းကင်နတ်မင်းကြီးက အပြစ်ဒဏ်ပေးလိုက်ခြင်းဖြစ်သည်ဟု ဆိုပါသည်။

ကမ္ဘာတစ်ဝန်းရှိ Tarot ပညာရှင်များကမူ Tarot No. (16) The Tower Card ကို အလွန်ဆိုးဝါးသောနိမိတ်ဟု ဆိုထားကြပါသည်။

■



# (XVI)

"ကေရီကတော့ မင်းကို အထင်တွေလွဲပြီး တော်တော်ပေါက်ကွဲနေတယ် သစ်ကို"

"ဟုတ်တယ် ကိုသစ်ကို၊ ကေရီဘက်က ကြည့်ရင် ကိုသစ်ကိုက ကေရီ့ကို တကယ်မချစ်လို့ ရှောင်ပြေးတယ်လို့ထင်ပြီး ခံစားကြေကွဲနေတယ်"

"အဆိုးဆုံးကတော့ မင်းက သူ့ကို အစကတည်းက မချစ်ခဲ့ဘဲနဲ့ မင်းရဲ့ Tarot ဟောကိန်း မှန်ရမယ်ဆိုတဲ့ အတ္တစိတ်နဲ့ သူ့အချစ်ကို လှည့်ဖြားယူခဲ့တယ်လို့ ထင်နေတဲ့ကိစ္စပဲ"

"ကိုမင်းပြောတာ မှန်တယ် ကိုသစ်ကို၊ သူ တော်တော်လေး ခံစားနေရတယ်၊ Final Exam ကလည်း နောက်အပတ်ထဲမှာ မဟုတ်လား"

သူ ဘာစကားတစ်ခွန်းမှ မပြောဖြစ်သေးဘဲ အေးမင်းသူနှင့် ပပတို့အတွဲ ပြောစကားကိုပဲ နားထောင်နေမိ၏။ အတော်ကြာမှ . . .

"ငါ . . . ကေရီကို ငါ့ဘဝထက် ချစ်လွန်းလို့ လမ်းခွဲစကားတွေ ပြောခဲ့တာပါကွာ၊ သူထင်နေသလို ငါ လှည့်ဖြားပြီးချစ်ခဲ့တာ မဟုတ်ပါဘူး၊ ငါ အဲလောက် အောက်တန်းကျတဲ့ကောင်လည်း မဟုတ်ပါဘူး"

"ငါ နားလည်ပါတယ်၊ ဒါပေမဲ့ ကေရီကိုတော့ မင်းနဲ့သူ့ရဲ့ကံကြမ္မာနိမိတ်ပုံအကြောင်းကို အကျိုးသင့်အကြောင်းသင့် ရှင်းပြသင့်တယ်လို့ ငါ

www.burmeseclassic.com



ထင်တယ် သစ်ကို''

''ကေရီက ဒီ Tarot card တွေရဲ့နိမိတ်ကို လက်ခံယုံကြည်မယ်လို့ ထင်လား''

အားလုံးတိတ်ဆိတ်သွားကြသည်။ ခဏနေမှ ပပက …

''ကိုသစ်ကိုနဲ့ သူ့ရဲ့ကံကြမ္မာက ဘယ်လိုမှ ပေါင်းစပ်လို့ မဖြစ်နိုင်ဘူးတဲ့လား''

သူ ခေါင်းညိတ်ပြလိုက်သည်။

''ဟို … ရှောင်လွှဲပြီး ပေါင်းစပ်လို့ရမယ့် တခြားနည်းလမ်း''

''ကံကြမ္မာကို ဘယ်နည်းလမ်းမှ ရှောင်လွှဲလို့မရနိုင်ဘူး''

ပပ စကားမဆုံးခင် သူ ဖြတ်ပြောပစ်လိုက်မိသည်။

''ဒါဆိုရင် မင်းတို့နှစ်ယောက်က ချစ်လျက်နဲ့ပဲ ဒီအတိုင်းကြီး တစ်သက်လုံး ခံစားသွားကြမှာပေါ့''

''ကံတရားအရ ဒါ အကောင်းဆုံးပဲ အေးမင်းသူ၊ သူ့မိဘတွေ စီစဉ်တဲ့လူနဲ့ လက်ထပ်လိုက်တာဟာ သူ့အတွက် အကောင်းဆုံးပါ၊ ငါနဲ့ ဆက်နွယ်လေလေ ဒုက္ခတွေ, အန္တရာယ်တွေက ဝန်းရံလာလေလေပဲ၊ အေး … ငါ့ထက် အဲဒီအန္တရာယ်တွေ, ဒုက္ခတွေက သူ့အပေါ် ပိုကျရောက်မှာ၊ အဲဒါကြောင့် ငါ ဒီလို သစ်စိမ်းချိုး ချိုးလိုက်ရတာ''

သစ်ကိုမျက်နှာက ခံစားချက်တွေကို သိသာစေပါသည်။ အသံတွေကလည်း ဝမ်းနည်းမှု၊ ယူကျုံးမရမှုတို့ကြောင့် လှိုက်မော တုန်ခါနေမည်။

အေးမင်းသူနဲ့ပပတို့လည်း သူနှင့်သူမတို့ကြားမှာ မလှူးသာ မလွန်သာ အခက်တွေ့နေကြရ၏။

''သူ … ရင်ခွင်သစ်မှာ ပျော်ရွှင်နိုင်မှာပါကွာ၊ ငါကတော့ ငါ့နှလုံးသားကို ထာဝရသော့ခတ်ပစ်လိုက်ပြီ''

''အဲလို မထင်ပါနဲ့ ကိုသစ်ကို၊ ကေရီ့အကြောင်းကို ပပ အသိဆုံးပါ





ကေရီရဲ့အချစ်ဦးဟာ ကိုသစ်ကိုပါ၊ ကေရီက အစွဲအလမ်းလည်း သိပ်ကြီးတယ်၊ တစ်ယောက်ကနေ တစ်ယောက်ကို လွယ်လွယ်ပြောင်းပြီး ချစ်တတ်တဲ့မိန်းမမျိုးလည်း မဟုတ်ပါဘူး''

သူ နှုတ်ဆိတ်နေစဉ် အေးမင်းသူက မေးခွန်းတစ်ခုကို မေးလိုက်သည်။

''သစ်ကို … ငါ တစ်ခုမေးမယ်''

သူငယ်ချင်းနှစ်ယောက် မျက်ဝန်းချင်း ဆုံမိကြသည်။

''မေး''

''ငါ … မင်းရဲ့ပညာ, မင်းရဲ့ Tarot တွေကို မယုံကြည်လို့တော့ မဟုတ်ပါဘူး၊ မင်းနဲ့ကေရီတို့ကို လောကမှာ ရှင်လျက်နဲ့ သေမနေစေချင်လို့ပါ၊ မင်းရဲ့ Tarot ဟောကိန်းက မင်းပြောသလောက်ကြီး ဆိုးဆိုးဝါးဝါး ထကယ်ဖြစ်လာမှာမို့လို့လား''

သူ ဒီမေးခွန်းအတွက် နာနာကျင်ကျင် ပြုံးလိုက်မိသည်။

''ငါ့ကို ဒီကတ်ကလေးတွေက ဘယ်တော့မှ မဟုတ်တာတွေ မပြောပါဘူး၊ ဒါကို မင်းလည်း အသိပါ၊ ငါနဲ့ကေရီနဲ့ ဆက်ပတ်သက်မယ်၊ ဒါမှမဟုတ် ပေါင်းသင်းဆက်ဆံမယ်ဆိုရင် ငါ့ထက် သူ ပိုဒုက္ခရောက်မယ်၊ ပြီးတော့ … သူ''

''ဘယ်လောက်အထိ အဆိုးဆုံးဖြစ်လာနိုင်သလဲ သစ်ကို''

အေးမင်းသူအမေးကို သူ ခေါင်းယမ်းပြလိုက်ပြီး …

''ငါ့ကို ထပ်မမေးပါနဲ့တော့ကွာ၊ ငါ ပြောလို့မထွက်လို့ပါ''

အေးမင်းသူနှင့်ပပတို့ သက်ပြင်းကိုယ်စီ ချလိုက်သည်။

''ကံကြမ္မာအတိုင်းပဲ ကောင်းပါတယ်ကွာ၊ ဒါ ချမှတ်ထားပြီးသား နည်းမျဉ်းပဲ၊ ဖောက်ဖျက်မှု အားပြင်းလေလေ, အပြစ်ဒဏ် ကြီးရင်လေလေ ပဲ



www.burmeseclassic.com

www.burmeseclassic.com



သူ ပြောပြီး ထထွက်သွားသည်။

ငါ့ကိုမှ ကံကြမ္မာက ဘာကြောင့် ရက်စက်နေရတာလဲ။ ကေရီ့မျက်နှာလေးကို သူ မြင်ယောင်နေမိသည်။

ချစ်တယ် ကေရီ။ ငါ မင်းကို ချစ်ပါတယ် ...


ခွင့်လွှတ်ပါလို့ ငါ မတောင်းဆိုလိုပါဘူး ...

ခါးခါးသီးသီး ငါ့ကို မုန်းလိုက်စမ်းပါ ... မုန်းလိုက်စမ်းပါ။

တကယ်တော့ ဘဝတွေဆိုတာ ကံကြမ္မာရဲ့ အသုံးတော်ခံတွေပဲ မဟုတ်လား။

■






| | | |
|---|---|---|
| မြန်မာ | - | ကြယ်ပွင့် |
| ENGLISH | - | The Star |
| ITALIAN | - | Le Stelle |
| FRENCH | - | L' Etotle |
| GERMAN | - | Die Gestirne |

www.burmeseclassic.com

www.burmeseclassic.com

နိမိတ်ပုံတွင် တောက်ပလှသော သိဒ္ဓိကြယ်ကြီးတစ်ပွင့် ရှိသည်။ ထိုကြယ်ကြီးကို အခြားသောကြယ်ဖြူ (၇) ပွင့်က ဝန်းရံထားသည်။

ရှေးပညာရှိများက ထိုကြယ် (၇) လုံးသည် နေ့ (၇) ပါးကိုပိုင်ဆိုင်သော ဂြိုဟ် (၇) ခုကို ကိုယ်စားပြုသည်ဟု ဆို၏။

အေးချမ်းမှုသစ်ပင်ပေါ်တွင်လည်း ငြိမ်းချမ်းရေးငှက်ငယ်လေး ညအလင်းပြင်တွင် သံစုံကျူးရင့်နေသည်။ သဘာဝထက် သာလွန်လှသော အမျိုးသမီးတစ်ဦးက ရွှေကရားနှစ်ခုထဲမှ ရေများကို သွန်းလောင်း၏။ ထိုရေစင်တို့သည် (Kindness And Charity) စာနာကြင်နာတတ်မှု (Human sufferring) လူသားတို့၏စိတ်ဒုက္ခများကို ပြေပျောက်စေ၍ နိမိတ်ပုံဖြစ်သည်။

အချို့ Tarot များတွင် နိမိတ်ပုံပါ မိန်းကလေးကို ဝေဟု ပြောကြ၏။ အချို့ကမူ ဒဏ္ဍာရီလာ အလှနတ်မိမယ် Venus ဟု ဆိုကြ၏။ ကုန်းမြေပေါ်သို့ ခြေတစ်ဖက်ချထားခြင်းသည် ကမ္ဘာလောက၏ ရှင်သန်ရာနိမိတ်ကို ကိုယ်စားပြုထား၏။

ဆိုလိုရင်းမှာ အခက်အခဲ၊ အမှောင်အမိုက်ကြားမှ မျှော်လင့်ချက် ရောင်ခြည်တစ်ခုကို တွေ့မြင်နိုင်မည်ကို ရည်ညွှန်းလိုခြင်းဖြစ်သည်။

■

# (XVII)

"ငါ တကယ်ရင်နာတယ်၊ ငါ့ဘဝ, ငါ့အချစ်တွေကို စော်ကားခံလိုက်ရတာပဲ"

"ဒါ . . . နင့်ရဲ့ တစ်ဖက်သတ်အမြင်ပါ ကေရီ"

ပပစကားအဆုံးမှာ သူမမျက်နှာလေး မဲ့ခနဲဖြစ်သွားသည်။

ပပက . . .

"နင်ထင်နေသလို သစ်ကို လှည့်စားလိမ်ညာခဲ့တာလည်း မဟုတ်ဘူး။ သူက နင့်ထက်တောင် ပိုကြေကွဲခံစားရပါသေးတယ်ဟာ"

"ဟား ဟား . . . ရယ်စရာကောင်းလိုက်တာ ပပရယ်၊ နင့်လေသံတွေတောင် သစ်ကိုဘက်ကို ယိမ်းနေပြီပဲ"

"နင် ထင်ချင်သလိုထင်တော့ ကေရီ၊ ငါပြောချင်တဲ့ အဓိက အကြောင်းအရာကတော့ နင့်ကို သူပြောခဲ့သလိုပဲ ကေရီ၊ သူ့ဘဝထက် နင့်ကို ပိုချစ်, ပိုတန်ဖိုးထားလို့ သူ လမ်းခွဲလိုက်တာပါ၊ ဒါလည်း နင့်ဘဝအတွက်ပါ"

"သွားစမ်းပါ ပပရာ . . . ရှုပ်ရှင်ဆန်တဲ့ စကားလုံးတွေနဲ့ ငါ့ကို လာနှစ်သိမ့်မနေစမ်းပါနဲ့"

သူမစကားကို ပပ တင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ လာပြီးနှစ်သိမ့်နေတာ မဟုတ်ဘူး၊ နားလည်မှုတွေ လွဲနေတဲ့ နှင့်ကို အမှန်တရားတစ်ခု လာချပြတာ"

"ဟုတ်ပါပြီ၊ ဒါဆိုရင် သူ ငါ့ကိုလမ်းခွဲရတဲ့ အကြောင်းပြချက်က ဘာလဲ ... ပြောစမ်းပါဦး ပပ၊ ငါ ကျေနပ်သွားအောင် နိုင်လုံတဲ့အကြောင်း ပြချက်တစ်ခုခု ပေးစမ်းပါ"

သူမ စကားလုံးတွေထဲမှ ဝမ်းနည်းမှုတို့ ပျော်ဝင်နေ၏။

ရုတ်တရက်မို့ ပပလည်း ဘယ်လိုဖြေရမည်မသိ ဖြစ်သွားသည်။ နောက်မှ သစ်ကိုစကားသံတွေကို ပြန်ကြားယောင်မိသွားသည်။

"ဒီအတိုင်းလေး ငါ့ကို အထင်အမြင်လွဲနေတာပဲ ကောင်းပါတယ် မဟုတ်ရင် ကေရီက လက်ခံမှာလည်းမဟုတ်ဘူးလေ၊ အမှန်အတိုင်း သူ မသိတာက ပိုအဆင်ပြေမှာပါ"

"နှင် မဖြေနိုင်တော့ဘူးမဟုတ်လား ပပ၊ အခုဆို ငါ့အိမ်ကလည်း (K) သုံးလုံးကုမ္ပဏီပိုင်ရှင်ရဲ့သား ကျော်ဇင်မိုးနဲ့ လက်ထပ်ပေးဖို့ အတင်းစီစဉ် နေကြပြီ၊ ငါ သစ်ကိုကလွဲပြီး ဘယ်သူ့ကိုမှ မချစ်နိုင်သလို လက်လည်းမထပ် နိုင်ဘူး ပပ"

"မဖြစ်မှမဖြစ်နိုင်တော့တာဘဲ ကေရီရယ်"

"ဘာကိစ္စမဖြစ်နိုင်ရတာလဲ၊ သူသာ သူ့ရဲဘောမကြောင်ခဲ့ရင် သူသာ ငါ့ကို တကယ်ချစ်ခဲ့ရင် ဒီပြဿနာက ဘာမှဖြစ်လာစရာကို အကြောင်းမရှိဘူးမဟုတ်လား"

ပပက သူမကို ကရုဏာသက်မိသလို ငေးကြည့်ပြီး သက်ပြင်း တစ်ခုကို ချလိုက်သည်။

"နှင်ထင်သလို သစ်ကိုက သူ့ရဲဘောကြောင်သူ မဟုတ်ပါဘူးဟာ နှင့်ကို ချစ်လွန်းလွန်းလို့ စွန့်လွှတ်အနစ်နာခံပြီး သူ့ရဲကောင်းဆန်လိုက်ရ တာပါ"





"ဘယ်လို ပပ"

ပပစကားကို သူမ နားမလည်နိုင်ပါ။ လျှို့ဝှက်မှုတစ်ခု ရှိနေတာ ကိုတော့ သူမ ရိပ်မိသွားသည်။

ဘာကြောင့်လဲ ...။

ပပကို သူမ ထပ်မေးလိုက်မိသည်။

"ငါမေးနေတယ်လေ၊ သူက ငါ့ဘဝအတွက် ဘယ်လို သူ့ရဲကောင်း ဆန်ခဲ့တာလဲ၊ ဘာတွေစွန့်လွှတ်အနစ်နာခံခဲ့တာလဲ၊ ပြောလေ"

ပပ သက်ပြင်းချလိုက်သည်။ သစ်ကိုက သူမကို မပြောပြစေချင် သော်ငြားလည်း အားလုံးရှင်းသွားအောင် ကေရီ သိသင့်သည်ဟု ပပတွေး မိ၏။

သို့ဖြင့် သူမကို ပပ အဖြစ်မှန်တွေကို ရှင်းပြလိုက်သည်။ ပပ စကားအဆုံးမှာ သူမမျက်နှာတွင် ရောင်စဉ်အချို့ ဖြတ်ပြေးသွား၏။ ပါးစပ် ကလည်း ...

"ဘာ! ... ဒါဆို မောင်က ဒီအဓိပ္ပာယ်မရှိတဲ့ Tarot Card တွေ ကြောင့် ငါ့ကို လမ်းခွဲခဲ့တာပေါ့"

ထိုနေ့ညက မိုးသည်းထန်စွာ ရွာသွန်းခဲ့လေ၏။

■



www.burmeseclassic.com

www.burmeseclassic.com

# (M)

တက္ကသိုလ်တစ်ခု၏ Canteen လေးထဲတွင် အကြောင်းအရာ တစ်ခုအကြောင်းကို တီးတိုးပြောဆိုနေကြသည်။ အထင်နှင့် မှန်းဆပြောနေ မှုတို့ကြောင့် ကောလာဟလဟုလည်း သတ်မှတ်နိုင်ပါသည်။

အချို့ကျောင်းသားများက – သစ်ကို Tarot မဟောတော့တာ သူ့ချစ်သူ ကေရီ၏ ဝိတ်ပင်မှုကြောင့်၊

အချို့က – စာမေးပွဲ နီးကပ်လာသောကြောင့်၊

အချို့ကျောင်းသူများက – သစ်ကိုနှင့်ကေရီ ပြတ်စဲသွားပြီဟု ပြောဆိုနေ ကြသည်။

အချို့ကလည်း မဖြစ်နိုင်ပါဟု ငြင်းဆန်နေကြ၏။ အချို့ကလည်း ကေရီ ကျောင်းမလာတာ (၄) ရက်ရှိပြီဖြစ်၍ သစ်ကိုနှင့် ပြတ်နေတာဖြစ်နိုင် ကြောင်း မှတ်ချက်ပြု၏။

သေချာသည်ကတော့ ...

ကျောင်း Canteen တွင် သစ်ကိုတစ်ယောက် Tarot လုံးဝမဟော တော့ပေ။

- စာမေးပွဲ နီးလာ၍လား
- ကေရီနှင့် ကိစ္စကြောင့်လား





(ဒါမှမဟုတ်)

... ... ... တစ်ခုခုကြောင့်များလား ...။

Canteen ရှိ ကျောင်းသူကျောင်းသားများကတော့ တစ်ယောက် တည်း ထိုင်ပြီး စာအုပ်ဖတ်နေသည့် သစ်ကို့ကို စူးစမ်းအကဲခတ်နေကြ၏။ သူ့အကြောင်းကိုလည်း အထူးစိတ်ဝင်စားနေကြသည်။

ပယနှင့်အေးမင်းသူတို့အတွဲလည်း ကြီးရာမရဖြစ်ကာ စိတ်ညစ်နေကြ ပုံရ၏။


သစ်ကိုကတော့ ထိုစာအုပ်ထဲမှာပဲ စိတ်ရောက်နေပုံရသည်။ သိပ် မထူးခြားလှ။ ထို့ကြောင့်လည်း သူ့ကို အများက ထူးဆန်းသောလူတစ် ယောက်ဟု ပြောဆိုကြတာ ဖြစ်ပါလိမ့်မည်။

■



www.burmeseclassic.com

www.burmeseclassic.com



THE MOON.

| | | |
|---|---|---|
| မြန်မာ | - | လမင်း |
| **ENGLISH** | - | The Moon |
| **ITALIAN** | - | La Luna |
| **FRENCH** | - | La Lune |
| **GERMAN** | - | Der Mond |

Tarot Card No. (18) ဖြစ်သည်။

အချို့က သွေးယိုစီးသောလမင်းဟု အဓိပ္ပာယ်ဖော်တတ်ကြသည်။ ဂရိပုံပြင်ထဲက လနတ်သမီးလေး Artemis ၏ ပူဆွေးသောက နိမိတ်ပုံဖြင့် ဖော်ပြထားသည်။

အောက်ဘက်တွင် ကောက်ကျစ်စဉ်းလဲတတ်သော မြေခွေးနှင့် သစ္စာစောင့်သိသော ခွေးတို့ကို တွဲလျက်မြင်နေရ၏။ ၎င်းတို့နှင့်အတူ ပုစွန်ကြီးပါ ပေါင်းစည်းပြီး မျှော်စင်ရှိရာသို့ လမ်းသွယ်လေးအတိုင်း သွားမည့်ဟန် ပေါ်လွင်နေ၏။

အချုပ်အားဖြင့် ဤနိမိတ်ပုံကတ်ပြားသည် ပူလောင်ခြင်း၊ ကြေကွဲခြင်း၊ စိတ်မချမ်းမြေ့မှုများ ကြုံတွေ့နိုင်ခြင်းနှင့် ရန်သူပေါ်များခြင်းတို့ကို ဖော်ဆောင်ပြသနေလေ၏။

လမင်း၏အောက်တွင် တွေးခေါ်စဉ်းစားမှုဉာဏ်ကို ကိုယ်စားပြုနေသည့် နှင်းရည်စက် (၁၅) စက်တို့ကိုလည်း သတိပြုရမည် ဖြစ်ပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com



ထင်နေတာ''

သူမမျက်နှာက အံ့သြလောက်အောင် တည်ငြိမ်နေ၏။ ပြောပြီးမှ ပပလည်း အမ်းသွားပုံရသည်။ အခြေအနေကို သဘောပေါက်သည့် အေးမင်းသူက ပပကို ဆက်မပြောဖို့ မျက်နှာရိပ်ပြလိုက်သည်။

သစ်ကိုနှင့်ကေရီတို့ကတော့ အသံမဲ့စကားလုံးတို့ နှီးနှောနေကြပုံရ၏။ ခဏနေမှ သူမက အရင်စကားစသည်။

''တစ်နေရာသွားပြီး စကားပြောရအောင်''

သူမစကားကို သူ တဒင်္ဂ စဉ်းစားလိုက်ပြီး သက်ပြင်းချသံသဲ့သဲ့နှင့်အတူ ရောထွေးဖြေပေးလိုက်သည်။

''ကောင်းပြီလေ ... သွားကြတာပေါ့''

■



www.burmeseclassic.com

# (XVIII)

''ငါ မပြောဘူးလား ... မဖြစ်နိုင်ပါဘူးလို့၊ ဟိုမှာ သူလာနေပြီ''

''ဒါပေမဲ့ သူ့မျက်နှာက တစ်မျိုးဖြစ်နေပုံပဲ''

''.........''

အခြားကျောင်းသူကျောင်းသားတွေရဲ့ စကားသံတွေ မဆုံးခင်မှာပဲ သူ့မြင်ကွင်းထဲကို ကတ္တီပါအနီမှိန်စား ဖိနပ်ကလေးကို စီးထားတဲ့ ခြေဖဝါး နုနုတစ်စုံ ရောက်လာခဲ့၏။

သူ အလွတ်ရနေပြီးသား ကိုယ်သင်းရနံ့တစ်ခုက ရင်ခုန်သံကို ဟိုး ... စတွေ့စအချိန်ကအတိုင်း အရှိန်တက်နေစေပါသည်။

သူ တမင်ပဲ မျက်နှာကို အေးစက်မှုတို့ပေါင်းတင်ပြီး မတုန်မလှုပ် ဟန်နှင့် မော့ကြည့်လိုက်သည်။ မျက်ဝန်းချင်းအဆုံမှာ ရင်တွင်းပန်းအချို့ ပွင့်ကုန်ကြ၏။

အေးမင်းသူနှင့် ပပတို့လည်း ထင်မှတ်မထားခဲ့သည့် ရုတ်တရက် ကိစ္စမို့ အံ့သြမှင်တက်နေကြသည်။ ပတ်ဝန်းကျင်ကတော့ ထုံးစံအတိုင်း သူနှင့်သူမတို့ကို ပါပါရာဇီဆန်ဆန် အာရုံစူးစိုက်ကြည့်နေကြ၏။

အသိစိတ်၏လှုံ့ဆော်မှုတို့ ရှန်းကြွလာမှ ပပက အမြန်စကားစ၏။

''ကေရီ ... ဝင်ထိုင်လေ၊ ငါ ဒီနေ့ နင် ကျောင်းမလာလောက်ဘူး

www.burmeseclassic.com

လူရှင်းသည့် ကျောင်းတွင်းတစ်နေရာမှာပင် ဖြစ်သည်။

ခုံတန်းလေးတစ်ခုပေါ်တွင် သစ်ကိုနှင့်ကေရီတို့ ထိုင်နေကြပါသည်။ နှစ်ယောက်စလုံးကတော့ ရှေ့တူရှုကို အဓိပ္ပာယ်မဲ့ ငေးကြည့်နေကြပြီး သက်ပြင်းကိုယ်စီ ချနေကြ၏။ အတော်ကလေးကြာတော့မှ . . .

''ဘာပြောစရာ ကျန်နေသေးလို့လဲ ကေရီ''

''ကေရီ့ကို မောင် လမ်းခွဲရတဲ့အကြောင်းပြချက်ကို ရှင်းရှင်းလင်းလင်း သိချင်သေးလို့ပါ''

သူ သက်ပြင်းချမိပြန်သည်။ ပြီးမှ . . .

''ဘာထူးတော့မှာမို့လဲ''

''သိချင်လို့ပါ မောင်''

သူမက သူ့မျက်နှာကို ငေးကြည့်နေသည်။

''အကြောင်းပြချက်ကတော့ ကေရီနဲ့မောင်ဟာ ဘယ်လိုမှ ပေါင်းစပ်လို့မရနိုင်လို့ပဲ''

''ကေရီ့ကို မောင် တကယ်ချစ်ခဲ့တာရော ဟုတ်ရဲ့လား''

''ဒီအချိန်မှာ ဒီစကားတွေ မပြောသင့်တော့ဘူး။ စာမေးပွဲကို အာရုံစိုက်ပါ ကေရီ''





''ဘဝတစ်ခုလုံးနဲ့စာရင် ဒီစာမေးပွဲက ကေရီ့အတွက် အသေးအဖွဲပါ မောင်''

သူ ဘာမှပြန်မပြောမိ။ ပြောစရာစကားတွေက ရင်ဝမှာ တစ်ဆို့နေ၏။

''မောင် . . . ကေရီ့ကိုလမ်းခွဲတာ Tarot ကပြောတဲ့ ကံကြမ္မာကြောင့်ဆိုတာ အမှန်ပဲလား''

သူ ပပမျက်နှာကို မြင်ယောင်မိ၏။ အခုမှတော့ သူ ဘယ်သူ့ကိုမှလည်း အပြစ်မတင်ချင်ပါ။

''ပြောပါ မောင် . . . ကေရီ့မျက်နှာကို တည့်တည့်ကြည့်ပြီး ပြောပါ''

''. . . . . . . . . .''

''မောင် Tarot အပေါ်မှာ ဘယ်လောက်အထိ ယုံကြည်မြတ်နိုးတယ်ဆိုတာကို ကေရီ သိပါတယ်၊ ဒါပေမဲ့ ဒီနိမိတ်ပုံလေးတစ်ခုအတွက်နဲ့ ကေရီ့ကို လမ်းခွဲလိုက်တာတော့ နားမလည်နိုင်ဘူး မောင်၊ ယောကျ်ားတစ်ယောက်အနေနဲ့ ဒါကို တရားမျှတတယ်လို့ ထင်လား၊ ဘယ်ကိစ္စမှာမှ တစ်ဖက်စွန်းရောက်သွားရင် မကောင်းပါဘူး မောင်''

သူမ အသံတို့ လှိုက်ခါနေသည်။

''မိုး'' ဟု အမည်ပေါက်နေသော ဖူလိုင်လထဲမှာဆိုပေမယ့်လည်း နွေဦးဆန်သော လေပြည်အချို့ကြောင့် ရင်ထဲကို ပိုလွမ်းမောနေစေ၏။

သူ . . . သူမမျက်ရည်တွေကို မကြည့်ရက်ပါ။ သို့ပေမယ့် . . .

''မိဘတွေစီစဉ်တာကိုပဲ လက်ခံလိုက်ပါ ကေရီ''

သူ့အသံ တိုးလျှလျှလေးက သူမနားထဲမှာ ဗုံးတစ်လုံးအလား ပွင့်ထန်လှပါသည်။

''မောင်ရယ် . . . ဒီကိစ္စလေးအတွက်နဲ့ ကိုယ့်ချစ်သူကို''

''ဒီကိစ္စလေး မဟုတ်ဘူး ကေရီ၊ ဒီကိစ္စကြီး''



www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး မောင် . . . နှစ်ယောက်စလုံးက ချစ်နေပါလျက်နဲ့ ဒီ Card ကလေးတွေကြောင့် တစ်ဘဝလုံး ဝေးကြရတော့မှာလား"

သူ သက်ပြင်းတစ်ချက် ချလိုက်ပြီး . . .

"မောင့်စကားကို နားထောင်ပေးပါ ကေရီ၊ မောင်နဲ့ကေရီက ကံကြမ္မာအလိုအရ ဘယ်လိုနည်းနဲ့မှ ပေါင်းစပ်လို့မရဘူး။ ပွင့်ပွင့်လင်းလင်း ပြောရရင် မောင်ခံစားရမှာထက် ကေရီက ပိုနေတယ်၊ ဘယ်လိုလူမျိုးကရော တစ်ပါးသူရင်ခွင်ထဲ ကိုယ့်ချစ်သူကို ကြည်ကြည်ဖြူဖြူထည့်ချင်မှာလဲ ကေရီ"

"တော်ပြီ မောင် . . . အဲဒီမမြင်ရတဲ့ အရာတွေကို ကေရီ ခေါင်းထဲမှာ အလေးမခံဘူးမောင်၊ အိမ်ကိုလည်း ကေရီ အပြတ်ပြောထားတယ်။ ကေရီ့စိတ်ကို သူတို့တွေ သိပါတယ်၊ ကံဆိုတာ လူက လုပ်တာပါမောင်ရယ်၊ ဘာ့ဖြစ်လို့ စစ်မရောက်ခင် မြားကုန်ချင်နေရတာလဲ"

သူမကို သူ အရမ်းလည်း သနားနေမိသည်။ မတတ်သာလွန်းသည့်အခြေအနေမို့ သူ့စကား အကုန်ပဲ ပြောလိုက်ပါသည်။

"ဒါပေမဲ့ . . . ကံကြမ္မာကိုတော့ ဘယ်သူမှ လွန်ဆန်လို့မရဘူး ကေရီ၊ မောင်နဲ့ပတ်သက်နေသမျှ ကေရီ့မှာ အန္တရာယ်တွေ ရှိနေတယ်"

"မောင့်အတွက် ကေရီ သေရဲတယ်၊ မောင် ဘာကိုကြောက်နေတာလဲ"

သူမစကားလုံးတွေက သူ့အရှိက်ကို တည့်တည့်ထိနေ၏။

"ကေရီ . . . မောင်ပြောတာကို ကျေးဇူးပြုပြီး နားလည်ပေးပါကွာ မောင် တောင်းပန်ပါတယ်"

"အဓိပ္ပာယ်မရှိတာဘဲ မောင်ရယ်"

"ဟုတ်ပြီ ကေရီ . . . မောင် နောက်ဆုံးစကားပြောမယ်"

သူနှင့်သူမတို့ မျက်ဝန်းချင်း ထိပ်တိုက်ဆုံကြည့်နေကြသည်။ ပြီး . . . သူက သက်ပြင်းတစ်ချက်နှင့်အတူ . . .





"ငါ မင်းကို မယူနိုင်ဘူး ကေရီ၊ ချစ်လည်း မချစ်ခဲ့ဘူး"

သူမက သူ့ကို မမြင်ဖူးသေးသူတစ်ယောက်လို တဒင်္ဂ ငေးကြည့်နေ၏။ ပြီးမှ . . .

"မောင် ညာတာ၊ ကေရီ့ကို ဘယ်လောက်ချစ်တယ်ဆိုတာ မောင့်မျက်လုံးတွေက သက်သေခံနေတယ်"

"မင်း မရှက်တတ်ဘူးလား ကေရီ၊ ယောကျ်ားတစ်ယောက်က မချစ်ပါဘူး, လက်မထပ်နိုင်ပါဘူးလို့ ခါးခါးသီးသီး ပြောနေတဲ့ကိစ္စကို"

စကားအဆုံးမှာ သူမက မဲ့ခနဲ ပြုံးလိုက်ပြီး . . .

"ကောင်းပြီလေ၊ ဒါဆိုလည်း ကေရီ မောင်နဲ့ လမ်းခွဲပေးပါ့မယ်"

သူမဘဝအတွက် ဝမ်းသာမိပေမယ့်လည်း ဒီလမ်းခွဲစကားအတွက် သူ့ရင်ထဲမှာ ဝမ်းနည်းလှစ်ဟနေ၏။

"ဒါပေမဲ့ . . . ကေရီ ဘယ်သူ့ကိုမှာတော့ လက်ထပ်ဖြစ်မှာ မဟုတ်ဘူး။ မောင်က လွဲရင်ပေါ့"

"အဓိပ္ပာယ်မရှိတာပဲ ကေရီရာ၊ လူကြီးတွေက"

"အဓိပ္ပာယ်မရှိတာက မောင်ပါ"

သူမက သူ့စကားမဆုံးခင် ဖြတ်ပြောပစ်လိုက်သည်။

"ကေရီက အချစ်မပါတဲ့ အိမ်ထောင်ရေးကို မတည်ထောင်နိုင်ဘူး။ မောင့်ကိုပဲ ချစ်တယ်၊ မောင့်ကိုပဲ လက်ထပ်မယ်၊ ပြီးတော့ အခု ဒီ Final စာမေးပွဲကိုလည်း ကေရီ မဖြေတော့ဘူး"

သူမ တကယ်ပြောနေမှန်း သူ သိပါသည်။

"ဘာဆိုင်လို့လဲ"

"မနှစ်သက်တဲ့ ရင်ခွင်ထဲမှာ နေရမယ့်အစား ကေရီ သေပဲပစ်လိုက်မယ် မောင်"

သူမရဲ့ တည်တည်ငြိမ်ငြိမ်စကားလုံးတွေက သူ့ရင်ကို တုန်လှုပ်



www.burmeseclassic.com

www.burmeseclassic.com



ချောက်ချားသွားစေ၏။

"ကေရီ ... မသေရဘူး၊ မဟုတ်တာတွေ ဘာလို့လျှောက်တွေး နေရတာလဲကွာ"

"ဘာလဲ ... မောင် စိတ်ပူသွားတာလား။ အခု မောင်က မချစ်ဘဲ လက်မထပ်နိုင်ပါဘူးလို့ အတိအလင်း ကြေညာထားတာပဲလေ၊ ကေရီ့ အတွက် မောင့်ရင်ထဲမှာ ဘာမှမရှိဘူးမဟုတ်လား။ မောင် မေ့လိုက်စမ်းပါ မောင် ပျော်နေလိုက်ပါမောင်၊ မောင့်အတွက်ပဲ ကေရီ ကျေနပ်ပါတယ်"

"မင်း ငါ့ကို အကျပ်ကိုင်နေတာလား၊ ခြိမ်းခြောက်နေတာလား ကေရီ"

သူမက မျက်ရည်တွေကို ခပ်ကြမ်းကြမ်း သုတ်ဖယ်ပစ်လိုက်ပြီး ...

"နှုတ်ဆက်ပါတယ် မောင်၊ ဒီနေ့ဟာ ကေရီနဲ့ နောက်ဆုံး တွေ့ဆုံခြင်းလို့ပဲ သတ်မှတ်လိုက်ပါတော့"

ပြောပြီး သူမ လှည့်ထွက်သွားသည်။

သူ ဘာလုပ်ရမည် မသိတော့။ ရင်ထဲမှာ တဆတ်ဆတ် နာကျင်နေ၏။

သူမ စိတ်ခံစားမှုကို သူ နားလည်ပါ၏။ သူမ တကယ်ပဲ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ပစ်မှာကို သူ သိနေသည်။

ငါ ... ဘာလုပ်ရမလဲ။

တစ်လှမ်း ...

နှစ်လှမ်း ...

သုံးလှမ်း ...

လေးလှမ်း ...

... ...။

ရသစာအုပ်တိုက်



သူမ ခြေလှမ်းတို့ ရပ်တန့်သွားသည်။ အပျော်တို့က သူမ ရင်ထဲကို ဒိုက်ခနဲ စီးဝင်လာ၏။ မောင့်အချစ်ကို သူမ အကြွင်းမဲ့ ယုံကြည်ပါသည်။

သူ အရူးတစ်ယောက်လို ပြေးလွှားပြီး သူမကျောပြင်ကနေ တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားလိုက်မိသည်။ သူ့ပါးပြင်မှာတော့ မျက်ရည်မြစ် သို့ လှိုင်းတံပိုးထန်နေခဲ့လေ၏။

"မောင့်ရင်ခွင်လေးက နွေးထွေးလုံခြုံလိုက်တာ မောင်ရယ်"

"..........."

■

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com




| | | |
|---|---|---|
| မြန်မာ | - | နေမင်း |
| ENGLISH | - | The Sun |
| ITALIAN | - | It Sole |
| FRENCH | - | Le Solejl |
| GERMAN | - | Die Sonne |

နိမိတ်ပုံတွင် နေမင်းကြီးက သူ၏သားတော်နှင့်အတူ ကမ္ဘာလောကကြီးကို သာတူညီမျှ အလင်းရောင် ဖြန့်ကြက်ပေးနေသည်။

နေမင်း၏သားတော်ကလေးသည် ပျော်ရွှင်မြူးထူးစွာဖြင့် မြင်းဖြူကြီးကို စီးနင်းပြီး ကောင်းကင်ယံမှ ဆင်းသက်လာ၏။ ဦးခေါင်းအထက်တွင် အနီရောင်ငှက်တောင်မွေးတစ်ချောင်းကိုလည်း ထိုးစိုက်ထားသည်။ ၎င်းငှက်တောင်မွေးသည် အရူးကလေးနိမိတ်ပုံနှင့် သေမင်းနိမိတ်ပုံတို့တွင်လည်း ပါရှိခဲ့သည်။

အဓိပ္ပာယ်မှာ သေမင်းနယ်ပယ်ကို ကျော်လွှန်ခဲ့ပြီး အသစ်တစ်ဖန် ပြန်လည်မွေးဖွားခြင်းကို ရည်ညွှန်းထား၏။ ခြံစည်းရိုးနောက်တွင် (sun flower) နေကြာပန်း (၄) ပွင့်ကို တွေ့ရသည်။ ဓာတ်ကြီးလေးပါးဖြစ်သည့် မြေ၊ ရေ၊ လေ၊ မီးကို ရည်ညွှန်းထား၏။

နေမင်းကတ်၏ အဓိကလျှို့ဝှက်ချက်မှာ ပုံ၏ ညာဘက်အောက်ခြေရှိ ပန်းချီဆရာ့လက်မှတ်အောက်တွင် (Love) ၏အရိပ်ကို မထင်မရှား ရေးဆွဲဖော်ပြထားခြင်းပင် ဖြစ်ပါသည်။ အမေရိကန် Tarot ပညာရှင် (Mary Greer) ၏ဟောကိန်းတစ်ခုဟုလည်း အချို့သုတေသီများက ဆိုထားသည်။

နေမင်းကြီး၏မျက်နှာပြင်သည် ဂရိပုံပြင်ထဲမှ Apollo (အပိုလို)



www.burmeseclassic.com

www.burmeseclassic.com



နေနတ်သားပင်ဖြစ်၏။ အချို့ပညာရှင်ကြီးများက Tarot (78) ချပ်တွင် The Sun Card သည် အကောင်းဆုံးနိမိတ်ပုံဖြစ်သည်ဟု ဆိုကြပါသည်။ ကတ်၏နိမိတ်ပုံဆိုလိုရင်းအနှစ်ချုပ်မှာ ပျော်ရွှင်စွာ နှုတ်ခွန်းဆက်သခြင်းနှင့် ပြည့်စုံစွာ ခွင့်လွှတ်ခြင်းတို့ပင် ဖြစ်လေ၏။

■



# (N)

လူခြေတိတ်ဆိတ်လှသော Coffee Bar တစ်ခုတွင် ဖြစ်သည်။

လူငယ်လေးတစ်ဦးသည် ဆိုင်အဝကို မကြာခဏ ငေးကြည့်နေ၏။ က်မှနာရီကိုလည်း မကြာခဏ မြှောက်ကြည့်နေပြန်သည်။

ရှေ့မှာချထားသည့် Coffee ခွက်သည် အေးစက်မှုနှင့် အချိန် တိုင်းအတာတစ်ခုကြောင့် အပေါ်ရည်များပင် တင်းမာနေ၏။

သေချာသည်ကတော့ ထိုလူငယ်လေးသည် Coffee ခွက်ထက် စ်စုံတစ်ခုအကြောင်းအရာကို စိတ်ရောက်နေပုံရသည်။

ထိုစဉ် Coffee Bar လေးအတွင်းသို့ လူငယ်တစ်ယောက် ဝင် ရောက်လာပြီး ပထမလူငယ်ရှိရာ စားပွဲဝိုင်းသို့ ဝင်ထိုင်လိုက်သည်။

"Sorry ပဲ သစ်ကို၊ ငါ နည်းနည်းနောက်ကျသွားတယ်"

"ရပါတယ် အေးမင်းသူရာ"

ပြောပြီးမှ ရှေ့က Coffee ခွက်ကို သူ သတိတရ ကောက်သောက် က်သည်။ အေးမင်းသူက . . .

"မင်း . . . ကောရီနဲ့ကိစ္စကို ခေါင်းညိတ်လိုက်ပြီဆို"

". . . . . . . . . . ."

"ဒါဆို . . . မင်း Tarot Card တွေကို တော်လှန်ပြီး ကံကြမ္မာကို



www.burmeseclassic.com

www.burmeseclassic.com



ကျော်လွှားပစ်တော့မှာလား သစ်ကို"

"..........."

"မင်းပြောတော့ ... ကေရီနဲ့ ဘယ်လိုမှပေါင်းစပ်လို့ မရနိုင်ဘူး နှစ်ယောက်စလုံးအတွက် အန္တရာယ်တွေ ရှိနေတယ်ဆို"

"..........."

"မင်း ဘယ်လိုတွေကြောင့် ပြောင်းလဲသွားရတာလဲ သစ်ကို၊ ငါ့ ပယကတော့ မင်းတို့နှစ်ယောက်ကို ဘယ်လိုမှ လိုက်မမီတော့ဘူးကွာ"

သူ ဘာမှပြန်မဖြေမိဘဲ အေးမင်းသူမျက်နှာကို စေ့စေ့ကြည့်ပြီး လျှို့ဝှက်စွာ ပြုံး၏။ သို့ပေမယ့် သူ့အပြုံးက အရင်လို မလတ်ဆတ်လှ၊ နာကျင်မှုတို့ စွန်းထင်နေ၏။

"သစ်ကို ... မင်း တကယ်ပဲ ကံကြမ္မာကိုလွန်ဆန်ပြီး ကေရီ့ရဲ့ လက်ထပ်ပစ်မှာလား၊ ငါ့ကို ခေါ်ထားပြီး တစ်ခုခုပြန်ပြောဦးလေကွာ"

သူ သက်ပြင်းချသည်။ လက်ကျန်ကော်ဖီကို မော့သောက်လိုက် သည်။ Coffee Ber ကလေးရှေ့ရှိ လမ်းမပေါ်တွင် ကွန်တိန်နာတစ်စီး ဖြတ်မောင်းသွား၏။ ထို့နောက် သူ့ခံစားချက်အမြင့်ဆုံး စကားလုံးကို ဖွင့်ထုတ် ပစ်လိုက်၏။

"ငါ ... ကေရီကို သိပ်ချစ်တယ်"

အေးမင်းသူက သူ့ခံစားမှုကို နားလည်သလိုဖြင့် ခေါင်းညိတ်ပြ သည်။

"ငါ့အတွက်နဲ့ ကေရီကို ဘာတစ်ခုမှ မထိခိုက် မစွန်းထင်စေချင် ဘူး၊ အကယ်၍ ကံကြမ္မာက ငါ့ကိုသာ ဒဏ်ခတ်မယ်ဆိုရင် ဘာပဲဖြစ်ဖြစ် သူ့ကိုချစ်တဲ့စိတ်တစ်ခုတည်းနဲ့ ငါ ကေရီ့ကို လက်ထပ်မှာပါ၊ အခုဟာက သူ ... သူ"

ဝမ်းနည်းမှုကြောင့် သူ့စကားသံတို့ တိမ်ဝင်ဆို့နစ်သွားသည်။





အတော်ကြာမှ ...

"ငါ ... ဘာလုပ်ရမှန်းမသိတော့ဘူး သူငယ်ချင်း၊ ကေရီက ငါနဲ့ လက်မထပ်ရရင် အခု စာမေးပွဲလည်း မဖြေတော့ဘူး။ ပြီးတော့ သူ့ကိုယ်သူ သတ်သေမယ်လို့ ပြောတယ်ကွာ၊ ငါ ... သူ့အချစ်ကို ဥပေက္ခာမပြုရက်ပါ ဘူး၊ ဒါကြောင့်လည်း ပိုခံစားနေရတာပေါ့"

"အဲဒါကြောင့် မင်း ကေရီကို လက်ခံလိုက်တာပေါ့ ... ဟုတ်လား"

ပြောပြီး နှစ်ယောက်စလုံး သက်ပြင်းကိုယ်စီ ချလိုက်ကြ၏။

"အခု မင်း ဘယ်လိုတွေ စီစဉ်ထားလဲ သစ်ကို၊ ငါ ဘာ ကူညီပေး ရမလဲ"

"ငါ ... ဒါကြောင့်လည်း မင်းကို ခေါ်တွေ့တာပါ၊ ညက ငါ သေချာစဉ်းစားပြီး အစီအစဉ်တစ်ခု ဆွဲထားတယ်"

သူ့အပြောကို အေးမင်းသူ စိတ်ဝင်စားသွားသည်။

"ဘာကိုလဲ"

"ဒီလိုပါ ... တစ်ချက်ခုတ် နှစ်ချက်ပြတ်ပေါ့ကွာ၊ အခု ဒီရက်ပိုင်း တွေမှာ ငါရော မင်းတို့ပါ ကေရီနဲ့ ဟန်မပျက် ဆက်နေကြမယ်၊ ကေရီနဲ့ငါ စာမေးပွဲနောက်ဆုံးရက်မှာ ခိုးပြေးဖို့ကို ကေရီ စာမေးပွဲမဖြေဘဲ မဟုတ်တာ တွေ လျှောက်လုပ်နေမှာစိုးလို့ သူကျေနပ်အောင် ငါ ခေါင်းညိတ်ခဲ့တာပါ"

အေးမင်းသူ အတော်သဘောပေါက်လာပုံရသည်။

"အခြေအနေအရ စာမေးပွဲနောက်ဆုံးရက်မှာ နာရီဝက်စော ထွက်ပြီး ဆုံရပ်တစ်ခုမှာ သူနဲ့ငါ ဆုံဖြစ်ကြမယ်၊ အဲဒီကနေမှ အစီအစဉ် အတိုင်း ခိုးကြမယ်ပေါ့ကွာ"

"ငါတို့က ဘယ်လိုကူညီရမှာလဲ"

"ငါက သူနဲ့ဆုံမယ့်နေရာကို သွားမှာမဟုတ်ဘူးလေ၊ မင်းနဲ့ ပယက သွားပြီး အချိန်ဆွဲပေးပေါ့၊ ပြီးတော့ သူ သိသွားချိန်မှာ ဘာပဲဆိုးဆိုးဝါး



www.burmeseclassic.com

www.burmeseclassic.com

ဝါးဖြစ်မလာအောင် မင်းတို့ တာဝန်ယူနှစ်သိမ့်ပေးပါ၊ သူ့အိမ်က လူကြီးတွေကိုလည်း အချိန်မီအကြောင်းကြားထားပေါ့''

သူ ပြောရင်း မျက်ရည်တွေ စီးကျလာနေ၏။

အေးမင်းသူလည်း ဘယ်လိုအားပေးနှစ်သိမ့်ရမည် မသိတော့။ သူ့ရင်ထဲက ခံစားချက်ကို အေးမင်းသူ ကိုယ်ချင်းလည်းစာမိပါ၏။

''ငါ့ကို ကျေးဇူးပြုပြီး ကူညီပါကွာ၊ ပြီးတော့ သူ့ဘဝ ဆက်လက်ရှင်သန်အောင် မင်းတို့ တိုက်တွန်းပေးပါ၊ သူ ငါ့အချစ်တွေကို နားလည်လာပါလိမ့်မယ်၊ ကြာတော့လည်း တဖြည်းဖြည်းနဲ့ သူ ငါ့ကိုမေ့သွားမှာပါ''

''မင်းထင်သလို ဖြစ်မလာခဲ့ရင်ရော သစ်ကို၊ မင်းသိထားရမှာက ကေရီက တခြားမိန်းကလေးတွေလိုတော့ မဟုတ်ဘူးနော်''

''ဒီတစ်နည်းပဲရှိတော့တယ် အေးမင်းသူ''

''ဖြစ်ပါ့မလား''

''ဖြစ်အောင် မင်းတို့ကူညီပေါ့၊ ဒါပေမဲ့ သူ လုံးဝရိုပ်မိလို့ မဖြစ်ဘူးနော်''

အေးမင်းသူ သက်ပြင်းရှည်ကြီးကို ချလိုက်ပြီး . . .

''ပြီးတော့ . . . မင်း ဘာလုပ်မလဲ''

''ငါလား''

မဖြေသေးဘဲ ဆိုင်ရှေ့က လူတွေကို အကြောင်းမဲ့ ငေးကြည့်နေသေး၏။ ပြီးမှ မချိပြုံးနှင့်အတူ ထွက်ကျလာ၏။

''ဟိုးအဝေးဆုံးတစ်နေရာကို ထွက်သွားရမှာပေါ့ကွာ''

■



အချစ်သည် ခံစားမှုအတွေ့အကြုံများအရ ရှေးနှစ်သန်းပေါင်းများစွာကတည်းက အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုထားခဲ့ကြသည်။

ရယူပိုင်ဆိုင်ခြင်းဖြင့် အချစ်ကို အသက်သွင်းကြသလို၊

ပေးဆပ်စွန့်လွှတ်ခြင်းဖြင့်လည်း အချစ်ကို သက်သေထူခဲ့ကြ၏။

သို့သော်...

ယနေ့အချိန်အထိ မည်သည့်ပညာရှင်မျှ အချစ်၏အဓိပ္ပာယ်ကို တိပပြည့်စုံကုံလုံအောင် ရှာဖွေဖော်ထုတ်၍ မရသေးပေ။

သေချာသည်ကတော့...

အချစ်သည် အချစ်ဟုပင် အဓိပ္ပာယ်ထွက်ပေါ်နေဦးမည် ဖြစ်ပါ သည်။



www.burmeseclassic.com

www.burmeseclassic.com

# (XIX)

## (စာမေးပွဲ ဖြေဆိုရန် တစ်ရက်အလို...)

သူတို့အားလုံး Canteen မှာ ရှိနေကြသည်။

အေးမင်းသူတို့အတွဲက သစ်ကိုမှုက်နှာကို မသိမသာလေး အကဲခတ်နေကြ၏။

သူမကတော့ အလွန်အမင်း ပျော်ရွှင်ကြည်နူးနေ၏။

"မောင် ... ကံကြမ္မာက ကေရီတို့ဘက်မှာ ရှိနေတာ အသေအချာပဲ၊ အခု မျက်မြင်ပဲ၊ မောင်နဲ့ကေရီက မေဂျာမတူပေမယ့် စာမေးပွဲစည်းကမ်းအရ စာဖြေခန်းတစ်ခန်းထဲမှာ အတူတူကျတာ ဘယ်လောက်အံ့ဩဝမ်းသာဖို့ ကောင်းလိုက်သလဲ"

"ဟုတ်တယ်နော်"

ပပက သူမစကားကို ဟန်မပျက် စကားထောက်ပေးလိုက်သည်။

သစ်ကိုကတော့ ဟန်ဆောင်အပြုံးကို သတိထားပြီး ပြုံးပြနေရ၏။

အေးမင်းသူကတော့ သူ့ခံစားချက်ကို သိနေပါသည်။ အားပေးသလိုလေး မေးဆတ်ပြနေ၏။

"မောင့် Tarot တွေကို ဒီအချိန်မှာ ခဏထုတ်ထားလိုက်ပါနော်၊ မမှားသောရှေ့နေ, မသေသောဆေးသမားဆိုတဲ့ စကားပုံလည်း ရှိနေတာပဲလေ၊ ကေရီ သူငယ်ချင်းတစ်ယောက်ရဲ့ကားကိုလည်း အကူညီတောင်း



www.burmeseclassic.com

www.burmeseclassic.com



ထားပြီးပြီ၊ လက်ထပ်ဖို့အတွက် ရှေ့နေတစ်ယောက်နဲ့လည်း အားလုံးစီစဉ်ထားပြီးပြီ မောင်၊ ဘာမှ မောင် စိတ်ပူမနေနဲ့၊ ကေရီ အားလုံးလုပ်ထားပြီးပြီ"

သူမကတော့ သူမအစီအစဉ်အတွက် အလွန်ပဲတက်ကြွ ပျော်ရွှင်နေ၏။

သူ့ရင်ထဲမှာတော့ မချိလှပါ။ အဲသလို သူမ ပျော်ရွှင်လန်းဆန်းနေတာကိုပဲ သူ မြင်ချင်ခဲ့ပါသည်။

"မောင် မပျော်ဘူးလားဟင်"

"ပျော်တာပေါ့ ကေရီရယ်၊ ဒါနဲ့ ဒီကိစ္စတွေကိုပဲ တစ်ချိန်လုံး တွေးမနေနဲ့ဦး၊ စာမေးပွဲမှာလည်း အာရုံစိုက်ထားဦး။ စာမေးပွဲကျလို့ကတော့ မောင်က ကျောင်းပြန်မထားဘူးဗျာ၊ ရိုက်လည်း ရိုက်ဦးမှာနော်"

သူ့စကားကို သူမက သဘောတကျ တခစ်ခစ်ရယ်နေသေးသည်။ ပြီးမှ . . .

"ကေရီက ပိုင်ပြီးသားပါနော်၊ မောင်သာ ဂရုတစိုက်ဖြေခဲ့ပါ"

ထိုနေ့က ရယ်မောသံ အတု၊ အစစ်တို့သည် လေထုထဲတွင် တစ်သားတည်း ရောပါနေခဲ့၏။ သူမကလွဲပြီး အားလုံးရဲ့ရင်ထဲမှာတော့ ရင်တွင်းမိုင်းတို့ အစီအရီ ပေါက်ကွဲနေလေတော့သည်။

ကံကြမ္မာကတော့ သူ့စည်းမျဉ်း စည်းဝိုင်းအတိုင်း စည်းချက်မှန်မှန် လှည့်ပတ်နေမြဲပင် ဖြစ်၏။

■



# လျှို့ဝှက်ဖြစ်စဉ် (၁)

'ကလင် . . . ကလင် . . . ကလင်'

(ဖုန်းမြည်သံ)

"ဟဲ့ . . . ဖုန်းကိုင်လိုက်ကြပါဦး"

". . . . . . . . . . ."

'ကလင် . . ကလင် . . ကလင်'

(ဖုန်းမြည်သံ)

"ဩော် . . . ဘယ်သူမှ မရှိကြပါလား"

တီးတိုးပြောဆိုသံနှင့်အတူ အသက်ခပ်ကြီးကြီး မိန်းမတစ်ယောက် ဖုန်းလာကိုင်၏။

"ဟယ်လို . . . ဟုတ်ကဲ့ ပြောပါရှင်"

". . . . . . . . . . ."

"ဟုတ်ပါတယ် . . . အဒေါ်က သူ့အမေပါ"

". . . . . . . . . . ."

"ကျေးဇူးပါကွယ် . . . ကျေးဇူးပါ၊ ဒါဆို အဒေါ် ဖုန်းချလိုက်မယ်နော်"

'ခွပ်!'



www.burmeseclassic.com

www.burmeseclassic.com



(ဖုန်းချသံ)

ဖုန်းချပြီး ထိုမိန်းမကြီးက သူ့ရင်ဘတ်ကို လက်တစ်ဖက်ဖြင့် ဖိပြီး

...

"ဘုရား ဘုရား ... မိုက်လှချည်လား၊ အို ... မဖြစ်သေးပါဘူး၊ သူ့အဖေနဲ့တိုင်ပင်ပြီး အချိန်မီ တားဆီးရမှာပဲ၊ အချိန်မီသေးလို့ တော်ပါ သေးရဲ့၊ ကျေးဇူးရှင်လေးက တကူးတကနဲ့ ဖုန်းဆက်ပြောပေလို့သာပေါ့၊ မဟုတ်ရင် အားလုံး ကိုယ်ကျိုးနည်းကုန်တော့မှာပဲ"

တစ်ယောက်တည်း တီးတိုးပြောဆိုပြီး ရေးကြီးသုတ်ပျာနှင့် ထွက် သွားလေတော့၏။

■






| | | |
|---|---|---|
| မြန်မာ | - | အစီအရင် အဆုံးအဖြတ် |
| ENGLISH | - | The Judgement |
| ITALIAN | - | I' Angelo |
| FRENCH | - | Le Jugement |
| GERMAN | - | Das Weltgericht |

www.burmeseclassic.com

www.burmeseclassic.com

နတ်သမီး Gabriel သည် ကောင်းကင်ဘုံတိမ်တိုက်များကြားမှ သေဆုံးသွားသောသူများကို လှုပ်နှိုးစေသည့်တေးသီချင်း (The Awakening of The Death) သံစဉ်ကို တံပိုးခရာဖြင့် မှုတ်နေ၏။

Tarot Card No. (20) သည် မွေး/သေစာရင်းကို ထိန်းချုပ်သော နက္ခတ်ကို ကိုယ်စားပြုသည်။ အချစ်ရေးတွင် ပေါင်းစပ်မှု တစ်စုံတစ်ရာ အခက်အခဲကြား၌ တစ်ဦးကိုသာ လွတ်မြောက်ခွင့်ပေးစွမ်းစေပြီး ရှင်ပြန်ထမြောက်မှုတွင် အရေးပါအရာရောက်သောကတ်လည်း ဖြစ်သည်။

ဖော်ပြထားသော ကြက်ခြေနီတံဆိပ်ပုံသည် တစ်စစီပြန့်ကျဲနေသော ဓာတ်ကြိုးလေးပါးကို စုစည်းခြင်းနိမိတ်ပုံဖြစ်၏။ သို့ကြောင့်လည်း ဤသင်္ကေတကို ကမ္ဘာတစ်ဝန်းတွင် ကြက်ခြေနီ/ဆေးပညာဌာနများတွင် အသုံးပြုနေကြခြင်းလည်း ဖြစ်သည်။

နိမိတ်ပုံ၏ဆိုလိုရင်းမှာ . . .

ဘဝတစ်ခု၏ ဆုံးဖြတ်ချက် အဆိုးအကောင်း၊ အမှားအမှန်တို့ကို မိမိကိုယ်တိုင် အလုံးစုံ ခါးသီးစွာ ခံစား/ စံစားရမည်ကို ဆိုလိုပြီး အသစ်တစ်ဖန် ပြန်လည်မွေးဖွားသန့်စင်ခြင်းကို အထူးရည်ညွှန်းလေ၏။

■



## စာမေးပွဲ နောက်ဆုံးနေ့

သူမမျက်နှာ စူပုပ်နေ၏။

သူ သိပေမယ့် သိပ်မထူးဆန်းသလို တမင် နေနေလိုက်သည်။ အေးမင်းသူက ပပကို မျက်စပစ်ပြလိုက်သည်။ သို့နှင့် ပပက ကောစ၏။

"ကေရီ . . . ဘယ်လိုဖြစ်တာလဲ"

"ခု . . . ငါလည်း အဲဒါကို တင်းနေတာ၊ အိမ်မှာလည်း ဒီကိစ္စအတွက် အကြီးအကျယ် စကားများခဲ့ပြီးပြီ"

"တစ်ခုခုတော့ တစ်ခုခုပဲနော် ကေရီ"

အေးမင်းသူက အထက်ပါအတိုင်း အလိုက်သင့် ဝင်ထောက်ပေး၏။

"ဟုတ်တယ် . . . အိမ်က ငါတို့ကိစ္စကို ကြိုသိနေသလိုပဲ"

"မဖြစ်နိုင်တာ ကေရီရယ် . . . ဒီကိစ္စက ငါတို့လေးယောက်ပဲ သိတဲ့ဟာကို"

"အင်း . . . ငါလည်း အဲဒါကို စဉ်းစားရကျပ်နေတာ၊ မောင်နော့ ဘယ်လိုထင်လဲဟင်"

"ဩော် . . . အင်း"



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်အမေးမို့ ကိုယ့်အတွေးနဲ့ကိုယ် လုပ်စရာရှိတာတွေကို တွေးတောနေသည့် သစ်ကိုတစ်ယောက် ယောင်နနဖြစ်သွား၏။

လိပ်ပြာမလုံသူတို့ ထုံးစံအတိုင်း စကားမပြောသေးခင် သူ ကြီး စာပြုံးပြလိုက်၏။ ပြီးမှ သိပ်အရေးမကြီးလေဟန်နှင့် ...

"အင်း ... မောင်တွေးမိတာကတော့ လူကြီးတွေက ထုံးစံအတိုင်း စာမေးပွဲနောက်ဆုံးရက်မှာ မဟုတ်တာတွေ လုပ်တတ်လွန်းလို့ စိတ်မချလို့ လိုက်လာတာလို့ပဲ မောင်ထင်တယ်"

"ဖြစ်နိုင်တယ် ကေရီ"

ပပက ဝင်ထောက်ခံသည်။

"ဘာပဲဖြစ်ဖြစ် ကေရီ့မိဘတွေ ကျောင်းကိုပါလာတာကြောင့် ငါ့ အစီအစဉ်တွေ တစ်ခုခုဖြစ်မှာ, အနှောင့်အယှက်ဖြစ်မှာကို ကြောက်တယ်"

သူမ၏စိုးရိမ်မှုကို သူ နှစ်သိမ့်သလို အပြုံးနှင့်အတူ ...

"အို ... အလကား တွေးပူနေလိုက်တာ ကေရီရယ်၊ သူတို့ရော စာမေးပွဲခန်းထဲထိ လိုက်လာလို့ ရတာမှမဟုတ်တာ၊ Canteen မှာ ကျန်း မှာပဲဥစ္စာ၊ မောင်တို့အစီအစဉ်ကို သူတို့သိလိုက်မှာတောင် မဟုတ်ပါဘူး အခုလောလောဆယ် ခေါင်းထဲမှာ စာကိုပဲ အာရုံစိုက်ထား ... ဟုတ်ပြီလား ကျန်တာတွေကို တွေးမနေနဲ့"

စကားအဆုံးမှာ သူမက နှစ်လိုဖွယ်အပြုံးနှင့် ခေါင်းညိတ်ပြ၏

သူကတော့ သူမ,မသိအောင် သက်ပြင်းခိုးချလိုက်သည်။

အေးမင်းသူတို့အတွဲလည်း ရှေ့ဆက်ရမယ့် အချစ်ပြဇာတ်တစ်ပုဒ် အတွက် အထူးရင်မောစိတ်လှုပ်ရှားနေကြလေ၏။



## စာမေးပွဲခန်းအတွင်း

ကျောင်းသူကျောင်းသားအားလုံးကတော့ ဒီအချိန်မှာ ကျန်တဲ့ အကြောင်းအရာတွေကို ခေါက်ထားပြီး ကျက်မှတ်ထားတဲ့ စာတွေကိုသာ အထူးဂရုတစိုက် ဖြေနေကြ၏။

နဂိုစာတော်သူမို့ သူမလည်း ဖြေနိုင်ပါသည်။ အေးမင်းသူတို့အတွဲ လည်း အခြေအနေကောင်းပုံရ၏။ သစ်ကိုကတော့ ရပြီးသားစာတွေ ဆိုပေမယ့် တစ်စုံတစ်ခုကြောင့် လက်တွေတုန်ယင်နေသဖြင့် မနည်းသတိထား ရေးနေရ၏။

သူမ နာရီကို ကြည့်မိ၏။ စာဖြေချိန် တစ်နာရီခွဲ ကုန်ဆုံးသွားပြီ ဖြစ်သည်။

စာတော်သော ကျောင်းသူကျောင်းသားများအတွက် ထို (၃) နာရီ မေးခွန်းကို တစ်နာရီခွဲနှင့် အပြီးဖြေနိုင်ကြပါသည်။

ထိုစဉ် ...

ကျောင်းသားတစ်ယောက် မတ်တတ်ထရပ်လိုက်၏။ အခန်းစောင့် ဆရာမက ...

"ဘာဖြစ်လို့လဲ သား"

"အဖြေလွှာ အပ်ချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



သူမ နာရီကို အလောတကော ငုံ့ကြည့်လိုက်၏။

"ဟင်! စာမေးပွဲပြီးဖို့ တစ်နာရီ လိုသေးတာပဲ၊ မောင် ဘာကြောင့် စောထွက်ရတာလဲ၊ ငါနဲ့ချိန်းထားတာ နာရီဝက်စော ထွက်ဖို့ပါ၊ အခု တစ်နာရီဆိုတော့ မောင် အပေါ့အပါး အရေးတကြီးကြောင့်များလား"

သူမခေါင်းထဲမှာ နားမလည်ခြင်းများစွာနှင့် ရှုပ်ယှက်ခတ်နေသည်။ အေးမင်းသူနှင့် နှစ်ခုံကျော်က ပပတို့အကြည့်ချင်း ဆုံမိကြသည်။

စာဖြေချိန်တစ်ဝက်ကျော်လာပြီမို့ အခန်းစောင့်ဆရာမက သူ့ကို အဖြေလွှာအပ်ဖို့ ခွင့်ပြုပေးလိုက်၏။ အခန်းထဲက ထွက်လာသည့် သစ်ကို ခြေလှမ်းတို့ ပေါ့ပါးနေ၏။ သူ ... နောက်တွန့်လို့ မဖြစ်တော့။ ချထားတဲ့ ဆုံးဖြတ်ချက်အတိုင်း အကောင်အထည်ဖော်ရပါလိမ့်မည်။

စာမေးပွဲခန်းထဲမှာတော့ ကျောင်းသူတစ်ယောက် မတ်တတ်ရပ်လိုက်၏။

"အဖြေလွှာ အပ်ချင်လို့ပါ"

နောက်တော့ ...

ကျောင်းသားတစ်ယောက် ...။

နောက် ... ကျောင်းသူ တစ်ယောက်။

နောက် ...။ ။



# (XX)

Canteen ဘက်သို့ သွားရာလမ်းနှင့် သူမနဲ့ ချိန်းဆိုထားရာလမ်းတို့ ဆုံစည်းရာ လမ်းခွဲလေးအနားအရောက်တွင် သူ့ခြေလှမ်းတို့ ရပ်တန့်သွားသည်။

"မောင့်ကိုခွင့်လွှတ်ပါ ကေရီ"

Canteen ဘက်မှတစ်ဆင့် ကျောင်းအပြင်ထွက်ရန် သူ့ခြေလှမ်းတို့ ...တည့်လိုက်စဉ် ...

"မောင်"

သူ တွန့်ခနဲ ဖြစ်သွားသည်။ အံ့သြမှုတို့လည်း သူ့မျက်နှာပေါ် ...တ်ပြေးနေ၏။

သူမ သူ့အနားရောက်လာပြီး ...

"မောင် ... ဘာလို့ တစ်နာရီကြီး စောထွက်လာခဲ့တာလဲ၊ ကေရီတို့ ...မှတ်ထားတာ နာရီဝက်လေ"

"ဟို ... အဲဒါက ... မောင် ခေါင်းနောက်လာလို့ ထွက်လာခဲ့တာ၊ ...ာင်မှတ်ကျော်ကျော် ဖြေခဲ့နိုင်ပါတယ်၊ ကေရီရော ဖြေနိုင်ရဲ့လားဟင်"

စိတ်လှုပ်ရှားမှုကြောင့်ထင့် ... သစ်ကိုစကားသံတွေ တုန်ယင်နေခဲ့ ...ကို သူမ သတိမမူနိုင်ရှာပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဖြေနိုင်ပါတယ်၊ ထင်တော့ ထင်သားပဲ . . . မောင် တစ်ခု ဖြစ်လို့နေမှာလို့၊ အခုရော သက်သာပြီလား မောင်"

သူမက သူ့နဖူးကို ကြင်နာမှုအပြည့်နှင့် စမ်းရင်းပြော၏။ သူ တော့ ဘာဆက်လုပ်ရမည် မသိတော့။

"ကားက အခုရောက်မလာသေးဘူးထင်တယ်၊ သူ့ကို ကေရီ နာရီအတိအကျ မှာထားတာ၊ အခု နည်းနည်းစောနေသေးတယ် မောင်"

"အင်း!"

ထိုစဉ် . . . အေးမင်းသူတို့အတွဲ သူတို့နားရောက်လာ၏။ အေးမင်း သူတို့အတွဲလည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဘာပြော ရမည်မသိ ဖြစ်နေရသည်။

Canteen မှာလည်း ကေရီ့မိဘနှစ်ပါးနှင့် Driver လူကြီး တစ် ယောက်တို့ နာရီတကြည့်ကြည့်နှင့် ကော်ဖီသောက်ရင်း စကားပြောနေ သည်။

"သူဌေး"

"ပြောလေ မောင်ဉာဏ်ကြီး"

"ကျွန်တော် ဟိုဘက်ကို Toilet ခဏသွားချင်လို့ပါ"

"ဪ . . . သွားလေကွာ"

ထိုလူကြီးက ထထွက်လာလေ၏။

သူမတို့နားသို့ အဖြူရောင် Land Rover ကားတစ်စီး ထိုး၍ လာခဲ့၏။

"ဟော . . . လာပြီ"

ကားပေါ်မှ ပြေိအောင်ဟု အမည်တွင်သော ခေတ်၏သမီးပျိုလေး ဆင်းလာပြီး . . .

"Right time ပါနော် ကေရီ"





"Thanks ပါ April"

"လာ မောင် . . . ကားပေါ်တက်လေ"

သူမ သူငယ်ချင်းရှေ့မှာ သူ အရဲစွန့်ပြောဖို့ အားယူထားတဲ့ စကား လုံးကြီးတွေ ပျောက်ရှသွား၏။ သူမသိက္ခာအတွက် သူ လေးစားပေးရဦးမည် မဟုတ်လား။

ပပက အေးမင်းသူလက်ကို ဆုပ်ကိုင်ထား၏။ အေးမင်းသူက သစ်ကို,ကို "ဘာမှမတတ်နိုင်တော့ဘူး" ဆိုတဲ့အကြည့်နှင့် အသံတိတ် ပြောနေ၏။

သူ သက်ပြင်းတွေကိုသာ ကျိတ်ချနေမိသည်။

"ဒီက အစ်ကို . . . ကေရီ့ကို စိတ်ချမယ်နော်၊ ဂရုတော့စိုက်နော်၊ ကေရီက ဆိုးတယ်"

"ဪ . . . ဟုတ်"

သူမက ရွှင်ရွှင်လန်းလန်းနှင့် တက်ကြွလွန်းစွာ ပြုံးရယ်နေ၏။

"ကဲ ပပ . . . April၊ ကိုအေးမင်းသူ . . . အားလုံး ကျေးဇူးပဲနော်"

"အချင်းချင်းတွေပဲ . . . ရပါတယ်ဟာ"

ပပအသံက သိပ်အသက်မပါလှ။

"ကေရီ နှီးတော့လေ၊ ဟိုမှာ ရှေ့နေတွေ ရောက်နေလောက်ပြီ၊ အားလုံး ငါ ကွက်တိလုပ်ပေးထားတယ်နော်"

"အဲဒါကြောင့် ငါ နင့်ကို အားကိုးတာပေါ့ဟဲ့"

"အေးပါ . . . နောက်တော့ ဒီကျေးဇူးတွေကို နင် ပြန်ဆပ်ရမယ် နော်"

"စိတ်ချစမ်းပါ"

ထိုစဉ် Driver ဉာဏ်ကြီး မြင်သွားပြီး . . .

"ဟာ . . . မမလေး, မမလေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ဟိုမှာ ဦးညာဏ်မြင်သွားပြီ ဒုက္ခပဲ ... မောင် ကားပေါ်မြန်မြန်တက်လေ"

သူမက မောင်းသူနေရာမှာ အမြန်နေရာယူလိုက်၏။

"မမလေး ... အဲလိုမလုပ်နဲ့လေ၊ မမလေး"

ဦးညာဏ်ကြီး ပြေးလာနေ၏။

ကြောင်တောင်တောင်ဖြစ်နေသည့် သူ့ကို ပြေအောင်က တွန်းတင်ပေးလိုက်သည်။ အေးမင်းသူတို့ ပပတို့လည်း လျှပ်တစ်ပြက်မို့ မှင်သက်နေကြသည်။

ဦးညာဏ်ကြီးရောက်လာချိန်မှာတော့ Land Rover ကား အဖြူလေးက အရှိန်နှင့် မောင်းထွက်သွားခဲ့ပြီဖြစ်၏။

■



Canteen လေးမှာတော့ ...

"ဘာ! ... သမီး ပါသွားပြီ ... ဟုတ်လား"

"ကျွန်တော် တားပါသေးတယ် သူဌေး၊ ဒါပေမဲ့ ... မမလေး ..."

"ဒုက္ခပါပဲရှင် ... သမီးလေးကတော့လေ"

"ကဲ ... ညည်းမနေနဲ့ တက်လေ၊ လိုက်ကြတာပေါ့၊ မောင်ညာဏ် ...ာင်းလေ"

မကြာမီအချိန်အတွင်းမှာပင် တက္ကသိုလ်လေးတစ်ခုအတွင်းမှ ...rk-II ကားအဖြူလေးတစ်စီးသည် အလောတကော မောင်းထွက်သွား...လာသည်။

■



www.burmeseclassic.com

www.burmeseclassic.com

# (O)

အဝေးပြေးလမ်းမတစ်ခုပေါ်တွင် အဖြူရောင် Land Rover
လေးတစ်စီးသည် အရှိန်ပြင်းစွာ မောင်းနှင်နေ၏။

နောက်ခပ်ဝေးဝေးမှာတော့ အဖြူရောင် Mark-II ကား
တစ်စီးကလည်း အရှိန်ပြင်းစွာ မောင်းနှင်နေပါသည်။

"ကေရီ ... အရှိန်လျှော့ပါဦးကွာ၊ ကားတွေ အရမ်းကျပ်
နော်"

"..........."

သူမက ကားကိုပဲ အထူးအာရုံစိုက်မောင်းနေ၏။ နောက်
မှန်ကိုလည်း သတိထားကြည့်နေ၏။

"မောင်ပြောနေတယ်လေ"

"နောက်မှာ အိမ်ကကား လိုက်လာနေတယ်၊ အရှိန်လျှော့လို့
ဘူး မောင်"

သူ နောက်ကို ငဲ့ကြည့်လိုက်သည်။ သူမ,ပြောတာ မှန်ပါ
"အန္တရာယ်များတယ် ကေရီ၊ လူကြီးတွေနဲ့ အေးအေးဆေး
ညှိနှိုင်းကြည့်ပြီး ..."

"မဖြစ်နိုင်ဘူး မောင်၊ အိမ်ကကားကို မျက်ခြည်ဖြတ်ပြီး





ဂုံထဲကို မောင်းရမယ်၊ ဟိုမှာ လက်ထပ်စာချုပ်နဲ့ ရှေ့နေရှေ့မှာ တရားဝင်
လက်မှတ်ထိုးပြီးရင် အားလုံးပြီးသွားပြီ မောင်၊ ကေရီတို့ကို ဘာမှလုပ်လို့
မရတော့ဘူး"

သူ သက်ပြင်းတွေကိုသာ ဖိချမိလိုက်ပြီး ကားဒက်ရှ်ဘုတ်ပေါ်ကို
အကြည့်ရောက်သွား၏။

"ဟင်!"

သတိမထားမိခဲ့တဲ့ ကိုးနှစ်စာသင့်ရက်စွဲတစ်ခုအတွက် သူ သွေးဖျက်
သွားသည်။

**13-8-2012 (FRI)**

"13 ရက်နေ့ သောကြာနေ့ပဲ ... မဖြစ်ဘူး"

အတွေးနှင့် ကားလိုင်စင်စာအုပ်ကို ထပ်တွေ့လိုက်ချိန်မှာတော့
သူ ထိတ်ပျာသွားသည်။ ကားနံပါတ်က ...

**၃၁/၁၃၃၁၃**

"မဖြစ်ဘူး ကေရီ ... ကားကို ချက်ချင်းရပ်လိုက်ပါ"

"မောင် ရူးနေလား၊ ရပ်လိုက်ရင် မောင်နဲ့ တစ်သက်လုံး ဝေးသွား
မှာလေ၊ ကေရီ လုံးဝမရပ်နိုင်ဘူး မောင်"

သူမက လီဗာကို ဖိနင်းလိုက်၏။ Mark-II ကားကလေးကလည်း
ကပ်ပါလာခဲ့၏။

"မဖြစ်ဘူး မဖြစ်ဘူး ... လုံးဝ မဖြစ်ရဘူး"

သူ အရူးတစ်ယောက်လို ရွတ်ဆိုနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ကံတရားအကြောင်းကို သူ သိသည်။ သူ့ကို ဘယ်သူမှ မလွန်ဆန် နိုင်ဘူး။

"ကေရီ . . . မင်း ကားကို ခုချက်ချင်း ရပ်လိုက်ပါ၊ အချိန်ရှိ သေးတယ်၊ အားလုံး ဒုက္ခရောက်ကုန်လိမ့်မယ်၊ ကံကြမ္မာက မင်းနဲ့ ပါရဲ့ ပေါင်းဖက်ခြင်းကို ခွင့်ပြုမထားဘူး"

"ကေရီတို့ ပေါင်းဖက်နိုင်မှာပါ၊ ခဏလေးသည်းခံပါ မောင်"

သူမ အရှိန်ထပ်မြှင့်လိုက်သည်။ ရှေ့က ကားတွေကို ဖြတ် ကပ်ကျော်လွှားရှောင်တိမ်းနေပုံက သူမ၏ကျွမ်းကျင်မှုကို ပြသနေသည့် မြင်ရသူများကိုလည်း အသည်းယားသွားစေ၏။

သူ့ခေါင်းထဲမှာတော့ မကြာခဏဆိုသလို နိမိတ်တစ်ခုလို ပြနေတဲ့ Tarot Card No. (13) ကို ဖျတ်ခနဲ ဖျတ်ခနဲ မြင်ယောင်နေ၏။

Tarot No. (13) - DEATH

ပြီးတော့ . . . 13 ရက်နေ့ သောကြာ။

ကားနံပါတ် – ၃ခ/၁၃၃၁၃။

သူ့အသွေးအသားတွေ တဆတ်ဆတ်တုန်ယင်လာ၏။ သူမ ကတော့ ကားတွေကို တစ်စီးပြီးတစ်စီး သွေးအေးအေးနှင့် ကျော်ဖြတ်နေ၏။

"ကားကို ရပ်လိုက်တော့ ကေရီ"

"..........."

သူမ ဘာစကားမှ မဖြေပါ။ နောက်ကားတစ်စီးကို ကျော်တက်ဖို့ ကိုပဲ အာရုံစိုက်နေ၏။

ရထာစာအုပ်တိုက်



သူမ ဂီယာချိန်းလိုက်၏။ လီဗာကို ဖိလိုက်သည်။

"ကေရီ မကျော်နဲ့၊ ဟိုဘက်မှာ ကွန်တိန်နာတစ်စီး လာနေတယ်"

မရပါ။ သူမ မကြားတာလည်း ဖြစ်နိုင်၏။ စီယာတိုင်ကို ဆွဲလှည့်ပြီး အတင်းကျော်လိုက်၏။

"ကေရီ မလုပ်နဲ့"

ကွန်တိန်နာကား Body ဘေးမှာ ဆေးအနီနဲ့ ရေးထားတဲ့ စာတန်းတစ်ခုကို မြင်လိုက်ချိန်မှာတော့ သူ အသက်ရှူပင် ရပ်တန့်သွား၏။

"ဟာ!"

DH - 13

"မကျော်နဲ့ ကေရီ"

သူ အာခေါင်ကိုခြစ်ပြီး အော်ဟစ်သတိပေးလိုက်ပေမယ့်လည်း အရာအားလုံး နောက်ကျသွားခဲ့လေပြီ။

ဝုန်း

ကွန်တိန်နာကားတစ်စီးနှင့် အရှိန်ပြင်းလွန်းသည့် Land Rover ကားတစ်စီးတို့ ခေါင်းချင်းဆိုင် တိုက်မိသွားသည်။

ကားအချို့ ထိုးရပ်သွား၏။ ထိုအထဲတွင် Mark-II ကားဖြူလေး လည်း ပါဝင်ပါသည်။

"ဟာ . . . သွားပြီ"

"အရှိန်တော်တော်များတယ်"

"ကားလေးဘက်က မှားတာပါ"

"..........."

ရထာစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံ၏ထုံးတမ်းဓလေ့အတိုင်း ကားလမ်းမပေါ်မှာ လူများ ပြည့်သိပ်သွားသည်။ Land Rover ကားလေးက ခေါင်းပိုင်းတစ်ခုလုံး ရစရာ မရှိတော့ချေ။

ထိုနေ့သည် 13 ရက်နေ့၏ သောကြာနေ့လည်း ဖြစ်၏။ ကားဘေး တံခါးကြားထဲမှာ သွေးစွန်းပြီး လွင့်ထွက်သွားတဲ့ Card ကလေးတစ်ခုကိုတော့ မည်သူမျှ သတိမထားမိလိုက်ချေ။









| | | |
|---|---|---|
| မြန်မာ | - | ကမ္ဘာလောက |
| ENGLISH | - | The World |
| ITALIAN | - | Ii Mondo |
| FRENCH | - | Le Monde |
| GERMAN | - | Die Welt |

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာလောကနိမိတ်ပုံအတွင်းမှ နတ်သမီးလေးသည် Hermis နှင့် Aphrodite တို့၏ သားတော်နှင့် ပေါင်းဖက်ပြီး ဂရိပုံပြင်အရ မအင်္ဂါနှင့် ဖိုအင်္ဂါတို့ ပူးတွဲတည်ရှိနေသော Hermaphroditus နတ်သမီးဖြစ်၏။

Card No. (21) ကမ္ဘာလောကသည် Card No. (12) The Hanged Man လူဇောက်ထိုးနှင့် တူညီသောအချက် များစွာရှိသည်။ နံပါတ် (21) သည် ပင်ကိုထူးခြားမှုများလည်း ရှိ၏။

သီအိုဆိုဖီ (ခေါ်) ရှေးဟောင်းဂဏန်းသင်္ချာအရ (1)မှ (6) အထိ တန်းစီပေါင်းလျှင် (21) ရစေသည်။ နောက် (3) နှင့် (7) မြှောက်လျှင်လည်း (21) ရသည်။

3 ဂဏန်းရော၊ 7 ဂဏန်းပါ အလုံးစုံအောင်မြင်မှုကို ပေးစွမ်းနိုင်ကြသည်။ နိမိတ်ပုံတွင် မြေဓာတ်ကိုကိုယ်စားပြုသော နွားသိုးခေါင်း၊ မီးဓာတ်ကိုကိုယ်စားပြုသော ခြင်္သေ့ခေါင်း၊ ရေဓာတ်ကို ကိုယ်စားပြုသော လူသားဦးခေါင်းနှင့် လေဓာတ်ကိုကိုယ်စားပြုသော သိန်းငှက်ခေါင်းတို့ ပါရှိသည်။

နတ်သမီးလေးကို သံလွင်ခက်အလယ်မှာထားရှိပြီး တုတ်နှစ်ချောင်းကို ကိုင်ဆောင်ထားစေခြင်းသည် တိုးတက်မှုနှင့် ဆုတ်ယုတ်မှု အစွမ်းနှစ်မျိုး





စလုံးကို ပိုင်ဆိုင်ထားကြောင်း ဖော်ပြထားမှု ဖြစ်၏။

အချို့ပညာရှင်များက ထိုကတ်ကို အပြည့်အစုံနှင့် လိုအပ်ချက်မရှိသောကတ်ဟု ဆိုထားသည်။ အချို့က လောက၏ နောက်ဆုံးနိမိတ်ပုံဟု ဆိုကြ၏။ အချို့ကတော့ သေမင်းကို ကျော်လွှန်အောင်မြင်ခဲ့ခြင်းနိမိတ်ဟု ဆိုကြလေ၏။

■



www.burmeseclassic.com

www.burmeseclassic.com

# (P)

ထိုပုဂ္ဂိုလ်ကြီးက သေချာစေ့စေ့စပ်စပ်ရှင်းပြပြီး သူ့ကို စိုက်ကြည့်နေသည်။

ပြီးမှ . . .

"ဒါ . . . Tarot ရဲ့နောက်ဆုံး Card ပဲ မောင်ရင်၊ ဦးရဲ့ အာရုံအရ မကြာခင်မှာ မောင်ရင်လည်း Tarot နဲ့ တစ်သားတည်း ဖြစ်လာမှာပါ"

"ကျွန်တော် ကြိုးစားပါ့မယ် ဦး"

"ဒီနေ့တော့ ဒီလောက်ပဲပေါ့ မောင်ရင်၊ နောက်ရက်ကျမှ ကတ်တွေအားလုံးရဲ့ ဆက်နွယ်ပတ်သက်နေမှုကို ဦး ပြောပြမယ် . . . ရော့ မောင်ရင်လေး"

သူ ကောက်ကြည့်တော့ သူ အင်မတန်လိုချင်တပ်မက်သော Tarot ထုပ်အစစ်။

တစ်နည်းအားဖြင့် ထိုပုဂ္ဂိုလ်ကြီး တစ်သက်လုံး အမြတ်တနိုးကိုင်ဆောင်ခဲ့သော Tarot ထုပ်။

"ဦး လက်ဆောင်ပေးတာပါ"

"မဟုတ်တာ ဦးရယ်၊ ဒါ ဦး သိပ်တွယ်တာတဲ့ Tarot ထုပ် မဟုတ်လား။ ကျွန်တော် မယူပါရစေနဲ့"





"ယူပါ မောင်ရင်၊ ဒါကို ဦးရဲ့ပညာအမွေလို့ သတ်မှတ်လက်ခံပေးပါ၊ ပြီးတော့ ဒီ Tarot ထုပ်ဟာ မောင်ရင်နဲ့ ထိုက်တန်မယ်လို့ ဦး ခံစားမိလို့ပါ"

"ဟုတ်ကဲ့"

သူ လွယ်အိတ်ထဲကို သေချာထုပ်ပိုး သိမ်းဆည်းပြီး . . .

"ဦး . . . ဒီနေ့ ကျွန်တော့်ကို ပုံပြင်ပြောမပြရသေးဘူးနော်"

ထိုပုဂ္ဂိုလ်ကြီးက ဆွေးဆွေးရိရိ ပြုံးလိုက်သေးသည်။ ပြီးမှ . . .

"ပုံပြင်လေးလည်း မကြာခင် အဆုံးသတ်တော့မှာပါ မောင်ရင်"

"ကျွန်တော် ဦးပြောတဲ့ပုံပြင်လေးကို စိတ်ဝင်စားတယ်၊ ပြီးတော့ ပုံပြင်ထဲက ကောင်လေးနဲ့ ကောင်မလေးရဲ့ ခံစားချက်ကိုလည်း ကျွန်တော် နားလည်ပေးလို့ရနေတယ် ဦး၊ ဘာကြောင့်မှန်းတော့ မသိဘူး . . . ပုံပြင်လေးက ကျွန်တော့်နှလုံးသားကို ဖမ်းစားထားတယ်"

ထိုပုဂ္ဂိုလ်ကြီးက ပုံပြင်မပြောသေးခင် သူ့ကို ပြုံးကြည့်လိုက်ပြီး . . .

"မောင်ရင် မေ့နေပြီထင်တယ်၊ ဦးနဲ့ မောင်ရင်ရဲ့ကံကြမ္မာက No. (O) The Fool (အရူး) လေ၊ နှစ်ယောက်စလုံးက အတော်ကလေး နီးစပ်နေတယ်ဆိုတာ မေ့မသွားပါနဲ့၊ ရှင်သန်ရမယ့်ဘဝမှာ လူတွေကို ကူညီပါကပါလေ . . . ဒီနေ့အတွက် ပုံပြင်လေးကိုပဲ ဆက်လိုက်ရအောင်ပါ"

ထုံးစံအတိုင်း ပုဂ္ဂိုလ်ကြီးမျက်နှာက အဆွေးရောင်လွှမ်းမိုးသွားခဲ့လေ၏။

■



www.burmeseclassic.com

www.burmeseclassic.com

Tarot သည် လွန်ခဲ့သော နှစ်ပေါင်း (၃၀၀၀) ကျော်ကပင် ဂျစ်ပစီလူမျိုးများ အမြတ်တနိုး အသုံးပြုခဲ့သော ဖဲထုပ်ဖြစ်ပါသည်။

Tarot ရဲ့အဓိပ္ပာယ်ကိုတော့ ပညာရှင်များက "ရွှေနန်းတော်သို့သွားရာလမ်း"၊ "လွတ်မြောက်မှုလမ်း" စသဖြင့် ဖွင့်ဆိုခဲ့ကြ၏။

ဂျစ်ပစီလူမျိုးများက Tarot ကို ဗေဒင်ကိစ္စအတွက်ပင်မကဘဲ သူတို့၏ ဘဝလမ်းညွှန်၊ သူတို့၏ တရားဓမ္မအဖြစ် မှတ်ယူသုံးစွဲခဲ့ကြသည်။ ထို့ကြောင့် Tarot သည် ဂျစ်ပစီတွေရဲ့ဘဝပင် ဖြစ်ခဲ့၏။

Tarot ၏ထူးခြားသော ဂမ္ဘီရစွမ်းအားများကြောင့်လည်း ယနေ့ခေတ်အထိ ကမ္ဘာအနှံ့ အသုံးပြုနေကြခြင်းလည်း ဖြစ်ပါသည်။

နိုင်ငံစုံမှာ Tarot card အမျိုးအစားများစွာ ရှိသလို ဖော်ပြပါ နိမိတ်ပုံများမှာလည်း နိုင်ငံနှင့်လူမျိုးတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံများအလိုက် ကွဲပြားမှုများ ရှိပါသည်။ ကတ်အမည်အချို့မှာလည်း ကွဲပြားမှုများရှိ၏။

Tarot card တစ်ထုပ်တွင် စုစုပေါင်းကတ် (၇၈) ချပ်တိတိ ရှိပါသည်။ သို့သော် Tarot card များကို Major Arcana (၂၂) ကတ်နှင့် Minor Arcana (၅၆) ကတ်အဖြစ် သတ်မှတ်ပေးထားခဲ့သည်။

ကံကြမ္မာကိုဖတ်ရာတွင် ကတ် (၇၈) ခုလုံးကို အသုံးပြုစရာ မလိုအပ်





ပါ။ ထိုကတ် (၇၈) ကတ်အနက် တစ်ခုလျှင် (၁၄) ကတ်စီပါဝင်သော 'ဒုတ်၊ ဓား၊ ခွပ်၊ ကြယ်' (Minor) ၅၆-ကတ်ကို ဖယ်ထုတ်ပြီး (Major) ၂၂-ကတ်ဖြင့်ပင် ဟောချ်လုံလောက်၏။

ကမ္ဘာအနှံ့တွင် ထင်ရှားကျော်ကြားလှသော Tarot card (၁၀) မျိုး ရှိသည်။ ၎င်းတို့မှာ -

1. Ibis Tarot
2. Medieval Scapini
3. Tarot of the Stars
4. Rider Waite
5. Oswald Wirth
6. Grand Etteilla
7. Gran Tarot Esoterieo
8. Viscanti Sforzs
9. Marscilles
10. Stairs of Gold တို့ ဖြစ်သည်။

ထို့ပြင် Tarot တွင် ကိုင်ဆောင်သူရော အဟောခံသူပါ လိုက်နာကျင့်သုံးရမည့် စည်းကမ်းချက်များ၊ Tarot card ထားသိုသိမ်းဆည်းပုံများ ရှိပါသည်။ Gypsy Tarot မှာတော့ ထိုစည်းကမ်းနည်းစနစ်များ မရှိပေ။

Gypsy Tarot card များတွင် ထူးဆန်းသော လျှို့ဝှက်ချက်များစွာ [illegible]သည်။ Tarot သည် စာအုပ်ကို ကြောက်သည်။ ကျမ်းကို ကြောက်သည်။ [illegible]လှုံ့ရာများကို ကြောက်သည်။ လေ့နံ့ဓားထစ်ဝါဒများကို ကြောက်သည်။ ကိုင်ဆောင်သူ၏ နှလုံးသားနှင့် ချိတ်ဆက်နိုင်မှသာ ကတ်ပါနိမိတ်ပုံများ၌ ဆက်ဝင်မည်ဖြစ်သည်။

နောက် ... Tarot တွင် နိုးကြားစေမည့်မန္တန် (၂၃) ပုဒ် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



Major card ၂၂– ချပ်ကို နှီးကြားစေမည့် မန္တန် (၂၂) ပုဒ် ရှိပြီး ကတ်အားလုံး နှီးစေမည့် မန္တန် (၁) ပုဒ်၊ စုစုပေါင်း (၂၃) ပုဒ် ရှိပါသည်။

(ကတ်တစ်ချပ်ချင်းစီအတွက် နှီးနည်းများကို စာအုပ်/စာမျက်နှာ အခက်အခဲအရ မဖော်ပြတော့ပါ) ကတ်များအားလုံး နှီးကြားစေသောမန္တန်မှာ အောက်ပါအတိုင်း ဖြစ်၏။

> **အို! ဘုရားသခင်**
>
> **ကျွန်ုပ်အား ကောင်းချီးမင်္ဂလာပေးပါလော့...၊**
>
> **ကျွန်ုပ်၏ အတွေး အကြံ အလုပ်များအား**
>
> **သန့်ရှင်းစင်ကြယ်မှုပေးပါတော့။**
>
> **ဘုရားသခင် ဖန်ဆင်းပေးလျှင် မဖြစ်နိုင်သောအရာဟူ၍ မရှိနိုင်ကြောင်း**
>
> **ကျွန်ုပ် အထူးယုံကြည်ပါ၍ ကျွန်ုပ်နှင့်ပတ်သက်သူအားလုံးတို့အား**
>
> **ဘုရားသခင်အစွမ်းဖြင့် ကူညီနိုင်ပါစေ။**
>
> **ကျေးဇူးတော်ကို အထူးအောက်မေ့ပါသည် ဘုရားသခင်...။**

Tarot မေးသူကိုလည်း အောက်ပါဂါထာတစ်ခုကို ရွတ်ဆိုစေ ပါမည်။

"Within me, and around me, is the fullness of power love and wistom"

အဓိပ္ပာယ်မှာ – "ကျွန်ုပ်၏အဖွဲ့တွင်လည်းကောင်း၊ ပတ်ဝန်းကျင်တွင်လည်းကောင်း တန်ခိုး စွမ်းရည်၊ မေတ္တာတရားနှင့် အသိဉာဏ် ပညာတို့ ပြည့်စုံကုံလုံ၍ ရှိချေပြီတကား"





ဟူ၍ ဖြစ်ပါသည်။

Gypsy တွင်မူ အထက်ပါစည်းစနစ်များ မလိုအပ်ပါ။ မိမိ၏ နှလုံးသားသာ လိုအပ်လေတော့၏။

■



www.burmeseclassic.com

www.burmeseclassic.com

Tarot card များသည် လူသားများအတွက် ပြီးပြည့်စုံသော ဘဝ ရှင်သန်မှု နိမိတ်ပုံများဖြစ်ပြီး တစ်ခုနှင့်တစ်ခု ဆက်နွယ်ပတ်သက်နေကြသည်။

လူသားတစ်ယောက်၏ဘဝကို အထက်ပါကတ်ပြားများဖြင့် ခွဲခြမ်းစိတ်ဖြာကြည့်၍ အကြမ်းဖျင်း တွေ့မြင်နိုင်ပါသည်။

ဥပမာ–

(0)  – အရူးနိမိတ်ပုံတွင် မောင်မျိုးဆိုသည့် လူငယ်လေးတစ်ဦးသည် အမိဝမ်းမှ လူ့လောကထဲသို့ မွေးဖွားသန္ဓေစင်လာခဲ့၏။ အရူးတစ်ယောက်လို အော်ဟစ်/ငိုယို/ရယ်မောတတ်သော ကလေးတစ်ယောက်ဘဝဖြင့် စတင်ခဲ့ပြီဖြစ်သည်။

(1)  – မှော်ပညာရှင်နိမိတ်ပုံတွင် မောင်မျိုးသည် လူ့သဘာဝအရ ပြင်ပလောကရှိ ဓာတ်ကြီးလေးပါးနှင့်အတူ ဆက်စပ်မှုများကို ကိုင်တွယ်/စမ်းသပ်/ပြောင်းလဲသင်ကြားလာတတ်မည်ဖြစ်၏။

(2)  – သူတော်စင်မနိမိတ်ပုံတွင် မောင်မျိုးသည် စူးစမ်းချင်သော/တတ်မြောက်လိုသော စိတ်မှလွဲ၍ အခြား မကောင်းမှုစိတ်တို့မရှိဘဲ ငယ်ဘဝကို ဖြတ်သန်းကျော်လွှန်လာခဲ့သည်။





(3)  – ကေရီဘုရင်မနိမိတ်ပုံတွင် မိခင်၏ အပြည့်အဝသွန်သင်ထောက်ပံ့မှု။

(4)  – ကေရာဇ်ဘုရင်နိမိတ်ပုံတွင် ဖခင်၏ကာကွယ်စောင့်ရှောက်မှုများနှင့်အတူ။

(5)  – သူတော်စင်နိမိတ်ပုံတွင် အတန်းပညာကျောင်းသို့ ဆရာသမားများထံ မောင်မျိုး ပညာသင်ကြားရပေလိမ့်မည်။

(6)  – ချစ်သူများနိမိတ်ပုံတွင် မောင်မျိုးသည် ကျောင်းနေရင်း အချစ်ကို ရှာဖွေ/ တွေ့ရှိ/ စိတ်ဝင်စားလာပါလိမ့်ဦးမည်။

(7)  – စစ်ရထားနိမိတ်ပုံတွင် ပညာစုံသွားသော မောင်မျိုးသည် စီးပွားရေးလောကအတွင်း၌ တိုက်ပွဲပြင်းထန်စွာ ကြိုးစားရုန်းကန်နေရမည်ဖြစ်ပါသည်။

(8)  – စွမ်းအားရှင်နိမိတ်ပုံတွင် မောင်မျိုးသည် လောကတွင် ကြုံတွေ့ရမည့် အခက်အခဲအတားအဆီးများကို ကိုယ့်စွမ်းကိုယ်စဖြင့် ရဲရဲဝံ့ဝံ့ ကျော်လွှားတတ်လာပေလိမ့်မည်။

(9)  – ရသေ့နိမိတ်ပုံတွင် မောင်မျိုးသည် လောကမှာ တစ်ခါတစ်ရံ၌ ရသေ့တစ်ပါးလို ကျင့်ကြံသည်းခံပြီးမှ ခက်ခက်ခဲခဲ ရလာတတ်သော အောင်မြင်မှုများအကြောင်းကို သဘောပေါက်လာပါလိမ့်မည်။

(10)  – ကံကြမ္မာလည်းဘီးနိမိတ်ပုံတွင် မောင်မျိုးဟာ လူ့လောကရဲ့ အနိမ့်အမြင့်/ အတက်အကျဘဝတွေကို သိမြင် ခံစားလာခဲ့ရ

ပါဦးမည်။

(11)  – တရားသူကြီးနိမိတ်ပုံတွင် မောင်မျိုးဟာ သူ့အတွေ့အကြုံအရ တဖြည်းဖြည်းနဲ့ လောကရဲ့စစ်မှန်တဲ့ အနှစ်သာရကို ရွေးချယ်ဆုံးဖြတ်တတ်လာပါလိမ့်မည်။

(12)  – လူဇောက်ထိုးနိမိတ်ပုံတွင် မောင်မျိုးသည် ပရိယာယ် အကြောင်းနဲ့ တစ်ခုပေးမှ တစ်ခုပြန်ရမယ်ဆိုတဲ့ ကမ္ဘာဦးအမှန် တရားအကြောင်းကို ကောင်းကောင်းသဘောပေါက် သိမြင်သွားခဲ့ရမည်ဖြစ်သည်။

(13)  – သေမင်းနိမိတ်ပုံတွင် တစ်ခါတစ်ရံ လောကမှာ ဘဝတစ်ခုလုံး သေဆုံးသွားနိုင်တဲ့ ဘဝလောင်းကြေးနဲ့ ဘုရင့်နောင် ဖောင်ဖျက်သလိုစိတ်နဲ့ လောကအလယ်မှာ စွန့်စားတိုက်ခိုက်ရမှုတွေကို မောင်မျိုး ခံစားရပါဦးမည်။

(14)  – ထိန်းချုပ်ခြင်းနိမိတ်ပုံတွင် မောင်မျိုးဟာ လူ့လောကမှာ ကြုံတွေ့ရတဲ့ အချို့အခက်အခဲတွေကို ဒေါသကိုထိန်းချုပ်ပြီး ညှိနှိုင်းဆောင်ရွက်ရခြင်းဖြင့် ပြီးပြတ်နိုင်ကြောင်းကို သိမြင်လာပါလိမ့်မည်။

(15)  – မကောင်းဆိုးဝါးနိမိတ်ပုံတွင် မောင်မျိုးဟာ တဏှာ ရမ္မက်ဆန္ဒနဲ့ မတော်လောဘနောက်ကို မလိုက်ဘဲ ရှောင်တိမ်းတတ်လာခဲ့မည်။ အကယ်၍ မရှောင်တိမ်းနိုင်ပါက –

(16)  – မျှော်စင်နိမိတ်ပုံတွင် လောက၏တားမြစ်ချက်ကို မလိုက်နာသူတို့အတိုင်း ဒဏ်ခတ်ခံရလိမ့်မည်။

(17)  – ကြယ်ပွင့်နိမိတ်ပုံတွင် မောင်မျိုးဟာ ဘယ်လောက် ကြီးကျယ်တဲ့ ဒုက္ခဒဏ်ရာတွေ ရှိနေပါစေ၊ သူ့မှာ မျှော်လင့်ချက်တွေနဲ့





ရှေ့ဆက်နေလိမ့်ဦးမည်။

(18)  – လမင်းနိမိတ်ပုံတွင် မောင်မျိုးဟာ စိုးရိမ်မှုမရှိတော့သလောက်နဲ့ ဘဝကို ဖြတ်သန်းဖို့ ကြိုးစားနေပါတော့မည်။

(19)  – နေမင်းနိမိတ်ပုံတွင် မောင်မျိုးဟာ ကြိုးစားရင်း လောကရဲ့ အခက်အခဲတွေကို အောင်မြင်လာလိမ့်မည်။

(20)  – အဆုံးအဖြတ်နိမိတ်ပုံတွင် မောင်မျိုးသည် လောက၏ မတည်မြဲခြင်းတရားကို ရှာဖွေတွေ့ရှိသွားပြီး လောဘ/ သောကတို့ ပျောက်ဆုံးကုန်လာခဲ့မည် ဖြစ်သည်။

(21)  – ကမ္ဘာလောကနိမိတ်ပုံတွင် မောင်မျိုးဟာ လူ့လောကထဲက နေ အရာခပ်သိမ်း အောင်မြင်စွာ ထွက်ခွာ/ အခြားလောကမှာ ပြန်လည်မွေးဖွားခြင်းဖြင့် သံသရာလည်ပတ်နေပါလိမ့်ဦးမည်။

(22)  – အရူးတစ်ယောက်အဖြစ်နဲ့ပေါ့ . . .။ ။

(Tarot card များ၏ဆက်နွယ်ပတ်သက်ပုံများကို 'မောင်မျိုး' ကို နာမ်စားအဖြစ်သုံးပြီး စာဖတ်သူများ သဘောပေါက်အောင် ဥပမာအဖြစ်နှင့် မောင်မျိုး၏မွေးဖွားရာမှ သေဆုံးရာအထိကို ပုံပြင်ဇာတ်လမ်းလေးတစ်ခုအသွင်နှင့် ဖော်ပြလိုက်ခြင်းဖြစ်ပါသည်။ နာမည်သတ်မှတ်လိုပါက Tarot Story (သို့) မောင်မျိုးပုံပြင်ဟု အလွယ်ခေါ်ဆိုနိုင်ပါသည်။)


■



www.burmeseclassic.com

www.burmeseclassic.com

## TAROT CARD များ၏ဆက်စပ်မှုအကြောင်းအရာများ



(A)

(B)

ဖော်ပြပါပုံတွင် လိုင်း (A) နှင့် လိုင်း (B) ရှိ Tarot card များ ဆက်နွယ်ပတ်သက်မှုကို ခွဲခြမ်းဖော်ပြပေးခြင်း ဖြစ်ပါသည်။ (အထက် အောက် ပတ်သက်မှုကို ဆိုလိုပါသည်။)

စာမျက်နှာ အခက်အခဲအရ Card များအားလုံးကို မဖော်ပြတော့ပါ။ ဥပမာအနေဖြင့် (၃) ခုသာ ဖော်ပြပါမည်။ ကျန် Card များကို စာဖတ်သူတို့ ကိုယ်တိုင်တွေးတော ဆက်စပ်ကြည့်နိုင်မည်ဟုလည်း ယုံကြည်ပါသည်။

**ဥပမာ ...(1)**

လိုင်း (A) ရှိ အမှတ် (I) မှော်ပညာရှင်သည် အင်အားနှင့် စွမ်းအင်တို့ကို ပြသခြင်းနှင့် အမှတ် (XI) တရားသူကြီးသည် စွမ်းအင်နှင့် သူ၏အင်အားကို မှန်ကန်သည့်ဘက်တွင် အသုံးပြုခြင်းကို ဖော်ဆောင်ထား၏။





**ဥပမာ ...(2)**

လိုင်း (A) ရှိ အမှတ် (II) သူတော်စင်မသည် ဖြူစင်သော သစ္စာတရားဖြင့် မကြောက်မရွံ့ရှင်သန်နေနိုင်ပြီး အမှတ် (XII) လူဇောက် ထိုးသည်လည်း အမှန်တရားအတွက် အပြစ်ဒဏ်ကို ရဲရဲဝံ့ဝံ့ ခံယူပြီး ရှေ့ဆက်ရှင်သန်ပုံကို ဖော်ဆောင်ထား၏။

**ဥပမာ ...(3)**

လိုင်း (A) ရှိ အမှတ် (III) နှင့် လိုင်း (B) ရှိ အမှတ် (XIII) တို့ သည် မွေးဖွားရှင်သန်ခြင်းနှင့် သေဆုံးမှုတရားကို ရည်ညွှန်းထား၏။

■





www.burmeseclassic.com

www.burmeseclassic.com

နောက်ထပ် ဆက်နွယ်နေပုံမှာ ပို၍နက်ရှိုင်းသိမ်မွေ့ပါသည်။ Tarot card များကို (၇) ခုစီ (၃) တန်းတန်းလျှင် အောက်ပါအတိုင်း ရ၏။


........(A)


........(B)


........(C)

- လိုင်း (A) သည် ရုပ်ပိုင်းဆိုင်ရာကို ကိုယ်စားပြုသည်။
- လိုင်း (B) သည် စိတ်ပိုင်းဆိုင်ရာကို ကိုယ်စားပြုသည်။
- လိုင်း (C) သည် ရုပ်ပိုင်းနှင့်စိတ်ပိုင်းပေါင်းစပ်မှုကို ကိုယ်စားပြုသည်။

အထက်ပါ Card များသည် ဘယ်ညာဆက်စပ်မှုအဓိပ္ပာယ်များ အပြင် အထက်အောက် ပတ်သက်မှုများလည်း ရှိပါသည်။





ဥပမာ ...(1)

အမှတ် (I.VIII. XV) – အမှတ် (I) မှော်ပညာရှင်တွင် မိမိ၏စွမ်းအားကို အသုံးပြု၍ အမှတ် (VIII) စွမ်းအားရှင်တွင် ဦးနှောက်ဖြင့် ထိန်းချုပ် ကိုင်တွယ်ရမည်။ အကယ်၍ ကောင်းမွန်စွာ အသုံးမချတတ်ပါက အမှတ် (XV) လောဘရမ္မက်ကြောင့် မကောင်းဆိုးဝါးအသွင် ခံစားရပါလိမ့်မည်။

ဥပမာ ...(2)

အမှတ် (II.IX. XVI) – အမှတ် (II) သူတော်စင်တွင် အသိပညာကို သစ္စာတရားဖြင့် ချင့်ချိန်ပြီး အမှတ် (IX) ရသေ့ကဲ့သို့ တိုးတက်အောင် ကျင့်ကြံရမည်။ အကယ်၍ မဟုတ်ခဲ့ပါက ထိုသူ၏ဘဝသည် အမှတ် (XVI) မျှော်စင်ကဲ့သို့ မိုးကြိုးပစ်ခံရပြီး လောက၏ဒဏ်ခတ်မှုကို ခံစားရလိမ့်မည်။

အမှတ် (III.X. XVII)

အမှတ် (IV.XI. XVIII)

အမှတ် (V.XII. XIX)

အမှတ် (V.XIII. XX)

အမှတ် (VII.XIV. XXI) တို့၏ ဆက်စပ်မှုအဓိပ္ပာယ်များအား စာဖတ်သူတို့ တွေးတောသိမြင်နိုင်လိမ့်မည်ဟု ယူဆသောကြောင့် မဖော်ပြတော့ပါ။

Tarot Card များ၏ အနက်အဓိပ္ပာယ်များမှာ နက်နဲခဲ့တွင်နိုင်သလို ပို၍ကျယ်ဝန်းလှပြီး အံ့မခန်းသော ကံကြမ္မာတရားများကို ဖော်ပြပေးနိုင်သည်



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်လည်း ထိုနိမိတ်ပုံများသည် ဟိုယခင်နှစ်ပေါင်းများစွာကတည်းက ယနေ့ထိတိုင် ကမ္ဘာတစ်ဝန်းတွင် ကျန်ရစ်အသုံးပြုနေကြခြင်း ဖြစ်ပါလေတော့၏။

■



# (XXI)

ရန်ကုန်မြို့၏ နာမည်ကြီး ပုဂ္ဂလိက ဆေးရုံတစ်ခုတွင် ဖြစ်သည်။ ပိုက်ဆံတတ်နိုင်သော လူနာရှင်မျက်နှာကြောင့်လား၊ အရေးပေါ်အခြေအနေတစ်ရပ်ကြောင့်လားတော့မသိ တာဝန်ကျ ဆရာဝန်/ သူနာပြု/ ဝန်ထမ်းများ အားလုံး ပျာယာခတ်နေကြ၏။

အရေးပေါ်အခန်းရှေ့မှာတော့ မျက်ရည်စက်လက်နှင့် ယူကျုံးမရဖြစ်နေသော မိန်းမကြီးတစ်ဦးနှင့် ယောက်ျားကြီးတစ်ဦး။ ဘေးနားမှာတော့ အလုပ်သမားဖြစ်ဟန်တူသော လူကြီးတစ်ယောက်က ခပ်ကုပ်ကုပ်ထိုင်နေသည်။

ဘေးအခန်းကပ်လျက် အထူးခန်းရှေ့မှာတော့ စုံတွဲဖြစ်ဟန်တူသော ကျောင်းသားတစ်ယောက်နှင့် ကျောင်းသူတစ်ယောက်တို့ မျက်စိမျက်နှာပျက်ပျက်ဖြင့် တစ်ယောက်လက်ကို တစ်ယောက်ဆုပ်ကိုင်နေကြ၏။

ထိုစဉ် အရေးပေါ်ခန်းထဲမှ တာဝန်ရှိသူတစ်ဦး ထွက်လာ၏။ ပြိုင်တူဆိုသလို တစ်ဖက်ခန်းမှ တာဝန်ရှိသူတစ်ဦးလည်း ထွက်လာသည်။ မျက်နှာတွေတော့ သိပ်မကောင်းကြ။

လူနာရှင်တွေဖြစ်ဟန်တူသည့် မိန်းမကြီး၊ ယောက်ျားကြီး၊ ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



သားလေးနှင့် ကျောင်းသူလေးတို့ မတိုင်ပင်ပါဘဲ တိုးကပ်သွားကြသည်။

မိန်းမကြီးက တာဝန်ကျသူများကို စိုးရိမ်တကြီး မေးလိုက်၏။

"ဆရာ ... သမီးလေးအခြေအနေ ဘယ်လိုရှိလဲဟင်"

"..........."

ဆရာဝန်ကြီးက မဖြေသေးဘဲ တစ်ဖက်ခန်းက ထွက်လာသည့် ဆရာဝန်နှင့် တိုင်ပင်သလိုပုံဖြင့် အားလုံးကို အသိပေးပြောကြားလိုက်၏။ သူတို့လည်း စိတ်မကောင်းဖြစ်နေပုံရသည်။

ဆရာဝန်ကြီးရဲ့ စကားအဆုံးမှာတော့ ထိုမိန်းမကြီး သတိလစ်သွားခဲ့သည်။ ကျောင်းသူလေးကတော့ ကျောင်းသားလေးရင်ခွင်ထဲသို့ ပျော့ခွေသွားခဲ့လေ၏။

ဆရာဝန်ကြီး၏စကားမှာ ...

"အရေးပေါ် 0-13 အခန်းက လူနာကတော့ အသက်မရှိတော့ဘူး"

"0-14 က ကောင်လေးကတော့ ညာဘက်ခြေထောက် ဖြတ်ထုတ်ပစ်လိုက်ရပြီ"

ဟူ၍ ဖြစ်လေ၏။

■



မိတ်ဆွေ...

သင်သည် ကံကြမ္မာကို ကြိုတင်သိမြင်နိုင်သူတစ်ယောက် ဖြစ်ခဲ့ပါက သင် ပျော်ရွှင်ကျေနပ်နိုင်မည်လား (သို့) စိတ်ဒုက္ခခံစားနေရမည်လား။ အကယ်၍ သင်ဟာ သင့်ရဲ့မကောင်းတဲ့ ကံကြမ္မာတစ်ခုကို ကြိုတင်သိမြင်ထားခဲ့ရင်... သင် ဘာလုပ်မည်နည်း။

ကံကြမ္မာကို ရှောင်လွှဲဖို့ ကြိုးစားမည်လား...။

ကံကြမ္မာကို ရင်ဆိုင်ဖို့ ကြိုးစားမည်လား...။



www.burmeseclassic.com

www.burmeseclassic.com

# (XXII)

"ဒါဆိုရင် . . . ပုံပြင်ထဲက ကောင်မလေးက အခန်းအမှတ် (13) ထဲမှာ (13) ရက်နေ့မှာပဲ သေဆုံးသွားတာပေါ့၊ ညာခြေတစ်ဖက် ဖြတ်လိုက်ရတဲ့ သူ့ချစ်သူကောင်လေးကတော့ သတိရလာတာနဲ့ ကောင်မလေးအတွက် အရမ်းခံစားရမှာပဲနော်"

"ဒါပေါ့ မောင်ရင်လေးရယ် . . . ဒါကြောင့်လည်း အဲဒီကောင်လေးက သူ့အချစ်ကို သက်သေပြတဲ့အနေနဲ့ ယနေ့အထိ သူ့အချစ်တွေကို နှလုံးသားထဲမှာ ထာဝရသိမ်းဆည်းထားခဲ့တာပေါ့"

"အရမ်းချစ်ကြတဲ့ ချစ်သူနှစ်ယောက်ကျမှ ဒီလိုအဖြစ်အဆိုးမျိုးကြီး ကြုံရတယ်လို့ဦးရယ်၊ ကျွန်တော် စိတ်မကောင်းလိုက်တာဗျာ"

"သူတို့က သိပ်ချစ်ကြတာ မှန်ပေမယ့်လည်း ကံကြမ္မာကို ရှောင်လွှဲဖို့ ကြိုးစားမိတာကိုး"

"ဒါနဲ့ . . . ဦး"

ထိုပုဂ္ဂိုလ်ကြီးက မေးဆတ်ပြသည်။ သူ မေးသင့်မမေးသင့် စဉ်းစားပြီး မေးဖို့ ဆုံးဖြတ်လိုက်၏။

"အဲဒီပုံပြင်က တကယ့်အဖြစ်အပျက်လား ဦး"

". . . . . . . . . . ."

ရသစာဆုဝ်တိုတ်

www.burmeseclassic.com

www.burmeseclassic.com



ထိုပုဂ္ဂိုလ်ကြီးက သက်ပြင်းရှည်ကြီးတစ်ချက်နှင့်အတူ ဖြည်းညင်းစွာ ခေါင်းညိတ်ပြ၏။ ပြီးတော့ ထူးဆန်းတဲ့ စကားအချို့ကိုလည်း ပြောသေးသည်။

"မောင်ရင်လေးမှာလည်း အဲလို ဂန္ထဝင်ဆန်တဲ့ပုံပြင်လေးတစ်ပုဒ်မှာ ကိုယ်တိုင်ပါဝင်ရလိမ့်ဦးမယ်"

"ဗျာ"

သူ ရုတ်တရက် ထိတ်လန့်သွား၏။ ပုဂ္ဂိုလ်ကြီးကတော့ လျှို့ဝှက်စွာပြုံးပြီး ခေါင်းတဆတ်ဆတ်ညိတ်ရင်း ... ဆက်ပြောပြသည်။

"ဟုတ်တယ် မောင်ရင်၊ မောင်ရင်လေးနဲ့ ဦးရဲ့ ကံကြမ္မာနိမိတ်ပုံကို မှတ်မိသေးတယ်မဟုတ်လား"

"မှတ်မိပါတယ် ဦး၊ No. (0) The Fool လေ"

"အေး ... အရူးလေးက ရှေ့က ချောက်ကမ်းပါး၊ နောက်က ခွေးကိုလည်း ဂရုမစိုက်တတ်ဘူး၊ သူဟာ ကလေးတစ်ယောက်လို ဘယ်အရာကိုမှ ကြောက်လန့်မှုမရှိဘဲ အရာရာကို သူ့ခံယူချက်နဲ့ ခရီးဆက်မယ် ဆိုတဲ့ အဓိပ္ပာယ်ပေါ့"

ပုဂ္ဂိုလ်ကြီးက ခဏနားပြီး ဆက်ပြောပြ၏။

"တရုတ်ပုံပြင်ထဲမှာတော့ The Fool နိမိတ်ပုံကို အရက်သောက်တတ်တဲ့ ကျိုက်ဆရာတော်နဲ့ ဖော်ပြထားတယ်၊ ဂရိပုံပြင်မှာတော့ အရက်နတ် Dionysus နဲ့ ကိုယ်စားပြုထားတယ် မောင်ရင်"

"ဟုတ်ကဲ့"

"အရူးဟာ Tarot ရဲ့ အဓိကဇာတ်ဆောင်ပဲ၊ တချို့က အမှတ်စဉ် (0)၊ တချို့က (၂၂)၊ တချို့ကတော့ အစီအစဉ်နံပါတ်ပေးမထားဘဲ Joker လို လိုရာမှာ သုံးနိုင်တယ်လို့ ဆိုထားတယ်၊ အခုတော့ အားလုံးက The Fool ကို (0) မှာပဲ ထားလိုက်တယ်၊ အရူးရဲ့သဘောတရားအတိုင်း





မဖြစ်နိုင်တဲ့အရာတွေကို အံ့သြသွားအောင် ထ,ထလုပ်တတ်တဲ့ သဘောတရားလည်း ကိန်းဝပ်နေတယ်၊ (၀) ဂဏန်းကလည်း အနောက်တိုင်းအယူအဆမှာ သေမင်းရဲ့သူလျှိုလို့ သတ်မှတ်ထားတယ်၊ ဘာပဲပြောပြော အရူးနိမိတ်ပုံပိုင်ရှင်တွေဟာ တစ်ခုခုကို အောင်မြင်ထူးချွန်ပိုင်ဆိုင်ပြီး တစ်ခုခုကို လက်လွှတ်ဆုံးရှုံးရလိမ့်မယ် မောင်ရင်"

ပုဂ္ဂိုလ်ကြီးရဲ့စကားကို နားထောင်နေရင်းနှင့် သူ ကြက်သီး တဖြန်းဖြန်း ထနေမိ၏။ ရင်ခုန်စိတ်လှုပ်ရှားမှုများလည်း ဖြစ်ပေါ်နေ၏။

"ဦးအတွက် နိမိတ်ပုံကလည်း The Fool ပါပဲ၊ မောင်ရင် သတိထားရမယ့်အချက်က အရူးနဲ့ကေရိဘုရင်မတို့ ပေါင်းဖက်မှာကို ကံကြမ္မာက ခွင့်ပြုမထားဘူးဆိုတာပဲ"

"ဗျာ"

သူ အံ့သြသွားရပြန်သည်။

"ဒါကြောင့် မောင်ရင်နဲ့ဦးဟာ ဆက်စပ်မှုရှိနေတယ်လို့ ပြောတာပေါ့၊ မောင်ရင်ပါဝင်ရမယ့် ပုံပြင်အတွက် စိတ်မပူပါနဲ့၊ ဘဝကို ရိုးရိုးရှင်းရှင်း ဖြတ်သန်းပါ၊ ကိုယ့်ကံကြမ္မာကို ကိုယ်လည်း ဘယ်တော့မှ ကြိုမဖတ်ပါနဲ့၊ မဖြစ်မနေ ဖတ်ခဲ့ရရင်လည်း ကံတရားကိုရှောင်လွှဲဖို့ မကြိုးစားပါနဲ့ မောင်ရင် ... ညင်ညင်သာသာ ရင်ဆိုင်ဖို့ကိုပဲ ကြိုးစားပါ၊ ဒီနေ့ဟာ မောင်ရင်လေးနဲ့ ဦးရဲ့ နောက်ဆုံးသင်ခန်းစာတွေ ပြီးဆုံးတဲ့နေ့ပါပဲ၊ လူသားတွေအတွက် အကျိုးရှိစွာသုံးပါ မောင်ရင်"

"ဟုတ်ကဲ့ ... စိတ်ချပါဦး၊ ဦးပြောခဲ့သလို ပုံပြင်ထဲကအဖြစ်မျိုး ကြုံခဲ့ရရင်လည်း ကျွန်တော် အကောင်းဆုံးပုံစံနဲ့ ရင်ဆိုင်ဖြေရှင်းပါ့မယ်ဦး"

ယိုပုဂ္ဂိုလ်ကြီးက ကျေနပ်စွာပြုံးပြီး နာရီကို တစ်ချက်ကြည့်လိုက်သည်။ ပြီး ...

"ဲဲ ဦးလည်း နောက်ကျနေပြီကွယ်၊ သွားစရာလေး ရှိသေးလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သွားမှာလဲ ဦး၊ ကျွန်တော် လိုက်ပို့ပေးမယ်လေ"

သူ သတိထားမိသလောက် ထိုပုဂ္ဂိုလ်ကြီးက အပြင်ကို သိပ်ထွက်လေ့ထွက်ထ မရှိပါ။ အခု ... သူ ဘယ်ကိုသွားချင်ရတာလဲ။

ထိုကြောင့်လည်း သူ မေးလိုက်မိခြင်း ဖြစ်၏။ ပုဂ္ဂိုလ်ကြီးရဲ့အဖြေကို ရုတ်တရက်ကြားရတော့ သူ နားမလည်နိုင် ဖြစ်သွားသည်။

"လိုက်ပို့မနေပါနဲ့ မောင်ရင်၊ ဦး လွတ်လွတ်လပ်လပ် တစ်ယောက်တည်း သွားချင်လို့ပါ၊ လမ်းမှာ ပန်းစည်းလည်း ဝင်ယူရဦးမှာလေ"

"ဘာအတွက်လဲ၊ ဘုရားတက်ဖို့လား"

သူ့အမေးကို ပုဂ္ဂိုလ်ကြီးက လျှို့ဝှက်စွာ ထရင်း ပြောလိုက်၏။

"မဟုတ်ပါဘူး။ သင်္ချိုင်းကို သွားဖို့ပါ"

"သင်္ချိုင်း"

သူ တစ်ခုခုကို တွေးတောသဘောပေါက်မိသွားပြီး နံရံက ပြက္ခဒိန်ကို ကြည့်လိုက်မိ၏။

"ဟင်"

FRI - 13

"သောကြာ 13-ရက်၊ ပြဿဒါး၊ ဟာ ... ဒါဆို ဦးက"

စကားမဆုံးခင် ပုဂ္ဂိုလ်ကြီးက ဖြတ်ပြောလိုက်သည်။

"ဒီနေ့ဟာ ပုံပြင်ထဲက ကောင်မလေးဆုံးတာ (31) နှစ် ပြည့်တဲ့နေ့ မောင်ရင်"

သူ အံ့ဩမှင်တက်နေမိပြီး ခေါင်းထဲမှာ အကြောင်းအရာများ ပြေးလွှားရှုပ်တိုက်သွားကြသည်။





Tarot...

သစ်ကို ...

ကေရီ ...

ပုံပြင် ...

ပုဂ္ဂိုလ်ကြီး ...

သင်္ချိုင်း ...

Fri - 13...။ ။

ပုဂ္ဂိုလ်ကြီးက သူ မှင်တက်နေစဉ်မှာ အိမ်အဝသို့ပင် ရောက်နေပြီဖြစ်သည်။ သူက သိပ်သိချင်သွားသော မေးခွန်းတစ်ခုအတွက် မေး... နှုတ်ခမ်းဟလိုက်စဉ် တစ်စုံတစ်ရာမြင်ကွင်းကြောင့် မမေးဖြစ်လိုက်။ အဖြေ... တစ်ခုက အရာအားလုံးကို ရှင်းလင်းအောင် ပြသခဲ့ပြီမဟုတ်လား။

အစကတည်းက ထိုအရာကို သတိမထားခဲ့မိတာကတော့ သူ၏ မဟာညံ့ဖျင်းမှုဟု ဆိုကြပါတော့။ လှမ်းထွက်သွားသော ပုဂ္ဂိုလ်ကြီး၏ ညာ... ဘက်ခြေထောက်သည် အတုကြီးဖြစ်နေသည်ကို သူ အခုမှ ကွက်ကွက် ကွင်းကွင်း မြင်သိခွင့်ရလိုက်သည် မဟုတ်ပါလား။

■

ဇာတ်လမ်းတစ်ပုဒ်ပြီးဆုံးသွားတဲ့အခါ
နောက်ထပ်ဇာတ်လမ်းတစ်ပုဒ်က အစပျိုးဖို့အတွက်
အဆင်သင့်ဖြစ်နေစမြဲပါပဲ...။ ။

လေးစားကြိုးစားလျက်မှ...

မင်းတါးခေတ်

E-Mail - mintokirl11@gmail.com

(22.5.2012 - AM: 3:45)

www.burmeseclassic.com